www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဝေမှူးသွင်

# ဿဳမေယာရှင်ဗုဏ်တော်စာ

(လုံးချင်းဝတ္ထုသစ်)

ပင်လယ်ကြယ်စာပေမှ စီစဉ်သည်။

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ⁕ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- ⁕ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ⁕ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်နိုင်ငံများအား ဆန့်ကျင်ကြ။
- ⁕ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ⁕ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ⁕ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ⁕ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ⁕ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ⁕ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ⁕ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ⁕ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ⁕ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ⁕ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ⁕ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ⁕ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ⁕ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

**ရန်ကုန်ဖြန့်ချိရေး**

ကျော်သိန်းစာပေ

အမှတ် (၂၂၅/၂၃၃)၊ ၃၂ လမ်း (အလယ်)

ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**နယ်ဖြန့်ချိရေး**

ရွှေပဒေသာစာပေ

အမှတ် – ၂၁၆၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – (ဆိုင်) ၃၇၈၅၁၂၊ (အိမ်) ၂၀၁၆၃၁

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ◆ | ၁၁၆၉/၂၀၀၂ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ◆ | ၉၆/၂၀၀၃ (၁) |
| ပုံနှိပ်ခြင်း | ◆ | ပထမ အကြိမ် |
| စာအုပ်ရေ | ◆ | (၅၀၀) အုပ် |
| ထုတ်ဝေသည့်ကာလ | ◆ | ၂၀၀၃ ခု၊ ဖေဖော်ဝါရီလ |
| မျက်နှာဖုံးဖလင် | ◆ | စတား (Star) |
| အတွင်းဖလင် | ◆ | ရဲငွေး |
| မျက်နှာဖုံးပန်းချီ | ◆ | ကိုကိုနိုင် |

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

◆

ဦးကျော်မိုးစိန် (အောင်သာအော့ဖ်ဆက်) (၀၃၁၃၇)

အမှတ် –၁၇၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

◆

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ) (၀၁၆၉၂)

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

**တန်ဖိုး** ◆ ၆၅၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

**စာရေးသူ၏ ထုတ်ဝေပြီး စာအုပ်များ –**

(၁) လဆွဲအားနဲ့ မိန်းမ (ဝတ္ထုလတ်များ)
(၂) အဆင့်မြင့်ချည်တိုင် (လုံးချင်း)
(၃) အနေးသွားလွန်းပျံယာဉ် (လုံးချင်း)
(၄) စိတ်ကောက်နတ်သမီး (လုံးချင်း)
(၅) လေလုံဇကော (ကဗျာရှည်)
(၆) အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ (လုံးချင်း)

**ယခု**

(၇) သံယောဇဉ်ဖတ်စာ (လုံးချင်း)

**ဆက်လက်၍ –**

(၈) သစ်ရွက်တို့၏ ပေါ့ဆခြင်းများ (ကဗျာရှည်)
(၉) စက္ကူပန်းတွေရဲ့ သီချင်း (လုံးချင်း)
(၁၀) ဝတ်မှုန်ကူးတဲ့ကြယ် (လုံးချင်း)
(၁၁) ဗလာကောင်ရေးတဲ့ ဗလာအကြောင်းများ (ဝတ္ထုတိုများ)
(၁၂) ကျူးပစ်ကိုယ်တိုင်မသိခဲ့တဲ့ မြားအကြောင်း (လုံးချင်း)
(၁၃) အပျင်းဖြေ ဒိုရေမီဖာ (ကဗျာများ)
(၁၄) အဆောင်သူအတွက် ... (ဝတ္ထုတိုများ)
(၁၅) ချစ်သူပြောတဲ့ တနင်္ဂနွေပုံပြင် (လုံးချင်း)

www.burmeseclassic.com

www.burmeseclassic.com

**စာဖတ်သူသို့ . . .**

ဒီဝတ္ထုကို ကျွန်တော်က အတွေးစ နှစ်ခု၊ သုံးခုကို အခြေခံပြီး ရေးဖြစ်ခဲ့တာပါ။ ဘယ်သူ့ကိုမှ မရည်ရွယ်သလို ဘာခံစားမှုကိုမှလည်း ကိုယ်စားမပြုပါဘူး။

ကျွန်တော့် လေးနက်မှုမှန်သမျှကို အပေါ့ပါးဆုံးဖြစ်အောင် ကြိုးစားထားပါတယ်။ ပျော်ရွှင်စရာ ဖြတ်သန်းမှုအဖြစ် ဝါကျတွေကို ကျွန်တော် တည်ဆောက်မိပါရဲ့။

သူငယ်ချင်းအချို့ကိုလည်း ဒီဝတ္ထုအတွက်ကျေးဇူးတင်ပါတယ်။

ပြောချင်တာတစ်ခုက ဝတ္ထုကို ဖတ်ပြီးတဲ့အခါ မသိသူက မသိသလို၊ သိသူက သိသလိုနေပေးဖို့ပါပဲ။

**ဝေမှူးသွင်**

www.burmeseclassic.com

www.burmeseclassic.com

# ဝေမှူးသွင်

## သံယောဇဉ်ဖတ်စာ

(လုံးချင်း ဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၁)

သစ်ရွက်အချို့ လေထဲတွင် စွေစောင်းပျံဝဲ၍ ကျသွား၏။ ကျွန်တော်သည် ပထမဆုံးကျောင်းတက်ရက်မို့ အသိတစ်ယောက်တလေကို တွေ့လိုတွေ့ငြား ရှာကြည့်မိသေးသည်။ မတွေ့။

ဒဂုံတက္ကသိုလ်၏ မိန်းလမ်းမကြီးတစ်လျှောက် တက်ကြွပျော်ရွှင်နေသော ကျောင်းသားကျောင်းသူများကို လျှောက်ငေးကြည့်ကာ ခပ်ဖြေးဖြေးပင် ကျွန်တော်က လမ်းလျှောက်လာမိသည်။ စာသင်ဆောင်များသို့ ကွေ့ဝင်သွားရသော လမ်းသွယ်လေးများထိပ်တွင် လမ်းညွှန်ဆိုင်းဘုတ် အစိမ်းရောင်လေးများကို မြင်ရသည်။

ကျောင်းတွေဖွင့်တာ ရက် (၂၀)မျှ ရှိပြီဖြစ်သော်လည်း ကျွန်တော်က ဒီနေ့မှ တရားဝင် ကျောင်းစတက်ခွင့်ရခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်တက္ကသိုလ်မှ ကျောင်းပြောင်းပုံစံက လွှန်ခဲ့သော နှစ်ရက်ကမှ ဒဂုံတက္ကသိုလ်သို့ ရောက်သည်။ ဒါကြောင့် ကျွန်တော်က ပြီးခဲ့တဲ့ နှစ်ရက်အတွင်း ကျောင်းပြန်အပ်ဖို့၊ ကျောင်းသားကဒ်လုပ်ဖို့၊ မြို့နယ် ပညာရေးမှူးရုံးမှာ လက်မှတ်ထိုးဖို့ . . .စသဖြင့် အလုပ်ရှုပ်နေခဲ့၏။ ထိုရက်များအတွင်း ဒဂုံတက္ကသိုလ်ကို ရောက်သော်လည်း ကျောင်း သားရေးရာအခန်းနှင့် မော်ကွန်းထိန်းခန်းသာ ကျွန်တော် သိခဲ့သည်။

အခုမှပင် ပထမဆုံး ကျောင်းစတက်သောရက်အဖြစ် ကိုယ့် မေဂျာဌာနနှင့် စာသင်ရမည့် အခန်းကိုရှာရင်း ဟိုဟိုသည်သည် ကျွန်တော်က လျှောက်ကြည့်နေမိ၏။

လှလှပပ ဝတ်စားထားကြပြီး ကိုယ်ပိုင်ကားနှင့် ကျောင်းတက် သော ကျောင်းသူအုပ်စုက သူမတို့ဘာသာ နှောက်ပြောင်ရယ်မောနေ ကြသည်။

ကျွန်တော်က လမ်းလျှောက်ရင်းမှ အဆောင် (၇)၊ ဒဿနိက ဗေဒဆိုသည့် နာမည်ကို လမ်းညွှန်ဆိုင်းဘုတ်များတွင် လိုက်ရှာနေ မိသည်။ ထိုလမ်းညွှန်ဆိုင်းဘုတ် သုံးခုမြောက်ကို ဖတ်ကြည့်မိချိန် တွင်တော့ ကျွန်တော့်ဆန္ဒများ ပြည့်ဝသွားပါသည်။

ဟော . . . တွေ့ပြီ။

ကျွန်တော်သည် ထိုလမ်းသွယ်လေးထဲသို့ ကွေ့ဝင်လိုက်၏။ ဇွန်လ၏ မိုးရနံ့ပါသော နံဆတ်သည့် လေအေးအေးက ကျွန်တော် မျက်နှာကို ဖြတ်၍တိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်တော့ ကျွန်တော် စိုးရိမ်လိုက်မိသည်မှာ မိုးတွေ ရွာကျလာမှာကိုဖြစ်သည်။တော်တော်ရှည်နေပြီဖြစ်သည့်ကျွန်တော့် ဆံပင်များကို ဒီနေ့မှ ကျွန်တော်က ခေါင်းလျှော်ထားခြင်းကြောင့် ဖြစ်ပါ၏။ ထီးကလည်း ပါမလာချေ။မိုးဖွဲ့ဖွဲ့လေးမိလျှင်ပင် ဒီဆံပင် ရှည်ကြီးနှင့် ကျွန်တော်က သန်းဥစွဲမှာ စိုးရိမ်ရလေသည်။

ခပ်သွက်သွက်ပင် ခြေလှမ်းများကို လှမ်းလျက် အဆောက် အအုံတစ်ခုဆီသို့ ရောက်အောင် ကျွန်တော် လျှောက်သွားမိသည်။ နာရီကို ကြည့်မိတော့ ရှစ်နာရီသုံးဆယ့်ငါးမိနစ်သာ ရှိသေးသည်။

သမိုင်းဌာနကို ပထမဦးစွာ ရောက်၏။ ထိုမှ ကော်ရစ်တာ တစ်ခုကို ထပ်ချိုးဝင်လိုက်လျှင် ဒဿနိကဗေဒဌာနကို ရောက်ပြီ။ မြေပုံအညွှန်းအရ ဒီအတိုင်းပဲ ဖြစ်သည်။

ဒဿနိကဗေဒဌာနသည် အခန်းတံခါးများပင် မဖွင့်ရသေး။ သမိုင်းဘက်မှာတော့ တချို့အခန်းတွေ ဖွင့်ထားကြပြီး လူတစ်ယောက်စ၊ နှစ်ယောက်စ ရောက်နေပုံရသည်။ ကျွန်တော်သည် ရုတ်တရက် ဘာလုပ်ရမည်မသိဘဲ လျှော်ပြီးခါစ ဆံပင်မွှမွှလေးတွေကို ကိုင်ကြည့် မိ၏။

ဟုတ်ပြီ . . .။ ငါ ကန်တင်းသွားထိုင်မှာပေါ့။

ထိုအကြံသည် ပထမဆုံး ဝင်လာသော အကြံဖြစ်သလို အကောင်းဆုံးအကြံတစ်ခုလည်းဖြစ်ပါသည်။ ဒဿနိကဗေဒအဆောင်

www.burmeseclassic.com

www.burmeseclassic.com



နှင့်သမိုင်းအဆောင် ထောင့်ချိုးရှိအပေါက်မှ ကန်တင်းဆီသို့သွားရန် ကျွန်တော်စဉ်းစားမိ၏။

အပေါက်ဝတွင် ရပ်၍ ကန်တင်းသို့သွားရန် လမ်းကို စဉ်းစားနေစဉ်မှာ ကျွန်တော် ခေါင်းပေါ်သို့ ဖက်ရွက်တစ်ရွက် ပြုတ်ကျလာသည်။ ဖက်ရွက်မှာ သစ်ပင်မှ ရိုးရိုးကြွေကျလာသော ဖက်ရွက်မဟုတ် . . . ။ ဖက်ရွက် အကြီးကြီး။

တို့ဟူးသုပ်၊ ကောက်ညှင်းပေါင်း၊ အသုပ်စုံ စသည်တို့ကို ပါဆယ်ဝယ်သူတို့အား ထုပ်ပေးရသော ဖက်ရွက်မျိုး။

ကျွန်တော် အလန့်တကြားနှင့် ခေါင်းပေါ်က ဖက်ရွက်ကြီးကို လက်နှင့် ဖယ်လိုက်၏။ ဖက်ရွက်ကြီးမှာ မြေကြီးပေါ်သို့ ကျသွားသည်။ ကျွန်တော် စိုးရိမ်မိသည့်အတိုင်း တို့ဟူးသုပ်ထုပ်ထားသော ဖက်ရွက်ကြီးဖြစ်နေ၏။

ဟာ . . . သွားပြီ။ ကျွန်တော့်ဆံပင်တွေကို လက်နှင့်ကိုင်ကြည့်မိတော့ ငံပြာရည်နံ့နှင့် တို့ဟူးဖတ်အနည်းငယ်တို့ကို ခံစားရသည်။

ဒီဆံပင်ရှည်ကြီးမှာ ငံပြာရည်နံ့တွေ စွဲနေလျှင် ကျွန်တော် တစ်နေ့လုံး ကျောင်းထဲတွင် ဘယ်လိုမှ နေနိုင်လိမ့်မည်မဟုတ် ...။ ဒီဖက်ရွက်ကြီးက ဘယ်လိုလုပ် ငါ့ခေါင်းပေါ်ကျလာရတာလဲ။

ဒေါသနှင့် ကျွန်တော်သည် အပေါ်သို့ မော့ကြည့်လိုက်မိသည်။ သမိုင်းဌာနအပေါ်ထပ် ကော်ရစ်ဒါမှ မျက်လုံးဝိုင်းစက်စက် တစ်စုံက ကျွန်တော်ရှိရာသို့ စိုးရိမ်တကြီး ငုံ့ကြည့်နေတာမြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . ဒင်းလက်ချက်ကိုး။

စိတ်ထဲတွင်လည်း ဒေါသနည်းနည်းထွက်သွား၏။ လမ်းဘေးစာတွေကို ကြိုက်တတ်သည်မှာ မိန်းကလေးအများစု၏ သဘာဝဖြစ်သော်လည်း စည်းကမ်းမရှိတာကိုတော့ ကျွန်တော် မကြိုက်ပါ။

ပြီးတော့လျှော်ထားပြီးကာစ ဆံပင်ရှည်ပေါ်မှ ဒီဖက်ရွက်ကြီး ပြုတ်ကျလာရတယ်လို့ . . . ။ ဒီခေတ်မှာ ကြွပ်ကြွပ်အိတ်တွေ ဒီလောက်ပေါရက်နဲ့ သူမို့ ဒီလိုဖက်စုတ်နဲ့ရောင်းတဲ့ တို့ဟူးသုပ်ကို ရွေးဝယ်လာတယ်။ ရည်းစားက ပစ်သွားလို့ အသည်းကွဲပါစေ။

ကျွန်တော် စိတ်ထဲရှိသလို ကျိန်ဆဲလိုက်ပြီး အပေါ်ထပ်ကို တက်ကာ ပြဿနာရှာရင် ကောင်းမလားဟု တွေးမိ၏။ သို့သော် ဒါတမင်လုပ်တာမဟုတ်ဟုတော့ သိနေသည်။

တမင်လုပ်မည်ဆိုလျှင်ပင် ခေါင်းပေါ်သို့ ဖက်ရွက်ကို တည့်တည့်ကျအောင် လုပ်ဖို့မလွယ် . . .။ ဟူး . . .သွားအပြစ်တင်ဖို့လည်း ခက်လှပါလား။ အို . . . ဘာပဲဖြစ်ဖြစ် သူစည်းမရှိ၊ ကမ်းမရှိ လွှင့်ပစ်လိုက်လို့ ဖြစ်ရတာပဲ။

အတွေးများနှင့် ကျွန်တော် တစ်ယောက်ထဲ ရှုပ်ယှက်ခတ်နေစဉ် အပေါ်ထပ်လှေကားထောင့်ချိုးမှ ကောင်မလေးတစ်ယောက် ဘွားခနဲ ပေါ်လာသည်။

စောစောတုန်းက ဖျတ်ခနဲမြင်လိုက်ရသော မျက်လုံးများတွင် မျက်ခုံးနက်နက်၊ တန်းတန်းလေးကိုပါ ကျွန်တော် ထပ်၍ သတိထား

www.burmeseclassic.com

www.burmeseclassic.com



မိသည်။ အနက်ရောင်စကပ်အရှည်ကြီးကို ဝတ်ထားသော သူမသည် အောက်ဆုံးလှေကားထစ်သို့မရောက်မီမှာပင်ကျွန်တော်ကို ပြုံးပြ၏။

ဟန်ဆောင်မှု ကင်းစင်လွန်းသော်လည်း ကျွန်တော်က သူမအား အပြစ်တင်ချင်သည့်ပုံစံနှင့် ခပ်တည်တည်ဖြစ်ပါသည်။

"သူ့ခေါင်းပေါ်မှ တည့်တည့်ကျသွားရတယ်လို့ . . . ဆောရီးနော်"

"မင်းဆောရီးက ဘာမှလုပ်လို့မရဘူး၊ အခု ငါ့ခေါင်းမှာ တို့ဟူးဖတ်တွေရော...ငံပြာရည်နံ့တွေရော ဘယ်လိုလုပ်ဒီပုံစံနဲ့ စာသင်ရမလဲ"

သူမသည် ကျွန်တော်၏ အပြစ်တင်စကားကို သိပ်ဖြုံမည့်ပုံ မပေါ်ပါ။ ပခုံးကျော်ကျော်ခန့်ရှိသော သူမ၏ ဆံပင်များကို ဖွာခနဲ တစ်ချက်သိမ်းလိုက်သေး၏။

"သူ့ကို တို့ အကြံတစ်ခုပေးမယ်၊ ဩော် ... သူ ဒီနေ့ ပထမဆုံး စာသင်ချိန်နှစ်ချိန်လောက် ဖျက်ပစ်နိုင်ပါ့မလား"

"အခု မနက်ပိုင်းမှာ စာသင်ချိန်က နှစ်ချိန်ပဲရှိတာ . . . အဲဒီနှစ်ချိန် ဖျက်လိုက်တော့ ဘယ်အချိန် ဘာစာကို သွားသင်ရမှာလဲ"

"နေ့လယ်မှသင်ပေါ့"

"အမ်"

ကျွန်တော်က ဘာပြန်ပြောရင် ကောင်းမလဲဟု စဉ်းစားနေဆဲ သူမကခပ်တည်တည်နှင့် လက်ပိုက်ကာကျွန်တော့်အားကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ စဉ်းစားမရသည့်အဆုံး ကျွန်တော်သည် သူမဆန္ဒကို သဘောတူလိုက်ပါသည်။

“ကောင်းပြီလေ …ငါဒီနေ့ပထမဆုံးနှစ်ချိန်ကို အတန်းဖျက်ပေးလိုက်မယ်၊ မင်းက ငါ့ခေါင်းကို ဘယ်လိုလုပ်ပေးမှာလဲ”

“ဗြူတီဆလွန်းတစ်ခုမှာ ခေါင်းလိုက်လျှော်ပေးမှာပေါ့ကွ… လာ. . .တို့အတန်းကို ခဏလိုက်ခဲ့၊ တို့ကျောပိုးအိတ်သွားယူလိုက်ဦးမယ်”

ပြောပြောဆိုဆိုနှင့် သူမက လှေကားပေါ်တက်သွား၏။ ကျွန်တော်က အူကြောင်ကြောင်နှင့် သူမ အခန်းဆီသို့ ပါလာသည်။

သူမက ဒါဆို သမိုင်းကျောင်းသူတစ်ယောက်ပေါ့။

ကျွန်တော့် အတွေးမဆုံးခင်ဘဲသူမဟာ အခန်းထဲကသူငယ်ချင်းတစ်ယောက်ကို ကိုယ်စားလက်မှတ်ထိုးပေးထားဖို့ အော်ဟစ်မှာကြားရင်း ထွက်လာ၏။

လမ်းမှာ ကျွန်တော်က စဉ်းစားမိသော အချက်တစ်ချက်ကို မေးရသည်။

“မင်းကရော အတန်းမရှိဘူးလား”

“ရှိတာပေါ့ . . . မရှိဘဲနေမလား၊ အခုဟာ တာဝန်ရှိလို့”

သူမ၏ စကားကြောင့် ကျွန်တော်က နောက်ချင်လာသည်။

“ဘယ်သူက ပေးထားတဲ့ တာဝန်လဲ”

“ကိုယ့်ဘာသာကိုယ် ပေးထားတာပေါ့။ လူဆိုတာ ကိုယ့်လုပ်ရပ်ကို ကိုယ်တာဝန်ယူရဲရတယ်”

www.burmeseclassic.com

www.burmeseclassic.com



သူမစကားကို ကျွန်တော်နည်းနည်းဖြုံသွားပါသည်။ ဘာမှ ထပ်မပြောဖြစ်ကြတော့ဘဲ ကျွန်တော်က သူမ ဦးဆောင်ရာနောက်သို့ လိုက်ခဲ့၏။ သူမက ကားတွေ Parking ထိုးရသော နေရာဆီသို့ ခေါ်လာသည်။

ပြီးတော့ သူမက အဖြူရောင်ဆူပါရူ့ဖ်တစ်စီးပေါ်တံခါးဖွင့်ကာ တက်သွားသည်။ ကျွန်တော် ဝင်ထိုင်ဖို့ပင် Lock ဖွင့်ပေးလိုက်သေး၏။

ပထမတော့ မိန်းမတစ်ယောက်မောင်းသည့်ကားကို စီးရမှာ ကျွန်တော်က စိတ်မသန့်ဖြစ်နေသည်။ ကျွန်တော် မောင်းရမလားဟု မေးရမှာကလည်း မသင့်လျော်ပြန်။ သူမနှင့် ကျွန်တော် သိကျွမ်းသည်က အခုမှ နာရီဝက်ပင် မပြည့်သေးဘူး မဟုတ်လား။

ထိုစဉ်မှာပင် သူမက ကားကို ကျင်လည်စွာ မောင်းထွက်သွားတော့သည်။ ဒဂုံတက္ကသိုလ်ဝင်းအပြင်သို့ ကားရောက်တော့ သူမက ကက်ဆက်ကို ခပ်တိုးတိုးဖွင့်၏။ ကျွန်တော် သိပ်မကြိုက်သော (Celine Dion) ဆလင်းဒီယွန်၏အသံက ကားထဲတွင် ပျံ့လွင့်လာသည်။

"သူ့နာမည် ဘယ်လိုခေါ်သလဲဟင်"

ရုတ်တရက် ဂီတသံမှလွဲ၍ တိတ်ဆိတ်နေသော လူနှစ်ယောက်ကြားသို့ သူမ၏မေးခွန်းက ဝင်လာပါသည်။

"ဥက္ကာ . . ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အလိုက်သင့်ပြန်ဖြေကာ ပါးလှပ်လှသော သူမ၏ နှုတ်ခမ်းသားများကို ခိုးကြည့်လိုက်မိ၏။ မျက်လုံးတွေကလည်း အညိုရောင်ပြေးနေသည်။

"သူ့နာမည်နဲ့ သူနဲ့က လိုက်တယ်သိလား . . . ဒါနဲ့ ဥက္ကာက ဘာမေဂျာလဲ၊ ဘယ် Year လဲ"

သူမ စပ်စုတတ်ပုံကြောင့် ကျွန်တော်က ခပ်မဲ့မဲ့ တစ်ချက်ပြုံးဖြစ်သွားသည်။

"First Year ၊ ဖလော်ဆိုဖီ"

"ဒါဆို တို့နဲ့ ဥက္ကာနဲ့က အတန်းတူတူပဲပေါ့။ တို့လည်း First Year ပဲ . . . သမိုင်းကလေ၊ နာမည်က ခင်မေကျော်တဲ့"

"အတန်းတူပေမယ့် အသက်တော့ တူမှာမဟုတ်ဘူး။ ငါက မနှစ်တုန်းက First Year ကျလို့"

"စာမေးပွဲကျတယ်"

အံ့ဩသွားသော သူမ၏ မျက်နှာပေးကို ကျွန်တော် ဘယ်လိုမှ မမေ့နိုင်ပါ။

"ဟုတ်တယ် . . . မနှစ်တုန်းကပုသိမ်မှာလေ။ အခုနှစ်မှ အကျနဲ့ပဲ ကျောင်းပြောင်းလာတာ"

"ဘာဖြစ်လို့ ကျရတာလဲ၊ စာမရဘူးလား"

"မဟုတ်ဘူး။ သွားကို မဖြေဖြစ်တာ . . . ခရီးလွန်နေလို့"

"ဩော်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သူမက ကားကို လမ်းချိုးတစ်ခုသို့ သပ်ရပ်စွာ ကွေ့ဝင်လိုက်ပါသည်။

"မင်းဖြူတီဆလွန်းက ဘယ်မှာလဲ၊ ဒဂုံတောင်ဆုံးတော့မယ် မရောက်သေးဘူးလား"

"ရန်ကင်းမှာကွ၊ အဲဒီဆိုင်က လျှော်နေကျလေ . . . ဒါနဲ့နေပါဦး . . . ဉက္ကာက ကျောင်းကို ဘာနဲ့လာတာလဲ"

"ကျောင်းကားနဲ့ပေါ့ဗျ။ မင်းတို့လို ကိုယ်ပိုင်ကားမှ မစီးနိုင်ဘဲ၊ ကဲ . . . ဘာထပ်ပြီး စပ်စုချင်သေးလဲ"

ကျွန်တော့်စကားကြောင့် သူမက ဟက်ခနဲ တစ်ချက်ရယ်သည်။ ပြီးတော့ ပြော၏။

"အဟဲ. . .မထူးပါဘူး၊ မေးစရာရှိတာ အားလုံးမေးလိုက်တော့မယ်၊ ဘယ်မှာနေသလဲ . . . မောင်နှမရော ဘယ်နှစ်ယောက်ရှိသလဲ"

"လှိုင်မှာနေတယ်. . .မောင်နှမ မရှိဘူး၊ တစ်ယောက်ထဲပဲ... မိဘတွေက ဝန်ထမ်းတွေလေ၊အခုမှ ပုသိမ်ကရန်ကုန်ကို ပြောင်းလာတာ"

ရယ်စရာ မပါသော်လည်း သူမက ခပ်ဖွဖွ တစ်ချက်ရယ်၏။ ထိုအချိန်အတွင်းမှာ ကားကိုလည်း ပို၍ အရှိန်မြှင့်လိုက်သေးသည်။

"ဉက္ကာလို့ပဲ ခေါ်မယ်နော်. . . တို့က သူ့ထက်ငယ်ပေမယ့် အဲဒီလိုပဲ ခေါ်ချင်တယ်။ သူငယ်ချင်းတွေဖြစ်သွားကြပြီးပဲ...ရတယ် မဟုတ်လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ခင်မေကျော် ဆိုသော အံ့သြစရာ ကောင်မလေးက အခုလိုကျ တော့လည်း သာမန်ကောင်မလေးတစ်ယောက်အတိုင်းပါပဲလား။

"ရတယ် . . . ခေါ်ပေါ့ ကျော်ရဲ့"

ဘယ်လိုက ဘယ်လို သူမနာမည်ကို ကျော်ဟု တစ်လုံးတည်း ထွက်သွားမှန်းမသိ။ကျွန်တော့်စကားအဆုံးတွင်သူမသည်ကားအရှိန် ကို သိသိသာသာ လျှော့ချပစ်လိုက်သည်။

"ဘယ်လို . . . ဘယ်လို . . . ကျော် . . . ဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်ပြတော့ သူမက ကျေနပ်စွာ ပြုံး၏။ ကျွန်တော်တို့၏ကားသည် တဖြေးဖြေးနှင့် ရန်ကင်းထဲသို့ရောက်လာ သည်။ ရန်ကင်းဖက်ကို ကျွန်တော်မကျွမ်းသဖြင့် လမ်းနာမည်တွေ ဘာတွေ မသိ။

ကျော်သည် လမ်းသွယ်တစ်ခုထဲသို့ ကားကို ကွေ့ဝင်လိုက် ၏။နောက်. ..တိုက်ခန်းတွေအများကြီးရှိသောခြောက်ထပ်အဆောက် အဦးတစ်ခုရှေ့တွင် ကားကိုရပ်သည်။

"ဒီမှာလေ . . . Sunn Beauty Salon တဲ့"

သူမ ညွှန်ပြရာကို ကြည့်လိုက်တော့ သုံးထပ်ဝရန်တာတွင် ဖြူတီဆလွန်း၏ ဆိုင်းဘုတ်ကို မြင်ရသည်။

"လာ. . .ဥက္ကာ. . . ဒီကနေတက်ရမှာ"

ကြည့်ရတာ ကျော်သည် နေရာတကာ ဆရာလုပ်ချင်သူဟု ကျွန်တော့်စိတ်ထဲတွင် အကြမ်းအားဖြင့် ခန့်မှန်းမိပါသည်။ ဖြူတီဆလွန်း

www.burmeseclassic.com

www.burmeseclassic.com

ရှိသောအခန်းသည် သိပ်မမြင့်သောကြောင့် ကျွန်တော်ထင်သလောက် မမောပါ။ ထိုနေရာတွင် Air Con: ကိုလည်း (၂၄) နာရီ ဖွင့်ထားပုံပေါက်သည်။ စိမ့်ပြီး အေးနေ၏။

"မသက်ရေ . . . ဒီမှာ ခေါင်းလျှော်မယ်"

ဆိုင်ထဲတွင် တခြားကောင်မလေးတွေရှိနေသော်လည်း ကျော်က အတွင်းခန်းရှိ မသက် ဆိုသူကို လှမ်းအော်ခေါ်နေ၏။ ခဏကြာတော့ မသက်က ထွက်လာသည်။

"ဒီမှာလေ မသက် . . . ကျွန်မ သူငယ်ချင်း ဥက္ကာတဲ့။ ကျောင်းကပဲ . . . သူ့ခေါင်းလျှော်ချင်လို့"

မသက်က ကျွန်တော့်ကို ပြုံးပြ၏။ မသက်သည် ကျော်နှင့် ကျွန်တော်တို့၏ ဆက်ဆံရေးကို စပ်စုချင်နေသည်ဟု ကျွန်တော် ခံစားရသည်။

"မောင်လေး . . . လာ ဒီပေါ်မှာ အိပ်လိုက်"

ခေါင်းလျှော်ရန် ကုတင်ကို ကျွန်တော့်အား မသက်က ညွှန်ပြရင်း ပြောသည်။ ထိုကုတင်နှင့် မနီးမဝေးမှာ ကျော်က ထိုင်၍ ခပ်ရဲရဲပင် ကျွန်တော့်ကို ကြည့်ပါ၏။

ကျွန်တော်သည် သူစိမ်းမိန်းမတစ်ယောက်၏ ခေါင်းလျှော်ပေးခြင်းကို ပထမဆုံးခံရခြင်းဖြစ်သလို ကိုယ် ခေါင်းလျှော်နေတာကို နောက်ထပ် သူစိမ်းမိန်းမတစ်ယောက်၏ ပထမဆုံး အကြည့်ခံရခြင်းလည်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလျှော်ဖို့ အားလုံး အဆင်သင့်ဖြစ်သောအခါ ကျွန်တော်သည် တစ်ခုကို စိုးရိမ်တကြီး သတိရသွား၏။

"နေဦး . . . နေဦး ၊ အခု ကျွန်တော့်ကို ဘာခေါင်းလျှော်ရည်နဲ့ လျှော်မှာလဲ"

"L'OREAL နဲ့ပါမောင်လေးရဲ့၊ အစ်မတို့ဆိုင်က အကောင်းစားပဲသုံးတာ"

"ဟာ . . . မဖြစ်ဘူး၊ ကျွန်တော်က Ginvera ပဲ သုံးနေကျ၊ ဒီပြင် ခေါင်းလျှော်ရည်တွေနဲ့ဆို မဖြစ်ဘူး"

"ခက်တာပဲ၊ အစ်မတို့ဆိုင်မှာက L'OREAL တစ်မျိုးပဲထားတာ"

"ဒါဆို ဘယ်လိုလုပ်မလဲ"

ကျွန်တော်နှင့် မသက်တို့၏ ညှိနှိုင်းမရသော အခြေအနေတွင် ကျော့်ဆီမှ စကားသံတို့က ထွက်လာ၏။

"ဒီမှာ . . . မသက်ရော ဥက္ကာရော ခဏလောက်စောင့်၊ ကျွန်မ ဒီအနားမှာ Ginvera သွားရှာပေးမယ်။ ဝယ်လို့ရမှာပါ။ ဗူးမရရင်တောင် အထုပ်လေးတွေတော့ ရှိမှာပဲ။ ဥက္ကာ ခဏလေးပဲနော်"

မသက်က မျက်နှာကိုမဲ့ရင်း ကျော့်ကို ပြန်ပြော၏။

"စိတ်ချပါနော် . . . ရှင့်လူကို မဲ့တစ်ပေါက် မစွန်းစေရပါဘူး။ ကျွန်မ စောင့်ရှောက်ထားလိုက်ပါ့မယ်"

မသက်စကားကြောင့် ကျွန်တော့်မျက်နှာမှာ နွေးခနဲ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမကို အားနာစွာ တစ်ချက်လှမ်းကြည့်မိသည်။ ကျော်သည် ဘာမှမဖြစ်သည့်ပုံစံဖြင့် မသက်ကို ဟားတိုက်၍ အော်ရယ်သည်။ ပြီးတော့ မသက်ကိုပင် ပြန်နောက်လိုက်သေး၏။

“တစ်ခုခု ဖြစ်လို့ကတော့နော် မသက် . . . သိတယ်မှတ်လား”

ကျွန်တော့်ကို တစ်ချက်လေးတောင် ဂရုမစိုက်ဘဲ မသက်နှင့် ကျော်သည် ပြောရင်ချင်ရာကို အပြန်အလှန်လျှောက်ပြောသွားကြပြီး ကျော်က အောက်ထပ်သို့ ပြေးဆင်းသွားသည်။

ကျော်သည် ခဏဟု ဆိုသော်လည်း မိနစ် (၂၀) ခန့်ကြာမှ ပြန်ရောက်လာသည်။ သူ့မလက်ထဲတွင် Ginveraခေါင်းလျှော်ရည် ထုပ်လေးသုံးထုပ်ကိုလည်း တွေ့ရ၏။မသက်ကကျော့်ကိုပြောသည်။

“အမလေး ဒေါ်ခင်မေကျော်ရယ် . . . ဒါလေး သွားဝယ်တာ လည်း ကြာပါ့”

“ဟုတ်တယ် မသက်ရေ ... လမ်းထိပ်လောက်မှာ ရှိမလားလို့ ကားယူမသွားတာ၊ တကယ်တမ်းကျတော့ တစ်မှတ်တိုင်စာလောက် လမ်းလျှောက်လိုက်ရတယ်”

ကျော့်စကားကြောင့် ကျွန်တော် အရမ်းအားနာမိသွားသည်။ ကျွန်တော် ခေါင်းလျှော်ဖို့ ကျော့်ခမျာ လမ်းတွေ အဝေးကြီးလျှောက် ခဲ့ရတာပေါ့။ ထိုအတွေးကြောင့် ကျွန်တော်သည် သူမကို တောင်းပန် သလို လှမ်းပြုံးပြလိုက်သည်။

“ကဲ . . . မောင်လေး ခေါင်းလျှော်မယ်”

www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် စောစောတုန်းက သူမ ထိုင်နေသော ခုံလေးမှာ ပင် ထိုင်၍ ကျွန်တော့်ကို ကြည့်နေ၏။ မသက်သည် ကျွန်တော်ကို ပဲ မေးသလို၊ ကျော့်ကိုပဲ မေးသလိုနှင့် အောက်ပါအတိုင်း ပြောလေ သည်။

"ခေါင်းက လျှော်ပြီးခါစပဲရှိသေးတာ ... ဘာဖြစ်လို့ ထပ်လာ လျှော်တာလဲဟင်"

ကျော်က ဘေးမှ ဝင်ဖြေ၏။

"တို့ဟူးသုပ် ထုပ်တဲ့ ဖက်ရွက်ကြီး သူ့ခေါင်းပေါ်တည့်တည့် ကျထားတာ မသက်ရဲ့၊ ကျွန်မလက်ချက်လေ ... ဟားဟားဟား"

ပြောပြီး သူမသည် ကိုယ့်စကားကိုယ် သဘောကျနေသေး၏။ မသက်က ခေါင်းလျှော်ရာတွင် အလွန်ကျွမ်းကျင်သူတစ်ယောက်ဖြစ်သည်။ သူ့လက်တွေက ဆံပင်တွေကို ကိုင်တွယ်ရာတွင် အမှားအယွင်းမရှိ၊ သေသပ်နိုင်နင်းသည်။

နောက် (၁၅) မိနစ်ခန့်ကြာသောအခါ ကျွန်တော်၏ ခေါင်း လျှော်ခြင်းအမှုကိစ္စမှာ ပြီးသွားပြီ။ ခေါင်းလျှော်ပြီးသွားတော့ ဆံပင် တွေကို Dryer နှင့် မှုတ်ရပြန်သည်။

ကျော်က ပြုံး၍ ထိုင်ကြည့်ကာ ကျွန်တော့်ကို လှမ်းပြောသည်။

"ဥက္ကာရဲ့ဆံပင်တွေက ပါးပါးလေးနော်၊ ပြီးတော့ . . . ပျော့ လည်းပျော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ခင်မေကျော်ရဲ့ . . . မိန်းမဆံပင်တွေ အတိုင်းပဲ"

မသက်စကားကြောင့် ရယ်သံတွေ ဆူညံသွားပြန်သည်။ သူမတို့နှစ်ယောက်တင်မဟုတ်ဘဲ မသက်တို့ဆိုင်ရှိ တခြားကောင်မလေးတွေကပါ လိုက်ရယ်ကြသောကြောင့် ဖြစ်သည်။

မိန်းကလေးများ ခက်လှပါလား။ ဘာမှရယ်စရာ မဟုတ်တာကိုအလကားလျှောက်ရယ်နေတယ်။ဒါသူတို့သဘာဝပဲထင်ပါရဲ့။

အားလုံးပြီးစီးသွားသောအခါ ကျော်က မသက်ဆီမှာ ကျသင့်ငွေကိုရှင်းသည်။ ကျွန်တော့်ဆံပင်တွေကို ကြည့်ရင်း သူမကသဘောကျနေဟန်တူ၏။ အောက်ပါအတိုင်း ကျွန်တော့်ကို ပြောလေသည်။

"ဥက္ကာ ဆံပင်တွေက တော်တော်လှတာပဲ။ တို့က မိန်းကလေးဆိုပေမယ့် သူ့လောက်တောင် ဆံပင်က မလှဘူး"

ကျွန်တော်က သူမစကားကို ရယ်ချင်သွားပေမယ့် မရယ်ဖြစ်ဘဲ ပြန်နောက်လိုက်မိသည်။

"ဒါကတော့ ရှေးဘဝကုသိုလ်ပေါ့လေ . . . အရင်ဘဝတုန်းက ကျော်က သူများဆံပင်တွေကို ပီကေနဲ့ လျှောက်ကပ်ဖူးသလားမှ မသိတာ"

ကျွန်တော် နောက်မှန်းသိတော့ ကျော် ရယ်၏။

"ဟုတ်မှာ ... ဟုတ်မှာ ... တို့က သူများလှနေရင် သိပ်မနာလိုဖြစ်တတ်တာ၊ အခုတောင် ဥက္ကာဆံပင်တွေကို ပီကေနဲ့ ခိုးကပ်မလို့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ မလုပ်နဲ့ဗျာ၊ တကယ်လုပ်မယ်ဆိုရင်တော့ ကျွန်တော်သိပ်စိတ်ဆိုးမှာပဲ။ ဒီဆံပင်လေးရဖို့ ကျွန်တော့်မှာမိဘတွေ အပါအဝင် တော်တော်များများကို အတိုက်အခံ လုပ်ထားတာ"

"သြော် . . . သြော်"

**Sunn Beauty Salon** မှအပြန်တွင် ကျော်က ကျွန်တော့်ကို မေးခွန်းတစ်ခု ထပ်မေးပါသည်။

"ဥက္ကာ ဆံပင်အတွက် အတိုက်အခံလုပ်ထားရတဲ့သူတွေ စာရင်းထဲမှာ ရည်းစားရောမပါဘူးလား"

ကြည့်စမ်း ... ဘယ်လောက်လှပတဲ့ စပ်စုမှုလဲ။ ဒါ ငါ့မှာရည်းစား ရှိ၊ မရှိ သိချင်တာကလွဲလို့ တခြားဘာဖြစ်ရဦးမှာလဲ။

ကျွန်တော် ပြုံးမိသွားသည်ထင်ပါသည်။

"ဘာပြုံးတာလဲ . . . မေးတာလဲ မဖြေဘူး"

"ဘာမှမဟုတ်ပါဘူး . . . ဒီလိုပါပဲ . . . ကျွန်တော့်ဆံပင်တွေအတွက် အတိုက်အခံလုပ်ခဲ့ရတဲ့သူတွေထဲမှာ ရည်းစားတော့ မပါဘူး ကျော်ရဲ့"

"သြော် ... ရှင့်ရည်းစားကတော့ ဒီဆံပင်ကို သဘောကျတယ်ပေါ့"

"ကျွန်တော် ရည်းစားဖြစ်ချင်နေတဲ့ကောင်မလေးကတော့ ဒီဆံပင်တွေကို သဘောကျနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ကျော့်မျက်နှာကချက်ချင်းတည်သွား၏။ ကျွန်တော့်ကိုလည်း မျက်စောင်းလှမ်းထိုးသည်။

"စကားကို ကောင်းကောင်းပြောနော်၊ တို့က စိတ်မရှည်ရင် ကားကို ငမိုးရိပ်ချောင်းထဲ ထိုးချပစ်လိုက်မှာ"

ထိုအခါ ကျွန်တော်က ကြောက်ရွံ့ဟန်ဖြင့် ပခုံးတွန့်ပြမိပါသည်။ ကျော်က ရယ်ရင်း ကျွန်တော်အမူအယာကို ကဲ့ရဲ့၏။

"မြန်မာကားထဲက မင်းသားတွေအတိုင်းပဲ . . ."

သူမစကားကြောင့် ကျွန်တော် တော်တော် ခံရခက်သွားပါသည်။ ဘာပြန်ပြောရမှန်းလည်း မသိ။

ဒီလိုနဲ့ပဲ ငြိမ်နေလိုက်ရလေသည်။

ထိုနေ့က ကျောင်းထဲပြန်ရောက်တော့ ကျွန်တော်က အတန်းသွားတက်သည်။ သူမက ကန်တင်းမှာ အတန်းလစ်သည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ရဲ့ပထမဆုံး ကျောင်းတက်ရက်မှာ ကျော့်ကြောင့် အမှတ်တရဖြစ်ခဲ့၏။ တချို့အမှတ်တရများသည် တစ်ဘဝစာဟု ကျွန်တော် မယုံကြည်ပါ။

ထို့ကြောင့်ပင် အမှတ်တရတိုင်းကို ကျွန်တော် ပေါ့ပေါ့ပါးပါး နေတတ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၂)

သူမနှင့် ကျွန်တော် ဒုတိယအကြိမ်ဆုံတော့ ကြည်နူးရိပ်ဆိုင်မှာဖြစ်ပါသည်။ ဖွန်လ၏ထုံးစံအတိုင်း မိုးကတစ်နေကုန်စွေနေ၏။ ထီးကိုင်ရမှာပျင်းတတ်သောကျွန်တော်တို့လို ကျောင်းသားမျိုးတွေကတော့ အတန်းထဲမှာဖြစ်ဖြစ်၊ ကန်တင်းမှာဖြစ်ဖြစ်၊ စာကြည့်တိုက်မှာဖြစ်ဖြစ် တစ်နေရာရာမှာ ငြိမ်ကုတ်ပြီး ထိုင်နေတတ်၏။

ကျွန်တော်တို့အုပ်စုကလည်း ဖလော်ကျောင်းသားများ ပီသစွာ ဟိုဟိုဒီဒီ တွေ့ကရာငြင်းခုန်နေကြသည်။ စားပွဲပေါ်တွင်လည်းမှာယူစားသောက်ထားသောလက်ဖက်ရည်ခွက်များ၊ ခေါက်ဆွဲကြော်ပွဲများ၊ ထမင်းဖြူပန်းကန်များနဲ့ ပြည့်နေပြီ။ ဒီကြားထဲ စားပွဲဝိုင်း၏အလယ်တွင်နေကြာစေ့ခွံပုံကြီးကလည်း ပန်းကန်ပြားနှစ်ချပ်စာလောက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



စွဲနေပြီ၊ ရွှေနေကြာ၊ ပွိုင့်၊ လိပ်ဖိုးဖိုးနဲ့ လိပ်မြေးလေး စသဖြင့် တံဆိပ်တွေကလည်း စုံလှသည်။ ဝိုင်းစားနေသည့် အုပ်စုကလည်း စုစုပေါင်းခြောက်ယောက်။

သက်ဦး၊ ဝေမင်းအောင်၊ ကျော်စွာ၊ လှမြတ်ဟန်၊ ငြိမ်းငြိမ်း နဲ့ ကျွန်တော်။

မိုးသည် ခပ်ဖွဲဖွဲရွာနေရာမှ ပို၍သည်းလာသည်။ ဆိုင်ရှေ့ရှိ ကွက်လပ်တွင် တစ်ဝိုင်းမှ မရှိတော့။ မိုးကြောင့်ဆိုင်ထဲသို့ရွှေ့ပြောင်း လာကြသည်။ ထိုအခါတွင် ဆိုင်ထဲ၌ စားပွဲဝိုင်းတွေ ပိုကျပ်သွားပြီး တစ်ဝိုင်းနှင့်တစ်ဝိုင်း လူချင်းထိလုနီးပါး ထိုင်ကြရသည်။

စားပွဲထိုး ကောင်လေးတွေပင် လမ်းသွားဖို့ မနည်းကြိုးစားနေ ရ၏။ ကျွန်တော်တို့ဝိုင်းတွင် ဝေမင်းအောင်နှင့်သက်ဦးက အသံ အကျယ်ဆုံး . . . ။ ဝေမင်းအောင်က ပြောသည်။

"ဒီလိုလေကွာ ... ဒီနေ့ တနင်္လာနေ့မဟုတ်ဘူးဆိုတာ မဟုတ် ဘူးဆိုရင် ဒီနေ့ တနင်္လာနေ့ပေါ့"

"အေးလေ"

"ဘာဟုတ်ရမှာလဲ၊ unknow ပေါ့ကွ။ အင်္ဂါတွေ၊ ဗုဒ္ဓဟူးတွေ လည်း ဖြစ်နိုင်တယ်လေ၊ Logic မှာက . . ."

သက်ဦးက ဖြတ်ပြောပြန်သည်။

"ဟဲ့ . . . လှမြတ်ဟန် ဒီမှာ ဝင်ပြောဦး၊ ဒီကောင်ငါ့ကိုအတင်း ငြင်းနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာပြောရမှာလဲ၊ ကိုယ့်ဘာသာကိုယ်ငြင်း၊ ဒီမှာ နေကြာစေ့စားရတာ ဇိမ်ပျက်တယ်"

ကျော်စွာကတော့ ဘာကိုမှ စိတ်မဝင်စားအားပဲ ကောင်မလေး တွေ၏ အလှအပကို အပြည့်အဝ ခံစားနေသည်။ သက်ဦး အသံက ထွက်လာ၏။

"ဒီမှာ . . . ဟေ့ကောင် . . . မဟုတ်ဘူးဆိုတာ မဟုတ်ဘူးရင် ဟုတ်တယ်လို့ အဓိပ္ပာယ်ရတယ်"

"ဟုတ်တယ်လေ ... ငါကရော ဘာပြောလို့လဲ၊ ဒါ သင်္ချာ သဘောပဲ၊ မိုင်းနပ်(စ်) နှစ်ခါဆိုရင် ပလပ်(စ်)ပေါ့"

ထိုစဉ်မှာပင် လှမြတ်ဟန်က တစ်စုံတရာကို ကြည့်လျက် ဝင်ပြောသည်။

"ဟဲ့ဟဲ့ ... နေကြဦး၊ ငြိမ်းငြိမ်း ဟိုမှာ မင်းပုဂ္ဂိုလ်လာနေပြီ"

လှမြတ်ဟန် စကားကြောင့် အားလုံးက ဆိုင်ဝကို လှမ်းကြည့် လိုက်ကြသည်။ ဆံပင်တိုတို မိုးကြိုးပစ်ခံရသလို ထောင်နေအောင် ညှပ်ထားသောကောနှင့် ထိုလူက လွယ်အိတ်ကို စလွယ်သိုင်းထားသည်။

"ကျော်မျိုး . . . နှာဗူး"

"အဲဒီကောင်က ရည်းစားသိပ်များတာဆို"

"အလကားပါ ... ရည်းစားများတာမဟုတ်ဘူး။ တွေ့သမျှ ကောင်မလေး အကုန်လျှောက်ကြိုက်နေတာ၊ သူ့မှာ ရည်းစားတစ် ယောက်မှ မရှိဘူး။ မြန်မာစာမှာတော့ ငကြောင်ဆိုပြီး နာမည်ကြီးပေ"

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းငြိမ်းဆီမှ စကားသံထွက်လာပြန်သည်။

"နင်တို့နော် ... အဲဒီကောင်ကို ငါ့လူ၊ ငါ့လူလို့ မပြောနဲ့၊ ငါ မကြိုက်ဘူး"

ကျွန်တော်လည်း မနေသာတော့ဘဲငြိမ်းငြိမ်းကိုဖြောင်းဖျရ၏။

"မဟုတ်ပါဘူး ငြိမ်းငြိမ်းရာ၊ အဲဒီကောင်က နင့်ကို ဟိုတစ်နေ့က ရည်းစားစကားလိုက်ပြောတယ်ဆို .. အဲဒါကြောင့်ပါ"

"အေးလေ ... အဲဒါက သူ့ဘာသာသူ လိုက်ပြောတာပဲ။ ငါမှ သူ့ကို မကြိုက်တာ၊ တစ်ခါတည်း ငြင်းခဲ့သားပဲ"

လှမြတ်ဟန်က မချိုမချဉ် မျက်နှာထားဖြင့် ဝင်မေးသည်။

"နင်က ဘယ်လိုငြင်းခဲ့တာလဲဟင် ငြိမ်းငြိမ်း"

"ဟင့်အင်း ... ဟင့်အင်းလို့ ငြင်းခဲ့တာပေါ့ဟ"

ငြိမ်းငြိမ်းစကားအဆုံးတွင် သက်ဦးဆီမှအလန့်တကြားစကားသံတို့ ထွက်လာသည်။

"သေပါပြီ ငြိမ်းငြိမ်းရယ် ... နင့်ကို ကျော်မျိုးက အဖြေပြန်ပေးလိုက်တယ်လို့ ထင်သွားရင် ခက်မယ်"

ငြိမ်းငြိမ်းက မျက်မှောင်ကုတ်၏။

"ဘာဖြစ်လို့လဲ"

အားလုံးက သက်ဦးကို ဝိုင်းကြည့်ကြသည်။ ကျွန်တော်လည်း သက်ဦးစကားကိုနားမလည်။ ထိုအခါသက်ဦးကမှင်သေသေဖြင့် သူ့စကားကို သူ ရှင်းပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေဟာ စောစောတုန်းက ငါပြောတဲ့ Logic (လော ဂျစ်) ပုစ္ဆာလိုပေါ့၊ နှစ်ခါ  အငြင်းဆိုရင် အမှန်သဘောပဲ။ နင်က အခု ဟင့်အင်း ... ဟင့်အင်း နှစ်ခါငြင်းခဲ့တာဆိုတော့ ဒါချစ်တယ် ဆိုတဲ့ အဓိပ္ပာယ်ဖြစ်သွားပြီ"

သက်ဦးစကားအဆုံးမှာ အားလုံးကဝါးခနဲ ဝိုင်းရယ်ကြသည်။ တစ်ချိန်လုံး ငြိမ်နေသော ကျော်စွာကလည်း ဝင်ပြော၏။

"ဒါကြောင့်ပြောတာ . . . နင်တို့မိန်းကလေးတွေ ဟင့်အင်း ဟင့်အင်း ... နှစ်ခါမငြင်းပါနဲ့လို့၊ ငြင်းချင်ရင် တစ်ခါပဲငြင်း၊ ဒါမှ မဟုတ်လည်း ဟင့်အင်း ... ဟင့်အင်း ... ဟင့်အင်းလို့ သုံးခါငြင်း"

အားလုံးက ဝါးခနဲ ထပ်ရယ်ကြပြန်၏။ ကျော်မျိုးဆိုသည့် ကောင်က အူကြောင်ကြောင်ပုံစံနှင့် ကျွန်တော့်တို့ဝိုင်းကို တစ်ချက် လှမ်းကြည့်သည်။ သူ့ကို ဝိုင်းလှောင်ပြောင်နေသည်ဟု ထင်သွားပြီး ခပ်ရှက်ရှက်နှင့် ခေါင်းစိုက်ကာ မိုးဖွဲထဲပြန်ထွက်သွားလေသည်။

"ဟား ... ဟား ... ဟိုမှာ ကျော်မျိုး တို့အဖွဲ့ကို ကြောက်ပြီး လစ်ပြေးပြီ"

"အလကားပါဟာ ... ငါတစ်ယောက်ထဲမို့ လိုက်ပြောရဲတာ၊ နင်တို့ရှိနေလို့ကတော့ အနားတောင် လာရဲမှာမဟုတ်ဘူး"

ငြိမ်းငြိမ်းက ထိုသို့ မျိုးကျော်၏သတ္တိကို မှတ်ချက်ပြု၏။ ဝေမင်းအောင်ကလည်းမှတ်သားဖွယ်စကားတစ်ခွန်းကိုဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ကွာ… မြန်မာစာကကောင်တွေ လော့ဂျစ်မတတ်လို့"

ထိုစကားကြောင့် ငြိမ်းငြိမ်းက ရှက်ရယ်ရယ်သည်။ ကန်တင်း၏ အပြင်တွင် မိုးက နည်းနည်းသာကျန်တော့၏။

မိုးမှုန်တို့၏အငွေ့အသက်တို့နှင့်အတူ မြောက်ပြန်လေကတစ်ချက်ဝေ့ရမ်းသွားသည်။ ကြည်နူးရိပ်ဆိုင်ထဲရှိ ကျောင်းသားတချို့က အတန်းသွားတက်ဖို့ ပြင်ဆင်နေကြပြီ။

ကျွန်တော့်ရှေ့ရှိ နေကြာစေ့အခွံပုံကြီးကလည်း တစ်စထက်တစ်စ ပို၍ကြီးလာသည်။ အကြောင်းမှာ လှမြတ်ဟန်၏ လွယ်အိတ်ထဲမှပွိုင့်နေကြာစေ့ထုပ်တွေကြောင့်ဖြစ်၏။လှမြတ်ဟန်မှာနေကြာစေ့ကို ဒါဇင်လိုက်ဝယ်စားသလား ထင်ရ၏။ ဘယ်တော့မှ နေကြာစေ့နှင့် သူ့ပါးစပ် ပြတ်သည်ဟူ၍ မရှိ။

ဒီလိုနှင့်ပင် တခြားလူတွေကပါ နေကြာစေ့ကို ဝိုင်းနှိုက်စားဖြစ်ကြပြီး နေကြာစေ့ခွံတွေက ပိုမိုများပြားလာသည်။

တိုက်ခတ်နေသော လေထဲရှိ မိုးစက်မှုန်များကြောင့် ကျွန်တော်ပျော်လာသလိုရှိသည်။

ထိုစဉ် … နောက်မှ ချစ်စဖွယ်အသံတစ်ခုကို ကျွန်တော်ကြားလိုက်ရလေသည်။

"နည်းနည်းလောက် …"

တစ်ဝိုင်းနှင့်တစ်ဝိုင်း ကျောချင်းထိကပ်လုနီးပါးထိုင်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လမ်းသွား၍ရအောင် ကျွန်တော့်ကို အရှေ့နည်းနည်းတိုးခိုင်းသည့်သဘောမှန်း ကျွန်တော် သိပါသည်။ နောက်ကို ကျွန်တော် လှည့်မကြည့်သော်လည်း ထို 'နည်းနည်းလောက်' ဆိုသည့် ကောင်မလေးကို ကျွန်တော် နောက်ချင်လာ၏။

ချက်ချင်းပင် နေကြာစေ့ခွံပုံကြီးမှ ကျွန်တော် အားရပါးရ လက်တစ်ဆုပ်စာနှိုက်လိုက်သည်။ ထို့နောက် နောက်ဖက်ကိုလှည့်၍

"ရော့ ... နည်းနည်းမဟုတ်ဘူး။ အများကြီးယူ"

ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် မြင်ရသောအခါ အံ့သြသွားကြပြီး မထင်မှတ်သောတိုက်ဆိုင်မှုကိုလည်းကျေးဇူးတင်မိပါသည်။

"ကျော် ..."

ကျွန်တော့်ပါးစပ်မှ လွှတ်ခနဲ ခပ်တိုးတိုးရေရွတ်မိသော သူမနာမည်ကြောင့် ကျော်က ပြုံးသည်။ ပြီးတော့ ကျွန်တော့်လက်ထဲက နေကြာစေ့ခွံတွေကို ကြည့်ပြန်၏။

"ဥက္ကာ... နင်က တော်တော်ဇရုတ်ကျနေတယ်ပေါ့လေ"

သူမ စကားကြောင့် ကျော့်ဘေးနာမှာ ပါလာသော အဖော်ကောင်မလေးက ကျွန်တော့်ကို သေချာကြည့်သည်။ ဘာကြောင့်မှန်းတော့မသိ။ ထိုကောင်မလေးကို ကျွန်တော်ခင်မင်မိသွားသည်။ရင်ခုန်တာမဟုတ်မှန်းလည်း ကိုယ့်ကိုယ်ကို သိသည်။

"အဟဲ ... ဒီလိုပါပဲ ကျော်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .... ဥက္ကာ နင်နဲ့ငါ မတွေ့တာ ရှစ်ရက်တောင် ရှိသွားပြီ နော်"

ကျွန်တော်က ယောင်ရမ်း၍ ခေါင်းညိတ်ပြမိ၏။ ရှစ်ရက် ဆိုပါလား။ ကျွန်တော် ပြန်တွက်ကြည့်တော့လည်း ဟုတ်နေ၏။

ဒါဆို ကျော်က ငါ့ကို မတွေ့တဲ့ရက်တွေမှာ သတိတရ ရှိနေတာပေါ့။

ထိုအတွေးကြောင့် ကျွန်တော် ဝမ်းသာသွားပြီး ကျော့်မျက်ခုံး နက်နက်လေးများကို ငေးစိုက်ကြည့်မိသည်။ ကျော်ကလည်း အခုမှ သူ့စကား သူသတိထားမိပြီး ရှက်နေပြန်သည်။

"ခင်မေကျော် . . . သူက ခေါင်းသွားလျှော်ပေးရတဲ့ တစ်ယောက်လား"

ကျော်နှင့် ပါလာသော ကောင်မလေးက မေးမှ ကျော်က မိတ်ဆက်ပေးဖို့ သတိရသွားဟန်တူ၏။

"အေး . . . ဟုတ်တယ်။ ဥက္ကာဆိုတာ သူပေါ့။ ဟဲ့ . . ဥက္ကာ ဒါငါ့သူငယ်ချင်း သဇင်ထွန်းတဲ့ ... မှတ်ထားနော်"

သဇင်ထွန်းဆိုသော ကောင်မလေးက ပြုံးပြရင်း ကျွန်တော့်ကို ပြောသည်။

"ဥက္ကာနဲ့ ဟိုဖက်ရွက်ကြီးအကြောင်း ခင်မေကျော်က ကျွန်မ ကို ပြောပြပြီးသား ... ဟဲဟဲ"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဟုတ်လား၊ ဒါဆို ကျွန်တော်က ထပ် အရှက်ကွဲ စရာမလိုတော့ဘူးပေါ့"

ကျွန်တော့်စကားအဆုံးမှာ ခင်မေကျော်ကပါ ဘယ်လိုသဘော ပေါက်သွားသည်မသိ . . . ။ အားရပါးရ ဝင်ရယ်လေသည်။

ထိုစဉ် လှမြတ်ဟန်က ရုတ်တရက် ထအော်သည်။

"နှာဗူးတွေရမယ်၊ ရှူဆေးတွေရမယ်"

ဖျတ်ခနဲ ကျွန်တော် သဘောပေါက်သွားပြီး ကျော်စွာနှင့် ဝေမင်းအောင်တို့ကို လှမ်းကြည့်လိုက်တော့ ဒီကောင်တွေက သဇင် ထွန်းကို ငေးနေကြ၏။ ကျော်စွာက ပိုဆိုးသည်။ ငြိမ်းငြိမ်းက လူမိ သွားသော ကျော်စွာတို့၏ ရှက်ကိုးရှက်ကန်းပုံစံတွေကြောင့် ရယ်ချင် နေသည်။ လှမြတ်ဟန်ဆီမှ အသံထွက်လာပြန်၏။

"ဟဲ့ . . . ဥက္ကာ၊ နင့်သူငယ်ချင်းတွေကို ထိုင်ခိုင်းဦးလေ၊မတ် တပ်ကြီး"

ဒီတော့မှ ကျွန်တော့်လည်း သူတို့ကို မိတ်ဆက်ပေးဖို့ သတိရ တော့သည်။

"ဟုတ်သားပဲ ... ထိုင်ကြဦးလေဟာ၊ ကျော် ... နင်တို့အတန်း အားတယ်မဟုတ်လား"

"မအားဘူး ဥက္ကာရဲ့ ... အခု ကျူတိုရီရယ်ရှိလို့ သွားရမှာ၊ မထိုင်တော့ဘူးနော် ... နောက်မှပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျော်က ပြန်ပြောရင်း ငြိမ်းငြိမ်းနဲ့ လှမြတ်ဟန်ကို ပြုံးပြလိုက်၏။

"အဲဒါ … ဖလော်ဆိုဖီက ကွင်းတွေလေ၊ ဒါက ငြိမ်းငြိမ်းတဲ့၊ ဒီဘက်က လှမြတ်ဟန်"

ကျော်စွာက ဝင်နောက်၏။

"ဟုတ်ပဲ့ဗျာ၊ လူတကာက ရှောင်ကွင်းသွားကြရတာ"

ရယ်သံတွေ ဆူညံသွားပြန်သည်။ ခင်မေကျော်ကလည်း မိတ်ဆက်ပါသည်။

"ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်မနာမည်ခင်မေကျော်ပါ၊ သူက သဇင်ထွန်း သမိုင်းကပဲ"

လှမြတ်ဟန်က …

"နောက်တွေ့ရင်ခေါ်ပေါ့၊ ကျွန်မတို့အတန်းကိုလည်း လာလည်ဦးလေ၊ ဉက္ကာနဲ့ တစ်ခန်းထဲပဲ"

"အင်း .. အင်း … လာလည်မယ်၊ စိတ်မပူနဲ့ … တို့က အင်မတန် အတန်းလည်တတ်တာ၊ ဒါပေမယ့် အခုတော့ သွားဦးမယ် သိလား … ကျူတိုရီရယ်ရှိလို့"

"ရတယ် … ရတယ် … သွား … သွား"

ထို့နောက် ကျော်တို့က နှုတ်ဆက်ပြီး ကြည်နူးရိပ်အပြင်ကို ထွက်သွားကြသည်။ မိုးက ခပ်ဖွဲဖွဲကျနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်တို့ထွက်သွားချိန်တွင် ကျော်စွာနှင့် ဝေမင်းအောင်တို့က ကျွန်တော့်ကို ဝိုင်းဆဲကြ၏။

"ခွေးကောင် ... မင်းက ငါတို့ကိုကျတော့ မိတ်ဆက်မပေးဘူး"

"အေးလေ ... အယုတ်တမာကောင်"

သူတို့ကို လှမြတ်ဟန်က ဝင်တွယ်၏။

"ဟဲ့ ... နင်တို့က ဒီလောက်ငန်းနေတာ၊ မိတ်ဆက်ပေးလို့ဖြစ်မလား၊ တော်ကြာ ကျန်တဲ့လူတွေပါ နာမည်ပျက်မယ်"

ငြိမ်းငြိမ်းက ကျွန်တော့်ကို သေချာကြည့်ရင်း မေးခွန်းတစ်ခု မေးပါသည်။

"နေစမ်းပါဦး ဥက္ကာ၊ နင်ကရော ဘယ်လိုလုပ် သူတို့နဲ့သိသွားတာလဲ၊ ပြောတော့ ဒီနှစ်မှ ဒီကျောင်းကို ပြောင်းလာတာ၊ အသိတစ်ယောက်မှ မရှိပါဘူးဆို"

"အေး . . . ငါ မေ့သွားလို့ပါ၊ ငါက ကျော်နဲ့တော့ သိတယ်ဟ၊ ဒီကျောင်းကို စရောက်တဲ့နေ့ကတည်းကပဲ"

"ဒါဆို ခုနတုန်းက နင်တို့ပြောနေကြတဲ့ ဖက်ရွက်ကြီးရယ်၊ ခေါင်းလျှော်တာရယ် ... အဲဒါတွေကရော ဘာတွေလဲ ... ငါတို့ကို ပြောပြ ..."

ငြိမ်းငြိမ်း၏ မေးခွန်းကြောင့် ကျွန်တော် ပြုံးမိသည်။ ပြန်စဉ်းစားကြည့်တော့ ရင်ခုန်သံတွေက မြန်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် ထိုကဲ့သို့ပင် ကျွန်တော့်နှလုံးသားထဲကိုဝင်ရောက်လာခဲ့၏။ ကျွန်တော်တို့နှစ်ယောက် စတွေ့ပုံကို ပြောပြဖို့ ကျွန်တော် အချိန်ယူလိုက်သည်။

"ဒီလိုဟ ..."

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၃)

တိတ်ဆိတ်သော နေ့လယ်ခင်းမို့ ကျွန်တော်တစ်ယောက်ထဲ ဘယ်သွားရမှန်းမသိဖြစ်နေသည်။ မြန်မာစာဌာနဘက်သို့ သွားရင် ကောင်းမလားဟု စဉ်းစားမိသေး၏။ ဒါပေမယ့် ထိုအတွေးသည် ဘာအဓိပ္ပာယ်မှ မရှိမှန်း ကျွန်တော် သိပါသည်။

ဇွန်လသည် ဒီနေ့မှ ထူးထူးခြားခြား မိုးလေကင်းစင်လျက် ရှိ၏။ နေကလည်း ခပ်ပြေပြေလေးသာနေသည်။

အတန်းထဲက ကောင်တွေ ဘယ်ရောက်နေပါလိမ့်။

ကျွန်တော် စဉ်းစားမရဘဲ ဟိုဟိုသည်သည် တစ်ချက်ကြည့်မိသည်။ ထိုခဏမှာပင် ဖျတ်ခနဲ ကျွန်တော် ဝမ်းသာသွားပါသည်။ အကြောင်းမှာ ကျော်တစ်ယောက်ထဲ ကျွန်တော်တို့ ဌာနဘက်သို့ လျှောက်လာတာ မြင်ရ၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက ကျွန်တော့်အား အဝေးမှပင် လှမ်းပြုံးပြလေသည်။

"ဟဲ့ … ဥက္ကာ … တစ်ယောက်ထဲ နင်ဘာလုပ်နေတာလဲ"

"အေးဟ…ငါဒီနေ့ ကျောင်းလာတာနောက်ကျသွားတယ်၊ ပထမနှစ်ချိန်တောင် လွတ်သွားတာ၊ အခု ဘယ်သူမှ အတန်းထဲမှာ မရှိတော့ဘူး၊ အတန်းကတော့ ရှိသေးတယ်၊ ဒါပေမယ့် ငါ လူတစ်ယောက်မှ မတွေ့ဘူး"

"ကြည့်ရတာ နင်တို့အတန်းကကောင်တွေ အတန်းလစ်သွားပြီနဲ့တူတယ်၊ မိုင်နာ minor ချိန် မဟုတ်လား"

ကျော် ပြောတာ အများကြီးဖြစ်နိုင်သည်။ ဖလော်ဆိုဖီ ပထမနှစ်သည် စုစုပေါင်း ကျောင်းသားနှစ်ဆယ်ခန့်သာရှိရာ တစ်ဝက်ခန့်မှာ ကျောင်းမလာကြပေ။ ကျန်သည့် ကျောင်းသားဆယ်ယောက်ခန့်မှာလည်းလူညီပြီး အရေးသိပ်မကြီးသော မိုင်နာချိန်မျိုးဆိုလျှင် အားလုံးတိုင်ပင်ကာ အတန်းလစ်တတ်ကြ၏။ ရုပ်ရှင်ရုံ (သို့မဟုတ်) အင်းလျား စသည်ဖြင့် သူတို့သွားကြလေသည်။

"ငါလည်း အခုမှစဉ်းစားမိတယ်၊ နင်ပြောတာ ဖြစ်နိုင်တယ်၊ ကျော်ရဲ့ …သူတို့ အတန်းလစ်သွားတာ သေချာတယ်"

ကျွန်တော့်စကားအဆုံးမှာ ကျော်က လှပစွာ ရယ်သည်။ ဘာကြောင့်မှန်းမသိ။ကျွန်တော် နည်းနည်းမခံချင်ဖြစ်သွားပြီးသူမကို တစ်ချက် စိုက်ကြည့်မိသည်။

"ဘာရယ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဟုတ်ပါဘူးဟာ...နင်တစ်ယောက်ထဲ အတန်းတက်ရမယ့်ကိစ္စကို တွေးမိလို့ပါ"

"အံမယ်...ငါ့တစ်ယောက်ထဲတော့ အတန်းမတက်ပါဘူး၊ ကြောင်တောင်တောင်ကြီး ဖြစ်နေမှာပေါ့၊ ဒါနဲ့နင်က အခု ဘယ်ကို လာတာလဲ"

"နင့်ဆီကို လာတာပေါ့ဟ၊ နင်တစ်ယောက်ထဲ ဒီကော်ရစ်ဒါမှာ ရပ်နေတာတွေ့လို့ ငါလာတာ"

"ဟင် ...အဝေးကြီးကို နင်ကမြင်တယ် ဟုတ်လား"

"သိပ်မဝေးပါဘူးဟာ နင်ကလဲ သမိုင်းနဲ့ဖလော်ဆိုတာ ထောင့်ချိုးလေးတစ်ခုပဲခြားတာ၊ ပြီးတော့ နင့်ပုံစံက အရပ်မြင့်မြင့်၊ ဆံပင်ရှည်ရှည်ကြီးဆိုတော့ အဝေးကလည်း မှတ်မိတာပေါ့"

ကျွန်တော်သည် ကျော့်မျက်လုံးတွေကို ငေးကြည့်ရင်းပျော်လာသလို ခံစားရ၏။နင်တွေ၊ငါတွေ အပြန်အလှန် ပြောကြပြီးသောအခါ ကျွန်တော်တို့နှစ်ယောက် ပိုမိုရင်းနှီးသွားတာ သေချာပါသည်။

"အခု... နင် အတန်းအားတယ်မဟုတ်လား ကျော်"

"အားတယ် ...ပြန်တောင်ပြန်တော့မလို့ဟ၊ အခု နင့်ကို တွေ့လို့"

"ဒါဆို ...မပြန်နဲ့ဦးဟာ...ဒီနေ့ နင့်ကို ငါမုန့်လိုက်ကျွေးမယ် စားမယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ...ပွတာပဲ၊သိပ်စားတာပေါ့... ဘယ်ဆိုင်လဲ၊ ကြည်နူးရိပ်လား၊ အမှတ်တရလား၊ ဖထီးလား၊ အောင်ပွင့်လား"

သူမ၏မေးခွန်းကို ကျွန်တော်က အနည်းငယ်စဉ်းစားလိုက်ပါသည်။

"အမှတ်တရဖြစ်အောင် အမှတ်တရပဲ သွားကြတာပေါ့"

ကျော်က ရယ်ပြန်သည်။ ကျွန်တော်သည် သူမ၏ ရယ်မောနေပုံကိုသာ ကြည်နူးနေမိ၏။

ဒီလိုနှင့် ကျွန်တော်တို့သည် အမှတ်တရဆိုင်သို့ ရောက်လာခဲ့ကြသည်။ အမှတ်တရကိုရောက်တော့ လူနည်းနည်းရှင်းနေတာမို့ ကျော်သည် စိတ်သက်သာရာ ရသွားပုံပေါ်သည်။

"တော်သေးတာပေါ့ ...လူရှင်းနေလို့"

အမှတ်တရဆိုင်သည် သီးခြားအဆောက်အအုံတစ်ခုဖြစ်ပြီး တခြားကန်တင်းများကဲ့သို့ ဘေးတွင်ဆိုင်တွေမရှိပေ။

ရောက်လာသည့် စားပွဲထိုးလေးကို ကျော်က သံပုရာရည် မှာသည်။ ကျွန်တော်ကတော့ လက်ဖက်ရည်နှင့် လန်ဒန်စီးကရက်။

ခိုးကြည့်လိုက်မိသော ကျော့်မျက်နှာသည် ဘာကိုမှ ခံစားချက်မရှိသူတစ်ယောက်လို ငြိမ်းချမ်းလွန်းလှ၏။ ထိုခဏ၌ သူမသည် ကျွန်တော့်ကို ဖျတ်ခနဲ လှမ်းကြည့်၏။ ပြီးတော့ စကားတစ်ခွန်းကို သတိတရဖြင့် ပြောသည်။

"ငါတို့နှစ်ယောက် ခုလို သူငယ်ချင်းတွေဖြစ်သွားတာ သိပ်

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩဖို့ကောင်းတယ်နော် ...ဥက္ကာ...အမှန်ဆို အဲဒီလို ဆုံဖို့က တော်တော်ခဲယဉ်းတာ"

"အေးဟ ...ရယ်ရတယ်နော်"

"ရယ်တော့ မရယ်ရပါဘူး၊ ငါက အဲဒီတုန်းက နင် အော်ငေါက်လိုက်မှာ ကြောက်နေတာ၊ ကိုယ်က အပြစ်ရှိတာကိုး"

"ဘုရား ...ဘုရား ..နင်က ကြောက်နေတာ၊ ဟုတ်လား ... နင့်ပုံစံက ငါ့ကိုတောင် ပြန်တောင်းပန်ခိုင်းမလားလို့"

ကျွန်တော် ရွှဲ့ပြောတော့ ကျော်က ရယ်ပါသည်။

"အဲဒီတုန်းက ငါက ဟန်ဆောင်ထားတာဟဲ့"

သူမ စကားအဆုံးတွင် နှစ်ယောက်သား ပျော်ရွှင်စွာ ရယ်မောမိကြသည်။ ထိုကဲ့သို့သော ကျွန်တော်တို့နှစ်ယောက်ကြားရှိ ရယ်သံတွေသည် ဘယ်တော့မှ အဆုံးသတ်မည်မထင်ပေ။

ကျော်က ကျွန်တော့်ဆံပင်တွေ ကြည့်ရင်း မေးခွန်းတစ်ခုကို မေးသည်။

"ဥက္ကာ ...ဒီနေ့ နင့်ဆံပင်တွေကို လျှော်ထားသေးလား"

"ဟင့်အင်း...ဒီနေ့ လျှော်မထားပါဘူး၊ မနေ့ကမှ လျှော်ထားတာဆိုတော့ နောက်နှစ်ရက်နေမှ ထပ်လျှော်မယ်"

"သြော် ...နင်က သုံးရက်တစ်ခါ လျှော်တာပေါ့ ဟုတ်လား"

"အေး ...ဟုတ်တယ်"

သူမ မေးလို့သာ ကျွန်တော်က ပြန်ဖြေနေရသည်။ ဘာ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ခေါင်းလျှော်တဲ့ကိစ္စကို ကျော်က မေးနေမှန်း ကျွန်တော် သဘောမပေါက်ပါ။

"ဟဲ့... ဥက္ကာ၊ နင့်ဆံပင်တွေ ငါ ခဏလောက် ကိုင်ကြည့်ချင်တယ် ... ရမလားဟင်"

ကျွန်တော် ရယ်ချင်သွားပေမယ့် မရယ်ဖြစ်။ သြော် ...ကျော်က ဒါကြောင့် စကားလမ်းကြောင်းခင်းထားတာကိုး။

ကျွန်တော်က ပြုံးမိသည် ထင်ပါသည်။

"နင်က ဘာပြုံးတာလဲ"

သူမကိုကြည့်ရင်း ကျွန်တော် အလိုလိုက်ချင်လာသည်။

"ဘာမှ မပြုံးပါဘူးဟာ ...ကျော်...နင် ငါ့ဆံပင်တွေကို ကိုင်ကြည့်ချင်နေတာမှတ်လား၊ ကိုင်ကြည့်ချင် ကိုင်ကြည့်လေ"

ပြောပြီး သူမရှေ့သို့ ကျွန်တော် ခေါင်းကို နည်းနည်းငုံ့ပေးလိုက်ပါသည်။ ကျော်က ဘာမှပြန်မပြောတော့ဘဲ ကျွန်တော့်ဆံပင်အဖျားလေးတွေကို ခပ်ဖွဖွကိုင်ကြည့်၏။ တဖြေးဖြေးနှင့် သူမ၏ လက်တွေက ဆံပင်အရင်းပိုင်းကို ရောက်လာသည်။

နောက်ဆုံးတွင် ကျော်သည် သူမ လက်ဖဝါးဖြင့် ကျွန်တော့် ခေါင်းကို ညင်သာစွာ တစ်ချက်ပွတ်သပ်ရင်း ကျွန်တော့်ဆံပင်ကို ကိုင်ကြည့်ခြင်းကိစ္စအား အဆုံးသတ်လိုက်၏။

ခေါင်းမော့လိုက်သော ကျွန်တော့်အား ကျော်က နှစ်လိုဖွယ် ပြုံးပြလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကာ"

ကျွန်တော့်ကို ကြည့်နေသော ကျော့်မျက်ဝန်းများကို ရင်ဆိုင်မိချိန်တွင် ကျွန်တော်သိလိုက်သည်မှာကျွန်တော့်တို့နှစ်ယောက်ကြားတွင် ကြီးကြီးမားမားတစ်စုံတစ်ရာ ရှိနေပြီဆိုသည့်အချက်ဖြစ်သည်။

"ပြောလေ ....ကျော့်"

"ငါ့ကိုလေ ...နင့်ဆံပင်တွေကို နေ့တိုင်းကိုင်ခွင့်ပေးပါလား"

ဘာအဓိပ္ပာယ်လဲဟု သူမမျက်နှာတွင် အဖြေရှာကြည့်မိတော့ ကျွန်တော်ပဲ ညံ့ဖျင်းသူဖြစ်သွားသည်။ ကျော့်က ပုံမှန်အတိုင်းပဲ ဖြစ်လေသည်။

"ရပါတယ် ကျော့်ရဲ့...နင့်ကိုငါ ခွင့်ပြုပါတယ်"

"ကျေးဇူးပဲဟာ ...ငါ့ကို အခုလို အလိုလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

ထိုခဏမှာပင် ကျော့်သည် ကျွန်တော့်ကို စိုက်ကြည့်နေပြန်သည်။

"နင့်လည်း ငါ့ဆီက တစ်ခုခုကို လိုချင်ရင်ပြောနော် ဥက္ကာ"

ကျွန်တော် ခေါင်းကို ပြန်ညိတ်ပြလိုက်သည်။ ခဏဆိုသော ကာလမှာကျွန်တော်တို့၏ရင်းနှီးပွင့်လင်းမှုက လျင်မြန်လွန်းခဲ့သည်။ သံယောဇဉ်တို့ကလည်း အံ့သြစရာဖြစ်ခဲ့သည်။

ထိုခဏမှာပင် မိုး၏အငွေ့အသက်ပါသော လေတို့က တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခတ်လာ၏။ကျော်က မိုးပက်ခံရမည်စိုးသဖြင့် ကျွန်တော့်ဘေးနားသို့ တိုးထိုင်သည်။ သူမက ကျွန်တော့်ကိုမေးသည်။

"အခု minor ချိန်က သမိုင်းလား"

"ဟုတ်တယ်"

"နင် သမိုင်းတွေမလိုက်နိုင်ရင် ပြောနော် ဥက္ကာ ... ငါ ရှင်းပြမယ်၊ ပြီးတော့ မှတ်စုတွေ မရှိရင်လည်းပြော"

"အေးပါ ကျော်ရဲ့၊ နင်က သိပ်ဆရာလုပ်ချင်တာပဲ"

"အောင်မာ ... စေတနာနဲ့ပြောတဲ့ဟာကို"

ကျော်သည် နှုတ်ခမ်းကိုကိုက်ပြပြီး ကျွန်တော့်ကို ပေကပ်ကပ်နှင့်ကြည့်၏။ ကျွန်တော့်ကို မကျေနပ်ဘူးဆိုသည့်သဘော။

"သြော် ...နင်ကလည်းကျော်ရာ ... ငါကစတာပါ၊ ဟဲ့... ကျော်... နင်တို့သမိုင်းချိန်တွေ ငါ့ကိုပေးထားလေ၊ ငါ နင်နဲ့အတူတူ အတန်းလာတက်လို့ ရတာပေါ့"

"မပေးဘူး"

"နင်ကလည်းဘာဖြစ်လို့လဲ"

ကျော်က ရဲဝံ့စွာ ကျွန်တော့်မျက်နှာကို စိုက်ကြည့်ပြန်၏။ ဘာမှတော့ မပြောသေး။ သူမ မျက်လုံးတွေသည် အရာရာအတွက် မထေမဲ့မြင်နိုင်လွန်းလေသည်။

"နင်က စာလာသင်သလိုလိုနဲ့ ငါတို့သမိုင်းက ကောင်မလေးတွေကို ငမ်းနေရင် ဘယ့်နှယ်လုပ်မလဲ၊ မဖြစ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ စိုးရိမ်မှုကိုသိတော့ ကျွန်တော် လှိုက်လှိုက်လှဲလှဲ ရယ်မောဖြစ်သွားသည်။

“ကျော်ရယ် .... ဖြစ်မှဖြစ်ရလေ”

ဆိုင်အပြင်ဘက်တွင် မိုးဖွဲဖွဲက ရွာနေပြီဖြစ်သည်။ကျော်သည် ကျွန်တော့်ကို မျက်စောင်းထိုးပါသည်။

ဒီလိုချစ်စရာကောင်မလေးကို ကျွန်တော်ကဘယ်လိုခံနိုင်ရည်တွေနဲ့ ဥပေက္ခာပြုနေရပါ့မလဲ။

ကျွန်တော်တို့နှစ်ယောက်ကြားရှိ တိတ်ဆိတ်မှုသည် ကျော်အသံကြောင့် ပျက်စီးသွားပါသည်။

“ရော့ ... ဥက္ကာ”

သူမက ကျွန်တော့်ကို ကဒ်ပြားငယ်လေးတစ်ခုအား လှမ်းပေး၏။

“ဘာလဲဟင်”

“ငါ့ရဲ့ Time Table ပေါ့၊ နင် ငါတို့သမိုင်းက ကောင်မလေးတွေကို ငါ့သူငယ်ချင်းဆိုတဲ့ အကြောင်းပြချက်နဲ့လာပိုးလို့ရအောင်”

ကြည့်မိလိုက်သော ကျော့်မျက်နှာသည်ခပ်တည်တည်သာဖြစ်ပါသည်။ ကျွန်တော်က သူမပေးသော ကဒ်ပြားလေးကို ယူလိုက်ရင်း ကျော့်ကို ဘာမှ ပြန်မပြောဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"နင်နော်... ဥက္ကာ၊ ဒီကျောင်းထဲမှာ မိန်းမလာရှုပ်ဖို့ မစဉ်းစားနဲ့"

ဗုဒ္ဓေါ။ ဘယ်လိုများဖြစ်ရတာပါလိမ့် ကျော်ရယ် ...။ ရယ်ချင်စိတ်ဖြင့် ကျော့်ကို ကမန်းကတန်း မော့ကြည့်မိ၏။

"နင်ကလည်း ငါက ဘာလုပ်သေးလို့လဲဟ ...ဒုက္ခပဲ"

ထိုအခါ ကျော်က ပြုံးလေသည်။

"အေးပါဟာ ...ဆောရီး ..."

သူမမျက်ဝန်းတွေကို အမှတ်မထင်ကြည့်မိသောအခါ နူးညံ့မှုနှင့် ဖြူစင်မှုကိုသာ တွေ့ရ၏။

အမှတ်တရဆိုင်ဝန်းကျင်သည် အေးချမ်းစိုစွတ်လာသည်။ဘာကိုမဆို ဂရုမစိုက်တတ်သော ကျော့်လို ကောင်မလေးမျိုးသည် ကျွန်တော့်ခံစားမှုကို ဂရုစိုက်တတ်လိမ့်မည်ဟု ကျွန်တော် ဘယ်ထင်ဝံ့ပါမည်နည်း။

သူမက ကျွန်တော့်ခံစားမှုကို ဂရုစိုက်တတ်မှန်း သိစက ကျွန်တော် ဘဝနည်းနည်းမြင့်ခဲ့သေးသည်။

ဒီလိုနှင့်ပင် နှစ်ယောက်သား ရင်နှီးလာပြီးနောက် ပထမဆုံးအကြိမ် စနေ၊တနင်္ဂနွေကျောင်းပိတ်ရက်နှစ်ရက်ကို စတင်ဖြတ်ကျော်ရလေသည်။

ဖွန်လသည် ကျော် ဘေးမှာမရှိချိန်တွင် ဘယ်လောက်ပင်မိုးရွာရွာ ခြောက်သွေ့တတ်မှန်း ကျွန်တော် သိခဲ့သည်။ ကြားနေကျ

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အသံများသည်လည်းကောင်း၊ ကျွန်တော့်ဆံပင်တွေကို ကိုင်ကြည့်မည့် သူမ၏လက်ဖဝါးများသည်လည်းကောင်း၊ မိုးမှုန်မိုးစက်တွေကြောင့် ဝင်းမွတ်ပြောင်ချောနေသော သူမ၏မျက်နှာသည်လည်းကောင်း၊ ထိုကျောင်းပိတ်နှစ်ရက်သည် လွမ်းစရာ ဖြစ်နေ၏။

တိုတောင်းသောပထမတစ်ပတ်ဆိုသည့်အချိန်မှာပင်ကျွန်တော် ဒီလောက်ဖြစ်နေသဖြင့် ကိုယ့်ကိုယ်ကိုလည်းအံ့ဩမိပြန်သည်။ကျော့ကို ဆက်သွယ်ဖို့ စဉ်းစားမိသော်လည်း ကျွန်တော့်မှာ သူမလိပ်စာမရှိ၊ ဖုန်းနံပါတ်မရှိ ...။ ကျွန်တော် သိတာဆို၍ သူမ၏ကားနံပါတ်သာရှိသည်။

မလိုအပ်ဘူးထင်၍ လိပ်စားမေးမထားမိခြင်းကိုအခုမှနောင်တရလာ၏။

အခုနေဆို ကျော်ရာ ဘယ်လိုနေပါလိမ့်။ ငါ့လိုပဲ သတိရနေရဲ့လား၊ ငါ့ဆံပင်တွေကို လွမ်းနေမှာလား။

တွေးကြည့်ရင်းနှင့်ကျွန်တော် ရင်ခုန်နေမိသည်။ငါ့အကြောင်းတော့ခဏလောက်ဖြစ်ဖြစ်ကျော် တွေးနေမှာပဲဟုလည်းကိုယ့်ကိုယ်ကို အထင်ကြီးမိသေး၏။

ထို့နောက် ကျွန်တော်မျှော်လင့်နေခဲ့သော တနင်္လာနေ့သည် အချိန်တို့ကို ခဲယဉ်းစွာ ဖြတ်ကျော်ပြီးနောက် ရောက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၄ )

ထိုနေ့က ဖွန်လသည် အဖြူရောင်တိမ်တွေနှင့်ဖြစ်သည်။ကျော်သည် အနက်ရောင်ဝမ်းဆက်နှင့် တော်တော်ကြည့်၍ကောင်း၏။ ကျွန်တော်ကိုမြင့်တော့ သူမက အားရဝမ်းသာပြုံးပြသည်။

"နင် ဘယ်သွားမလို့လဲ ဥက္ကာ"

"ခင်မေကျော်ဆိုတဲ့ ကောင်မလေးဆီ"

ကျွန်တော့်အဖြေစကားကြောင့် သူမမျက်နှာတွင် ရှက်သွေးတို့ရဲခနဲ ပျံ့နှံ့သွားတာမြင်ရသည်။ သို့သော် ခဏပဲဖြစ်ပါသည်။

"လာနောက်မနေနဲ့ကွာ"

"တကယ်ပြောတာ ကျော်ရဲ့ ... နင့်ကား Parkingထိုးနေကျနေရာမှာမထိုးတော့ ငါက တစ်ကျောင်းလုံး အနှံ့လျှောက်ရှာနေရတာပေါ့"

သူမသည် ကျွန်တော့်မျက်နှာကို စူးစမ်းသလို ကြည့်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ ...အရင်နေရာက ကားတွေပြည့်နေလို့ နေရာလွတ် မရှိတော့ဘူး။ အဲဒါ ဒီဘက်မှာ ကားလာထားတာ"

ပြောပြီး ကျော်က နှစ်လိုဖွယ်တစ်ချက်ရယ်လိုက်သေး၏။ ဘာအဓိပ္ပာယ်မှန်းတော့ ကျွန်တော်မသိ။ဒါပေမယ့်ကြည့်ကောင်းတာ တော့ သေချာသည်။

"လာဟာ ဥက္ကာ ... ငါတို့ ကန်တင်းသွားရအောင်"

"ဘယ်ဆိုင်သွားမလဲ"

"ဖထီးဆိုင်မှာ မုန့်ဟင်းခါးသွားစားမယ်လေ၊ နင် မုန့်ဟင်း ခါး ကြိုက်တယ် မဟုတ်လား"

"အေး .... ကြိုက်ပါတယ်"

ကျော်က ဘာမှထပ်မပြောတော့ဘဲ ဖထီးဆိုင်ဖက်ကို ဦးတည် နေ၏။ဒီနေ့မှ ထူးထူးခြားခြားအလှပြင်လာသော ကျော့်ကိုကျွန်တော် က သူများတွေ ဝိုင်းကြည့်ကြမှာ စိုးရိမ်နေခဲ့သည်။ ဒါ သဝန်တိုတာ ပဲဟု ကိုယ့်ကိုယ့်ကိုသုံးသပ်မိတော့ နည်းနည်းရယ်ချင်သွားပါသည်။

"ဥက္ကာ"

"ပြောလေ ... ကျော်"

"နင် ငါ့ကို ဒီမနက် လိုက်ရှာနေတာ ဘာအရေးကြီးလို့လဲ"

အို ...ကောင်မလေးရယ်၊ ငါ ဘယ်လိုဖြေရပါ့မလဲ၊ နင့်ကို သတိရလို့ လိုက်ရှာနေတာ ဆိုရင်ရော ...ဒါလည်းမဖြစ်သေးပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားတွေက ကျော့်ကို ဖျားယောင်းသောစကားတွေ မဖြစ်စေရပါ။

ကျွန်တော် စဉ်းစားနေတာ နည်းနည်းကြာသွားတော့ ကျော်က အောက်ပါအတိုင်း ပြောလေသည်။

"နင် ... ငါ့ကို သတိရနေတာမှတ်လား"

ရုတ်တရက်တော့ ကျွန်တော် ရှက်သွားသေး၏။ ခဏအတွင်း မှာပင် ပုံမှန်အခြေအနေကို ပြန်ရအောင် ကျွန်တော် ကြိုးစားလိုက်ပါသည်။

"နင်က ဘယ်လိုလုပ်သိသလဲ"

အာ ...သေတော့မှာပဲ။ မေးပြီးမှ ကျွန်တော် နောင်တရသွားသည်။ ဒါပေမယ့် ကျွန်တော်က ဟန်ဆောင်ကောင်းသူတစ်ယောက် ဖြစ်နိုင်ပါသည်။

"သိတာပေါ့ ဥက္ကာရဲ့ ... ငါလည်း ဒီနှစ်ရက်အတွင်း နင့်ကို သတိရနေတာပဲ ဥစ္စာ"

ကျွန်တော် ပျော်ရွှင်သွားတာကိုမြင်တော့ သူမက ပြုံးပါသည်။

"နင်က သိပ်ပါးနပ်တာပဲနော် ကျော်"

"အဲဒီစကားက နင့်တစ်ယောက်ထဲအတွက်ပဲ မှန်တာ ဥက္ကာရဲ့၊ နင့်ခံစားမှု၊ နင့်အခြေအနေ အဲဒါတွေအတွက်တော့ ငါ ပါးနပ်ပါတယ်၊ဒါကလည်းမနည်းကြိုးစားထားရတာကိုးဟ...အချိန်တိုအတွင်း ဆိုတော့လေ ...ဒါပေမယ့် တခြားလူတွေနဲ့ကျရင် ငါကသိပ်တုံးတာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရယ်တော့ ကျော်ကလည်း ဘာကိုသဘော ပေါက်မှန်းမသိဘဲ လိုက်ရယ်သည်။ သူမမျက်နှာတွင် အရှက်နှင့် မာနသည်ကျွန်တော့်အတွက် ဘယ်လိုမှရှာမရသောအရာတွေဖြစ်လေ သည်။

ဒီလိုနှင့် နှစ်ယောက်သား ဖထီးဆိုင်သို့ ရောက်လာကြ၏။

"နင်က ဘာစားမှာလဲ ကျော်"

"မုန့်ဟင်းခါးလေဟာ ...နင်ကလည်း မေ့တတ်လိုက်တာ"

သူမစကားအဆုံးတွင် ကျွန်တော်က မုန့်ဟင်းခါးနှစ်ပွဲဟုလှမ်း မှာလိုက်သည်။ ခဏကြတော့ မှာထားသည့် မုန့်ဟင်းခါးပွဲတွေ ရောက်လာသည်။ ကျော်က မုန့်ဟင်းခါးပွဲကို ငရုတ်သီးများများနှင့် မွှေရင်း ကျွန်တော်ကို စကားစပြော၏။

"ဥက္ကာ ...ငါကလာမယ့် သောကြာနေ့မှာ (၂၁)နှစ်ပြည့်ပြီ။ အဲဒါ ငါ့မွေးနေ့ကို နင့်ကိုဖိတ်မလို့"

"နင့်မွေးနေ့က ဘယ်မှာလုပ်မှာမို့လို့လဲ"

"ဒီကျောင်းမှာပဲ လုပ်မှာလေ ...အိမ်မှာလဲ အန်တီလေးနဲ့ သပ်သပ်လုပ်တယ် .... နှစ်ခါပေါ့"

"ကျော်ရာ ...ဒီကျောင်းထဲပဲဆိုရင် နင်မလွယ်ဘူး၊ လူတွေ အရမ်းများမှာလားဟင်"

ကျွန်တော့်မေးခွန်းသည် ကျော့်ရယ်သံတွေကို ဖြစ်ပေါ်စေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မများပါဘူး ဉက္ကာ"

"ဘယ်နှစ်ယောက်လောက်ရှိမလဲဟင် ကျော်"

သူမက ပြုံးရင်း လက်ညှိုးတစ်ချောင်းကို ထောင်ပြ၏။

"တစ်ယောက်ထဲပဲ၊ တိတိကျကျပြောရရင် နင်တစ်ယောက်ထဲပဲ"

အိုး ...။ကျွန်တော့်ခန္ဓာကိုယ် လေထဲမြောက်တက်သွားသည်။ ထိုကဲ့သို့ပင် ကျော်သည် ကျွန်တော့်ပျော်ရွှင်မှုများကို ပိုမိုပေါ့ပါးစေသူလည်း ဖြစ်သည်။ သူမက ထပ်၍မေးပါသည်။

"ဘယ်လိုလဲဉက္ကာ ....ငါ့မွေးနေ့ပွဲကို လာမယ်မဟုတ်လား"

"သိပ်လာတာပေါ့"

ကျော်က ခပ်ဖွဖွတစ်ချက် ရယ်လေသည်။ တစ်ယောက်ကို တစ်ယောက်ကြည့်မိကြစဉ် နူးညံ့မှုတို့သည်ကျွန်တော်တို့နှစ်ယောက်ကြားတွင် ငြိမ်သက်နေကြ၏။

ဒီ ကျော်ဆိုတဲ့ ကောင်းမလေးဟာ ဘယ်လောက်ထူးဆန်းသလဲ။ ပိုက်ဆံတွေပေါသလို လှပမှုတွေ ပေါများသူ၊ ကြွပ်ဆတ်မာကျောခြင်းနဲ့အတူ စိတ်ထားဖြူစင်သူ၊ ယောကျ်ားတွေကို ရည်းစားအဖြစ် တစ်ခါမှ မပတ်သက်ခဲ့ဖူးသူ။

ပထမဆုံးအကြိမ်အဖြစ် သူမအကြောင်းကို ကျွန်တော် စပ်စုကြည့်မိသည်။

"ကျော့် ...နင့်မှာ မောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတစ်ယောက်ပဲရှိတယ်၊ သူနဲ့ငါက အသက် (၈)နှစ် တောင်ကွာတယ်ဟ၊ သူက အိမ်ထောင်နဲ့လေ ... ငါတို့အိမ်မှာမဟုတ် ဘူး ...နယ်မှာနေတာ ..."

"ဩော်"

ကျွန်တော်သည် ငြိမ်ငြိမ်လေးပင် ကျော့်ကို ကြည့်နေမိ၏။ ထိုအကြည့်၌ အရာရာသည် ကျွန်တော်တို့နှစ်ယောက်ကို အခြေအနေ တစ်ရပ်သို့ တွန်းပို့နေတော့သည်။ တိတ်ဆိတ်မှုထဲတွင် ကျော့်ဆီမှ စကားကို ကြားရပြန်သည်။

"ဥက္ကာ ...နင့်ကို ငါ့မိသားစုအကြောင်းတွေ ပြောပြမယ် ... ဘယ်လိုလဲ ... နင်နားထောင်ချင်ရဲ့လား"

ကျွန်တော်က နှုတ်ကပြန်မဖြေဘဲ ခေါင်းကိုသာ တစ်ချက် ညိတ်ပြမိသည်။

"ငါ့ဆီမှာ အဖေရော အမေပါ မရှိကြတော့ဘူး ဥက္ကာ ... ငါဆယ်နှစ်သမီးလောက်က ဆုံးသွားကြတာ၊ ရှမ်းပြည်နယ်ဘက်မှာ ကားမှောက်ပြီးတော့ နှစ်ယောက်စလုံး တစ်ပြိုင်ထဲ ဆုံးခဲ့ကြတယ်"

"အို ... ကျော်"

သူမစကားအဆုံးတွင် ကျွန်တော် ဝမ်းနည်းနာကျင်စွာ လွှတ် ခနဲ အာမေဋိတ်ပြုမိ၏။ကျော်က ရီဝေနေသည့်ကြားမှ ကျွန်တော့်အား ပြုံးပြသေးသည်။ သို့သော် .... မပီပြင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာပေါ့ ...။ ဒီလို ကိုယ့်မိဘရဲ့သတင်းဆိုးကို ဘယ် သားသမီးက ပီပီပြင်ပြင် ရဲရဲတင်းတင်း ပြုံးပြီးပြောနိုင်မှာလဲ။

ကိုယ်ချင်းစာစွာ ကျွန်တော်အားပေးသလို ကြည့်မိပါသည်။ ကျော်က သူမဘာသာ ဆက်ပြောသည်။

"အဲဒီအချိန်မှာ ကိုကိုက (၁၈)နှစ်အရွယ်ဆိုတော့ ငါ့ထက် စာရင် အရာရာကို သိတတ်နေပြီပေါ့လေ၊ ကံကောင်းတာက ငါ့တို့ မိဘတွေက ငါ့တို့မောင်နှမအတွက် အမွေတွေ အများကြီးထားရစ်နိုင် ကြတာပဲ"

သူမသည် ပြောရင်းနှင့် စကားကို ခဏနားပြန်၏။ ကျွန်တော် က ရေနွေးတစ်ခွက်ကို ကျော့်အတွက် ငှဲ့ပေးလိုက်ပါသည်။

"မေမေရဲ့ညီမ အန်တီလေးက ငါ့တို့မောင်နှမကို စောင့်ရှောက် ပေလို့ပေါ့ ဥက္ကာရယ် ...၊ မဟုတ်ရင် ငါတို့မောင်နှမနှစ်ယောက် လောကကြီးထဲမှာ မတွေးဝံ့စရာပဲ၊ ဆွေမျိုးကလည်း ငါတို့မိသာစုမှာ နည်းနည်းလေးပဲရှိတာ၊ အဲဒီလိုနဲ့ အန်တီလေးပဲ အဖေတို့၊အမေတို့ ထားခဲ့တဲ့ အမွေတွေကို မပျောက်ပျက်ရအောင် စီမံထားတယ်၊ ကိုကို ကလည်း ငါ့ကိုသိပ်ချစ်တာ၊ တစ်လျှောက်လုံး ငါရယ်၊ ကိုကိုရယ်၊ အန်တီလေးရယ်အဆင်ပြေပြေနေလာနိုင်ခဲ့ပေမယ့်ငါဆယ်တန်းရောက် တဲ့နှစ်မှာ ပြဿနာက စလာတယ်"

ကျွန်တော်သည် ကျော် ပြောပြသမျှကို စိတ်ဝင်တစား နား

www.burmeseclassic.com

www.burmeseclassic.com



ထောင်နေမိ၏။ သူမ မျက်လုံးတွေသည် နာကျင်သွားမှုကို ဘယ်လို ကာကွယ်ရမလဲဟု အဖြေရှာမရသည့် မျက်လုံးတွေဖြစ်သည်။

"ပြဿနာက ကိုကိုနဲ့အန်တီလေးပေါ့"

"ဘယ်လိုတွေဖြစ်ကြတာလဲဟင် ကျော်"

ကျွန်တော်က လွတ်ခနဲ မေးမိတော့ ကျော် မရယ်ချင်ဘဲ တစ်ချက်ရယ်ပါသည်။ ပြီးတော့ ...

"ကိုကိုက အရွယ်ရောက်လာတော့ လူငယ်ဆိုတော့ အသုံး အဖြုန်းကြီးလာတယ်၊ မိန်းကလေးတွေနဲ့ ရှုပ်လာတယ်၊ အန်တီလေး စကားကို နားမထောင်တော့ဘူး၊ အန်တီလေးကလည်း ကြာတော့ စိတ်ဆိုးတာပေါ့၊နောက်ဆုံး ကိုကိုကခပ်ပျက်ပျက်ကောင်မလေးတစ် ယောက်ကို လက်ထပ်မယ်တဲ့၊ အန်တီလေးကို ခြိမ်းခြောက်တာ... အန်တီလေးကလည်းအပျိုကြီးပီပီ အသည်းအသန်တားတော့ကိုကိုနဲ့ အန်တီလေးတို့ ပဋိပက္ခဖြစ်ကြရော ...၊ နောက်တော့လည်း ကိုကို က အဲဒီကောင်မလေးကိုပဲ ခိုးပြေးသွားတယ်၊ နင် စဉ်းစားကြည့်စမ်း ဥက္ကာ...အန်တီလေး ဘယ်လောက်နာကျင်မယ်ဆိုတာ ...ဒါပေမယ့် ငါကလည်း ကိုကို့ကိုချစ်ပေမယ့် အန်တီလေးဖက်ကပဲ ရပ်ခဲ့တယ် လေ၊ အဲဒီမှာ ကိုကိုက အမွေတောင်းတယ်၊ ဟုတ်ပါတယ် .... သူ ရသင့်ရထိုက်တဲ့အမွေကို အသက်(၂၄)နှစ်ရှိပြီဖြစ်တဲ့ကိုကိုကတောင်း တာပေါ့၊ ဒါပေမယ့်ဟာ ကိုကိုတို့ လင်မယားသုံးစွဲပုံမျိုးနဲ့ အဲဒီအမွေ တွေ တစ်နှစ်မခံဘူးဆိုတာ အန်တီလေးက ရိပ်မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုပြောပြနေသောကျော်စကားအသွားအလာကြောင့် ကျွန်တော် အခြေအနေကို ခန့်မှန်းတတ်လာ၏။

"နင့်ကိုကို တော်တော်ဆိုးတာပဲ ကျော်ရယ်၊ တော်သေးတာပေါ့ဟာ ...မူးယစ်ဆေးဝါးတွေဘာတွေ မသုံးစွဲလို့"

ကျော်က ကျွန်တော့်စကားကြောင့် နှုတ်ခမ်းကိုမဲ့ရင်း ပြန်ပြောပါသည်။

"မထင်ပါနဲ့ ဥက္ကာရယ်၊ မူးယစ်ဆေးဝါးရော၊ လောင်းကစားရော သူ အကုန်လုပ်တာ"

ကျွန်တော့် ထင်မြင်ချက်မှားသွားသဖြင့် ကျွန်တော် နည်းနည်း မျက်နှာပူသွား၏။

"အဲဒီလိုအခြေအနေမှာ အန်တီလေးက ကိုကို့ကို ပိုက်ဆံတွေ အမွေခွဲပေးလိုက်တယ်၊ စုစုပေါင်း သိန်း(၃၀၀)တောင်၊ ဒါပေမယ့် လက်ရှိနေတဲ့ဗဟန်းကတိုက်ကတော့ အမွေဆိုင်အိမ်ပဲပေါ့လေ၊ကိုကိုကတော့ ပိုက်ဆံတွေရသွားတော့ လောလောဆယ်ကျေနပ်သွားတယ် သူ့ကောင်မလေးနဲ့ ကျောက်မြောင်းဖက်မှာတိုက်ခန်းတစ်ခန်းဝယ်နေတယ်"

ကျော်က စကားကို ခဏဖြတ်ရင်း ကျွန်တော့်ကိုကြည့်သည်။

"နင် စဉ်းစားကြည့်စမ်း....ကိုကိုဟာ အဲဒီပိုက်ဆံတွေကို ဘယ်လောက်အချိန်အတွင်း ဖြုန်းပစ်သလဲဆိုတာ ..."

"ငါ ဘယ်လိုသိပါ့မလဲ မိကျော်ရယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"လေးလ"

ကျော်က လက်ချောင်းလေးချောင်း ထောင်ပြရင်း ပြောတော့ ကျွန်တော် အံ့သြသွားပါသည်။

ကျော့်အစ်ကိုဟာ တော်တော်ဆိုးတဲ့လူပါလား။

"အဲဒီ လေးလမှာပဲ သူတို့လင်မယားကွဲသွားကြတယ်၊ ဂျင်ကို အကြီးအကျယ် ရှုံးထားတဲ့ကိုကိုဟာ နောက်ဆုံး ကျောက်မြောင်းက တိုက်ခန်းကိုပါ ပြန်ရောင်းပစ်လိုက်ရတယ်၊ သူ့သူငယ်ချင်းတစ်ယောက်ဆီမှာ လိုက်နေတယ်၊ မိန်းမနဲ့လည်းကွဲ၊ ပိုက်ဆံလည်းမရှိတော့တဲ့ ကိုကိုဟာ တော်တော်စိတ်ဓာတ်ကျနေတာပေါ့၊ ကိုကို ဒီလိုဖြစ်နေတာကို တကယ်တော့ ငါရော အန်တီလေးရော မနေနိုင်ကြပါဘူး၊ ကိုကို တကယ်တမ်း ရထိုက်တဲ့အမွေတွေက အများကြီးရှိသေးတာ၊ အိမ်မပါဘဲနဲ့ ဘဏ်စာရင်းမှာကိုပဲ သိန်း (၁၀၀၀)လောက်ကျန်သေးတယ်"

ကျွန်တော်က ပခုံးတွန့်လိုက်မိတော့ ကျော်က ရယ်လေသည်။

"ဘာလဲ ...နင်က ငါ ကြွားနေတယ်ထင်လို့လား"

"ဟာ ...မထင်ပါဘူး၊ ကျွန်တော်မျိုး မထင်ရဲပါဘူး"

ကျော်က မျက်စောင်းထိုးလျက် စကားကိုဆက်သည်။

"အဲဒါနဲ့ဟာ ...ကိုကို့ကို ဆေးရုံမှာ ပထမဆုံး မူးယစ်ဆေးဝါးပြတ်အောင်လုပ်တယ်၊နောက် ...ဆေးရုံကဆင်းလာတော့အန်တီလေးက ကိုကို့ကို နယ်မှာပဲ နေခိုင်းတယ်၊ လက်ပံတန်းမှာ၊ အဲဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးရဲ့အိမ်ရှိတယ်၊ စိုက်ပျိုးမွေးမြူရေးခြံကြီးလည်းရှိတယ်၊ အခုတော့ ကိုကိုက အဲဒီမှာပျော်နေပါပြီ၊ လက်ပံတန်းသူလေးတစ်ယောက်နဲ့တောင်အိမ်ထောင်ထပ်ပြုလိုက်သေးတယ်၊တစ်ခါတစ်လေတော့ ကိုကိုက ရန်ကုန်လာပါတယ်၊ အဲဒီရက်တွေဆို ငါ သိပ်ပျော်တာပဲ ...ဒါပေမယ့် ဥက္ကာ ...အခုဆို ငါ နေ့တိုင်းပျော်တယ်၊ နင်အဲဒါ သိလား"

ကျွန်တော်က တကယ်ပင်မသိစွာ ခေါင်းရမ်းပြမိသည်။

"နင်က ငတုံးပဲကွာ"

သူမက ထိုသို့ပြောမှ ကျွန်တော် သဘောပေါက်သွားလေသည်။ ပြီးတော့ ကျွန်တော်က ကျော့်ကို တည်ငြိမ်စွာ စကားတစ်ခွန်းပြောဖြစ်၏။

"ငါ့ကြောင့် လူတစ်ယောက် နေ့တိုင်းပျော်ရတယ်ဆိုတော့ ငါ ဝမ်းသာပါတယ်"

ကျော်က ထိုစကားကြောင့် ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေခဲ့သည်။ ကျွန်တော်က ပြန်ကြည့်နေရာမှ ပထမဆုံးမျက်နှာလွှဲလိုက်ရ၏။ မိန်းမတစ်ယောက်ကို ဒီလိုအကြာကြီးစိုက်ကြည့်နေဖို့ ကျွန်တော် ရှက်ပါသည်။

"ဥက္ကာ ...ဒီမှာကြည့်စမ်း"

သူမလက်ထဲတွင် ဓာတယ်ပုံတစ်ပုံဖြစ်လေသည်။

"အဲဒါ ... ငါ့ဓာတ်ပုံဟ ...နင့်ဖို့ယူလာတာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လှမ်းယူလိုက်ပြီး ကြည့်မိသောအခါ ဓာတ်ပုံထဲက ကျော်သည် တစ်စုံတစ်ခုကို သဘာဝကျကျငေးနေ၏။ဓာတ်ပုံနောက်ကျောဘက်တွင် ဥက္ကာအတွက်ဆိုသည့် သူမလက်ရေးဝိုင်းဝိုင်းလေးကိုတွေ့ရသည်။ ပြီးတော့ သူမ၏လိပ်စာနှင့် ဖုန်းနံပါတ်ကိုလည်း အောက်မှာ ရေးထားသေး၏။

ကိုယ့်ရည်းစားလဲ မဟုတ်ဘဲ ကျွန်တော့်ကို ဓာတ်ပုံပေးသော သူစိမ်းမိန်းမသည် ကျော်ဖြစ်သောအခါ ကျွန်တော် အထင်မသေးရဲတော့ပေ။

ထိုစဉ်မှာပင် သူမဆီမှ အသံထွက်လာ၏။

"ဥက္ကာ .. ငါဒီနေ့ ထုံးစံ မလုပ်ရသေးဘူးလေ"

ကျွန်တော်က သူမ ဘာကို ဆိုလိုသည်ကို သဘောပေါက်သွားပြီး ခေါင်းကို အရှေ့နည်းနည်း တိုးပေးလိုက်ပါသည်။ ကျော့်လက်ဖဝါးတွေက ကျွန်တော့်ဆံပင်တွေဆီ ရောက်လာသည်။

"နင်က ငါ့ကို အလိုလိုက်တယ်နော် . . . အမှန်ဆို ငါက အငယ်၊ ပြီးတော့ မိန်းကလေးဟ ... နင့်နေရာမှာ အခြားကောင်လေးတွေဆို ဒီလိုခွင့်ပြုမှာ မဟုတ်ဘူး"

ကျွန်တော် ဘာမှမပြောဘဲ ပြုံးတော့ ကျော်က ဆိုင်အပြင်သို့ မျက်နှာလွှဲသွားသည်။ နာရီကိုကြည့်မိတော့ မနက် (၉) နာရီခွဲနေပြီ။ ဒီတော့မှ အတန်းတက်ဖို့ နောက်ကျနေမှန်း ကျွန်တော်သတိရသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျော် . . . ငါတို့ အတန်းတက်ရအောင်လေ၊ ဒီမှာ ကိုးနာရီ ခွဲနေပြီ"

"နင်ကလည်းဟာ. . .အေးဆေးပေါ့။ ပထမဆုံးအချိန်ကိုလွှတ် လိုက်ပါတော့ကွာ။ ငါ နင်နဲ့ စကားပြောရတာမဝသေးဘူးဟ"

"ကဲ ... မိကျော်၊ နင် တော်တော်ရစ်ပါလား"

ကျွန်တော်က စိတ်မရှည်သလိုအော်တော့ ကျော်က ရယ်ပါ သည်။ ပြီးတော့ ကျွန်တော့်ကို ပြောင်စပ်စပ်နှင့်ကြည့်သည်။

"ဥက္ကာ . . . နင်ရည်းစားထားဖူးသလားဟင်"

"တစ်ခါမှ မထားဖူးဘူး"

"တကယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တော့ သူမက နောက်ထပ် တစ်ခု ထပ်မေးသည်။

"နင်ကြိုက်ဖူးတဲ့ ကောင်မလေးတွေ၊ ဘာတွေရော"

"ကျော် . . ."

ခပ်တည်တည်နှင့် ကျွန်တော်က သူမနာမည်ကို ခေါ်လိုက် သည်။ ကျော်က မျက်မှောင်ကုတ်ပြီး ကျွန်တော့်ကို ပြန်ကြည့်နေ၏။

"နင် ... ငါ့ကို ပေါက်ကရတွေ လျှောက်မေးနေမယ့်အစား အကျိုးရှိမှာ တစ်ခုခုလုပ်ပါလားဟ"

"ဘာလဲ . . . နင်က တခြားကောင်မလေးတွေနဲ့ ပတ်သက်ခဲ့ ဖူးတဲ့အကြောင်း ငါ့ကို မပြောပြချင်ဘူးပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



“ကျော် .... နင်က ပြောလေကဲလေပါလား၊ နင် ငါနဲ့ စကား ပြောရတာမဝဘူးဆိုရင် တခြားဟာပြော ... လိမ္မာပါတယ်ကွာ ..ငါ့ စကားကို နားထောင်နော်”

ကျော်က မှုန်ကုတ်ကုတ်မျက်နှာထားနှင့် ခေါင်းကို ညိတ်ပြ ပါသည်။ ထိုအချိန်တွင် ဖထီးဆိုင်ထဲသို့ ကျောင်းသားတစ်အုပ် အော် ဟစ်ဆူညံစွာ ဝင်လာကြ၏။

“ဟဲ့ . . . ဥက္ကာ”

ငြိမ်းငြိမ်းအသံဖြစ်လေသည်။ ကျွန်တော် လှည့်ကြည့်လိုက် တော့ ငြိမ်းငြိမ်းတစ်ယောက်တည်းမဟုတ်။ လှမြတ်ဟန်၊သက်ဦး၊ဝေ မင်းအောင်၊ ကျော်စွာ ...။ အားလုံး လူစုံတက်စုံ ဖြစ်သည်။

“သြော် ... မင်းက အတန်းမတက်ဘဲ ဒီမှာ လာကြည်နူးနေ တာပေါ့လေ”

ကျော်စွာက စကားကို မဆင်မခြင်ပြောချလိုက်ပြီးမှ ကျော့် ကို သတိရသွားကာ ပါးစပ်ကို အမြန်ပိတ်လိုက်၏။ကျွန်တော်လည်း ကျော့်ကို အားနာသွားပြီး ကြည့်လိုက်မိတော့ ကျော်က ရှက်ရွံ့မနေဘဲ ရယ်ပင် ရယ်နေလိုက်သေးသည်။

ဒီတော့မှ ဝိုင်းအကဲခတ်နေကြသည့် လှမြတ်ဟန်တို့က သက် ပြင်းကိုချရင်း ဝိုင်းထဲသို့ ဝင်ထိုင်ကြ၏။

ဝေမင်းအောင်က . . .

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ထိုင်လို့ ရပါတယ်နော်ဉက္ကာ . . . ပြဿနာ မရှိဘူး မှတ်လား"

ကျော်က အေးအေးဆေးဆေးပင် ပြန်ပြောပါသည်။

"ထိုင်ပါရှင် ... ထိုင်ပါ၊ ဘာပြဿနာမှ မရှိပါဘူး"

ကျော့်အဖြေစကားကို ကြားမှ ငြိမ်းငြိမ်းက သူတို့အုပ်စုကို သတိပေးသလို စကားတစ်ခွန်းပြောသည်။

"နင်တို့နော် စကားကို ဆင်ဆင်ခြင်ခြင် ပြောကြစမ်း"

လှမြတ်ဟန်က ဘာမှ ရယ်စရာမရှိသော်လည်း ထရယ်နေပြန်၏။ ငြိမ်းငြိမ်းနှင့် ကျော်စွာကတော့ စားပွဲထိုးကောင်လေးကို စားစရာတွေ မှာနေသည်။

"ကဲ မှာကြလေ၊ ကျွန်မ ကျွေးပါ့မယ်၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

"ကျော်က ထိုသို့ပြောရင်း ကျွန်တော့်ကို တစ်ချက်ကြည့်ပါသည်။ စားသောက်ဖွယ်ရာများ ရောက်လာသောအခါ ကျွန်တော်က ကျော့်ကို အားလုံးနှင့် မိတ်ဆက်ပေးဖို့ သတိရလိုက်၏။

"အားလုံးမှတ်ထားကြနော်၊ ဒါက ခင်မေကျော်တဲ့၊ သမိုင်းက..."

ရုတ်တရက် သက်ဦးက ထဖောက်သည်။

"ဟာ ... ဒါဆိုကျွန်တော်တို့နဲ့နီးတယ်။ ကျွန်တော်တို့က အုတ်ကျင်းကဗျ ... ဟဲဟဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် သဘောကျစွာရယ်သည်။ ငြိမ်းငြိမ်းက ကျော့်ကို ပြောသည်။

"သည်းခံနော် ... သိလားခင်မေကျော်၊ သူက အဲဒီလို မျက်နှာ ရှုံ့ရမှ"

သက်ဦး မျက်နှာရှုံ့မဲ့သွားသည်မှ လွဲ၍ အားလုံးဝိုင်းရယ်ဖြစ် ကြသည်။ ကျွန်တော်ကလည်း မိတ်ဆက်ပေးသည့်အလုပ်ကို ပြန် ဆက်ရ၏။

"ကျော် ... ဒါကတော့ နင်သိပြီးသာပါ။ ငြိမ်းငြိမ်းနဲ့ လှမြတ် ဟန်၊ ဒီကောင်မျက်နှာရှုံ့က သက်ဦးတဲ့၊ ဒီဘက်ကအရက်သမား က ဝေမင်းအောင်၊ သူကတော့ ဝက်ခြံသူဌေး ကျော်စွာပေါ့"

ကျော်က ကျွန်တော် မိတ်ဆက်ပေးပုံကို တအံ့တသြနှင့် နား ထောင်နေလေသည်။လှမြတ်ဟန်က သူ့ထုံးစံအတိုင်း လွယ်အိတ်ထဲ မှ နေကြာစေ့ထုတ်ကြီးကိုစားပွဲပေါ်တင်ကာ ကျကျနန စားနေ၏။

အားလုံးကလည်း လှမြတ်ဟန်၏နေကြာစေ့တွေကိုနှိုက်စား ကာ ဟိုဟိုသည်သည် လျှောက်ပြောဖြစ်ကြသည်။ ခဏကြာတော့ သူတို့သည် ငယ်ပေါင်းများကဲ့သို့ပင် ရင်းနှီးသွားကြပြီ။

ထိုအချိန်တွင် ဆိုင်ထဲသို့ ကောင်မလေးတစ်ယောက် ဝင်လာ ၏။ ကျော်က အဲဒီကောင်မလေးကိုမြင်သာစေရန် လက်ထောင်ပြ လိုက်ပါသည်။ ဟိုတစ်ခါ ကြည်နူးရိပ်မှာ ကျော် မိတ်ဆက်ပေးဖူး သော သဇင်ထွန်း ဆိုသည့် ကောင်မလေးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းထဲကိုရောက်တော့ သဇင်ထွန်းက ကျွန်တော့်ကို မှတ်မိသလို ပြုံးပြပါသည်။

"ခင်မေကျော်တို့များ အတန်းလစ်ဖို့ဆို ပထမပဲ.."

သဇင်ထွန်း၏စကားကြောင့် ကျော်က ရယ်ပြီး ပြန်ပြောသည်။

"ဒီမှာ ဥက္ကာနဲ့စကားကောင်းနေလို့ဟ "

"ဖြစ်ရမယ်နင်ကတော့ ... ဒါနဲ့မေးရဦးမယ်၊ ရှင်တို့နှစ်ယောက် စကားပြောတာ ခင်မေကျော် ပြောသမျှကို ဥက္ကာက နားထောင်ပေးနေရတာမဟုတ်လား"

ကျွန်တော်က အလျင်အမြန် ခေါင်းညိတ်ပြလိုက်တော့ အားလုံးဝိုင်းရယ်ကြသည်။ သဇင်ထွန်းက ဆက်ပြော၏။

"ဟုတ်တယ် ... ခင်မေကျော်က စကားပြောရင်း သူချည်းပဲပြောတာ၊ ကျန်တဲ့လူက ပြောချင်ရင် လုပြောမှ ရတယ်"

လှမြတ်ဟန်တို့ ကျော်စွာတို့က ရယ်တော့ ကျော်က ကျွန်တော်ကို ပြောသည်။

"ဥက္ကာ ... နင် ပြောလိုက်လေ၊တစ်ခါတစ်လေတော့ ကျော်က ကျွန်တော်ကို စကားပေးပြောပါတယ်လို့"

"အဲဒီ တစ်ခါတလေက တစ်နှစ်နေမှ တစ်ခါလောက်ပဲမှတ်လား"

ထိုအခါကျမှ တစ်ဝိုင်းလုံး ပွဲကျသွား၏။

လှမြတ်ဟန်က ငြိမ်းငြိမ်းကို လက်ကုန်ရင်း ကျော်စွာပုံးကို

www.burmeseclassic.com

www.burmeseclassic.com



ပြသည်။ ကျော်စွာက ဘေးဝိုင်းမှ ကုတ်အင်္ကျီအနီရဲရဲ ဝတ်ထားသော ကောင်မလေးတစ်ယောက်ကို ငေးနေ၏။ သူ့မျက်နှာတွင် ဝက်ခြံတွေက အခုတလော ပိုဆိုးလာသည်။ နဖူးအထိ ဝက်ခြံပေါက်သည်။

ကျော်စွာ့ပုံစံကို အငမ်းမရ နိုင်လွန်းသည်ဖြစ်ရာ ဘေးဝိုင်းမှ ကာယကံရှင် ကောင်မလေးတွေက ရိပ်မိသွား၏။ ထိုဝိုင်းက ကောင်မလေးသုံးယောက်မှာ သူတို့ဘာသာ ခေါင်းခြင်းရိုက်ပြီး တိုင်ပင်နေကြသည်။ ကျွန်တော် သိလိုက်၏။ သူတို့ ကျော်စွာ့ကို တစ်ခုခု တုံ့ပြန်တော့မည်။

ထိုကောင်မလေးတွေက စားပွဲထိုးကိုပိုက်ဆံခေါ်ရှင်းနေသည်။ နောက်ဆိုင်မှထွက်ခွာနီးတွင် ကျော်စွာ့အနားမှ ဖြစ်လျှောက်သွားရင်း ပါးစပ်မှ သံပြိုင်အော်ကြလေသည်။

"ဝက်ခြံတစ်လုံး ငါးကျပ်၊ ဝက်ခြံတစ်လုံ ငါးကျပ်ပဲကျတယ်၊ နော်၊ မနက်ဖြန်ဆို ဒီဈေးနဲ့မရတော့ဘူး၊ ဈေးတက်မှာ ...ဝယ်ထား၊ ဝယ်ထား"

ကျော်စွာ့မျက်နှာမှာ အရှက်ကြောင့်ပို၍နီမြန်းလာ၏။တစ်ဆိုင်လုံးကလည်း ထိုကောင်မလေးတွေနဲ့ ကျော်စွာ့ပုံစံကို တွဲဖက်ကြည့်ကာ ပြုံးစေ့စေ့ဖြစ်ကုန်ကြသည်။

ကောင်မလေးအုပ်စု ဆိုင်အပြင်သို့ ရောက်သွားမှ လှမြတ်ဟန်က ကျော်စွာ့ကို အပြစ်တင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်က မတရားကြီးသွားငမ်းနေတာကိုး၊နင်နဲ့ပေါင်းရတာငါတို့ပါ သိက္ခာကျတယ်"

ကျော်စွာခမျာ ဘာမှပြန်မပြောနိုင်ဘဲ မျက်နှာငယ်ကလေးနှင့် ဟိုကြည့်ဒီကြည့်လုပ်နေ၏။

သဇင်ထွန်းကလည်း ဝင်ပြောသည်။

"အဲဒီသုံးယောက်က အိုင်အာ( I.R )မှာ နာမည်ကြီးတွေပဲ၊ ဘယ်ကောင်လေးမှ ကပ်လို့မရဘူး၊ အူကြောင်ကြောင်သွားလုပ်ရင် လည်း အခု သူ့လိုပဲခံလိုက်ရရော"

ကျွန်တော်က သဇင်ထွန်း၏ ဟန်ပန်အမူအရာကအစ သေချာစေ့စပ်စွာ လိုက်ကြည့်နေမိ၏။ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် နေထိုင်ပြောဆိုတတ်သူဟုစိတ်ထဲမှကောက်ချက်ချမိပါသည်။အလွန် သေချာသောအချက်မှာ ကျော့်လောက်မလှသော်လည်း သဇင်ထွန်း က ဆွဲဆောင်မှုရှိသည်။ ကြည့်ကောင်းသည်။ သူ့အသံသည် တည်ငြိမ်မှုရောစွက်နေသော ဆွဲငင်အားတစ်မျိုးဖြင့် ကြားရသူကိုဖမ်းစားနိုင်လေသည်။

ရုတ်တရက် ကျော်က ကျွန်တော့်ကိုအလန့်တကြားနှင့် လက်မောင်းကို လှမ်းပုတ်လိုက်လေသည်။

"ဟဲ့ ... ဥက္ကာ၊ငေးလှချည်လား"

ကျွန်တော်က သဇင်ထွန်းအကြောင်း စဉ်းစားနေတာမို့ လန့်သွားကာ ဒေါသနည်းနည်းထွက်သွား၏။ ကျော့်ကို မျက်နှာထားနှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကြည့်မိသောအခါ ကျော်က ဝမ်းနည်းတတ်သူဖြစ်သည်။ ချက်ချင်းပင် မျက်နှာညှိုးသွား၏။ ဒါပေမယ့် ကျော် စောစောကလုပ်သည့်ရည်ရွယ်ချက်ကို ကျွန်တော်က သိထားတာမို့သူမ၏စိုးရိမ်မှုကို အပြစ်မတင်ရက်ပါ။

ကျော်က အားလုံးရှေ့မှာပင် ကျွန်တော့်ကို တောင်းပန်သလို ပြောသည်။

"နင်စိတ်ဆိုးသွားသလားဟင် ဥက္ကာ၊ ငါက အမှတ်တမဲ့..."

သဇင်ထွန်းရှေ့မို့ ကျွန်တော်က ကျော့်စကားကို တစ်ဝက်တပျက်မှာပဲ ရပ်တန့်စေသည်။

ထိုအခြေအနေကို ငြိမ်းငြိမ်းက သဘောပေါက်ပြီး ထအော်တော့သည်။

"အမလေးနော်.... ဖြစ်နေလိုက်ကြတာ၊ ဖြစ်နေလိုက်ကြတာ"

အားလုံးက ပြုံးစိစိလုပ်ကြပေမယ့် သဇင်ထွန်းက ဘာမှမဖြစ်သလို ခပ်တည်တည်ဖြစ်ပါသည်။

ဒီလိုနှင့်ပင် ကျွန်တော်သည် ပထမဆုံးအကြိမ် သဇင်ထွန်းနှင့် ကျော်တို့ကြားတွင် အနေရခက်ခဲ့သည်။

ထိုနေ့က ကျွန်တော်တို့အားလုံး အတန်းသွားမတက်ကြဘဲ ကန်တင်းမှာ တစ်နေကုန် ထိုင်ဖြစ်ကြ၏။ ထို့ကြောင့် ကျွန်တော်နှင့် သဇင်ထွန်းတို့သည်လည်း ရင်းနှီးခွင့်ရခဲ့လေသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၅)

ဒီနေ့ ကျော့်မွေးနေ့မို့ ကျွန်တော်က ခါတိုင်းထက် နည်းနည်းပိုလှချင်နေမိ၏။ရေချိုးပြီး မှန်ရှေ့မှာကြာနေတော့ အမေကပင် ကျွန်တော့်ကို နောက်လိုက်သေးသည်။

"အမလေး ...ငါ့သားတော့ အခုတလော မှန်ကြိုက်လှချည်လား"

ကျွန်တော်ကဘာမှပြန်မပြောတော့ဘဲ ပြုံးရယ်ကာ အမေ့ရှေ့မှ ထွက်ပြေးလာခဲ့၏။ ကျောင်းကားပေါ်ရောက်တဲ့အထိ အမေ့စကားကြောင့် အရှက်မပြေချင်။ ကားစီးရင်းလည်း တစ်လမ်းလုံး ရင်တွေခုန်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ရဲ့မွေးနေ့ဝတ်စုံကို စိတ်ထဲမှ ခန့်မှန်းကြည့်တော့ တော်တော်လှပါသည်။ ဒီလိုပဲ ကျော်ဆိုတဲ့ကောင်မလေးဟာ ကျွန်တော့်အတွေးတို့ကို အမြဲစိုးမိုးနေတတ်သည်။

ကျွန်တော်တို့ ကျောင်းကား ဖယ်ရီဝင်းထဲရောက်လာတော့ ပထမဆုံး ကျွန်တော်မြင်ရသည်မှာ လူတွေကြားမှ ကျော့်ကားအဖြူရောင်လေးဖြစ်လေသည်။ ကားနားတွင် ကျော်က အဝါရောင်ဝတ်စုံနှင့် မတ်တပ်ရပ်ကာ လှိုင်မြို့နယ်မှ ဖယ်ရီများရပ်သည့်နေရာတွင် ကျွန်တော် ပါလာမည့်ကားကို လိုက်ကြည့်နေ၏။ကျွန်တော်က ကားပြတင်းပေါက်မှ ကျော့်ကို လက်ပြလိုက်ပါသည်။

ကျော်က လက်ပိုက်ထားရာမှ လက်တစ်ဖက်ကို မြှောက်ပြသည်။ ကျွန်တော်လည်း ကျောင်းကားပေါ်မှဆင်းပြီး ကျော့်ဆီသို့တန်းသွားကာ နှုတ်ဆက်လိုက်ပါသည်။

"ဘာလိုလဲ မိကျော် ...ကောင်းသောမွေးနေ့ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ဥက္ကာရဲ့၊ ဒီနေ့မနက် အန်တီလေးက မုန့်ဖိုးသုံးသောင်းတောင် ပေးလိုက်တယ် ... ဟဲဟဲ"

အဝါရောင်ဝတ်စုံနှင့် လှချင်တိုင်းလှနေသော ကျော်သည် ကျွန်တော့်ကို ခပ်ပြုံးပြုံးပင် ကြည့်နေသည်။ ပြီးတော့ ကျွန်တော့်ကို သူ့မကားနှင့်ခေါ်သွားပြီး အမှတ်တရဆိုင်နားတွင် ရပ်လိုက်၏။

ဆိုင်ထဲကိုရောက်တော့ ထုံးစံအတိုင်းကျော်ကကျွန်တော့်ဆံပင်တွေကို ကိုင်ကြည့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နင်စားချင်တာစားနော် ဥက္ကာ ... ငါ ကျွေးမယ်၊ နင့်ဆံပင်တွေကိုလည်း မသက်ဆီမှာ ငါလိုက်လျှော်ပေးမယ်"

"အာ.... မလျှော်ပါဘူး၊ ငါ မနေ့ကမှ ခေါင်းလျှော်ထားတာ ကျော်ရဲ့ ... နင် ဘာသိလို့လဲ"

"ဘာဖြစ်လဲကွာ ...နင်ကလည်း ထပ်လျှော်ပေါ့၊ ငါ့မွေးနေ့မှာ ငါ ကိုင်ကြည့်နေကျ နင့်ဆံပင်တွေကို ခေါင်းလျှော်ပေးမယ်လို့ စိတ်ကူးထားလို့ပါဟ ... ဟို ... ငါလည်းနင်နဲ့အတူတူ ခေါင်းလျှော်မယ်လေ ... ဘယ်လိုလဲ"

ကျွန်တော်က ထပ်ငြင်းလိုက်ဖို့ စိတ်ကူးမိသေးသော်လည်း သူမ၏မျက်လုံးတွေကို မြင်ရသောအခါ ခေါင်းညိတ်ပြမိလျက်သား ဖြစ်နေလေသည်။ကျော်က ကျွန်တော်သဘောတူလိုက်သဖြင့် ဝမ်းသာနေ၏။

"မြန်မြန်လေးစားပြီး မြန်မြန်လေးသွားကြရအောင်"

ပြောပြီး ကျော်သည် ဆီချက်ခေါက်ဆွဲတစ်ပွဲကို မှာသည်။ ကျွန်တော်ကကြာဇံချက်တစ်ပွဲ...၊မိနစ်နှစ်ဆယ်ခန့်ကြာပြီးသောအခါ ကျွန်တော်တို့ စားသောက်သည့်ကိစ္စမှာလည်း ပြီးသွားခဲ့၏။

ထို့နောက် ကျွန်တော်တို့နှစ်ယောက်မှာကျော့်ကားနှင့်ရန်ကင်းရှိSunn Beauty Salonသို့ဒုတိယအကြိမ်ရောက်လာခဲ့ကြသည်။ ကျွန်တော်တို့ကိုမြင်တော့ မသက်က ရယ်ရင်းပြုံးရွှင်စွာကြိုဆိုသည်။

"လာ ... ခင်မေကျော်၊ ဒီတစ်ခါရော ဘာဖြစ်လာပြန်ပြီလဲ"

www.burmeseclassic.com

www.burmeseclassic.com



မသက်က ဟိုတစ်ခါ အဖြစ်အပျက်ကို မှတ်မိစွာပြောတော့ ကျွန်တော်တို့ကတစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိကြ၏။

"ဒီတစ်ခါတော့ ဘာမှမဖြစ်ပါဘူး မသက်ရဲ့၊ ခေါင်းတွေ ညစ်ပတ်နေလို့ လာလျှော်တာ"

မသက်ကကျော့စကားကိုရယ်နေစဉ် ကျွန်တော်ကဖြတ်ပြော လိုက်သည်။

"အဲဒါ .... သူတစ်ယောက်ထဲ ညစ်ပတ်တာ မသက်၊ ကျွန် တော်မပါဘူး၊ အခု သူက ကျွန်တော့်ကို အတင်းအဖော်ခေါ်လာတာ"

"အံမယ်... ဥက္ကာ...နင်နော်၊ ငါက စေတနာနဲ့လည်း ခေါင်း လျှော်ပေးရသေးတယ်"

သူမ၏ စကားကို ကျွန်တော်က ထပ်နောက်လိုက်သည်။

"ဟင် ..အခုခေါင်းလျှော်ပေးမှာက မသက် မဟုတ်ဘူးလား"

ကျော်က ကျွန်တော့်စကားကြောင့် မျက်နှာကိုမဲ့ရင်း သူမ ပိုက်ဆံအိတ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်လိုက်ပါသည်။ ကျွန်တော် သုံးနေကျ Ginvera ခေါင်းလျှော်ရည်ဘူး ဖြစ်လေသည်။ သူမက ပြော၏။

"မသက်က ခေါင်းလျှော်ပေးမှာတော့ ဟုတ်ပါတယ်၊ ဒါပေ မယ့် ဟောဒီခေါင်းလျှော်ရည်က ငါ့ဥစ္စာလေ၊ ပြီးတော့ ခေါင်းလျှော်ခ ကို ငါက ပေးရမှာ...၊ ဒီတော့ ငါ ခေါင်းလျှော်ပေးတာလို့ ပြောခွင့် ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် စကားနိုင်လုနေတာကိုမြင်တော့ မသက်က တဟားဟားနှင့် အော်ရယ်၏။ ပြီးတော့ မသက်က မေးပါသည်။

"ကဲ ... ဘယ်သူ့အရင်လျှော်မှာလဲ"

"ဉက္ကာ အရင်လျှော်မှာ မသက်"

ကျော်က ကျွန်တော့်ဆီမှ တစ်စုံတစ်ရာ ခွင့်ပြုချက်မရမီ သူ့သဘောနှင့်သူ ဝင်ဆုံးဖြတ်သည်။ ဒီလိုနှင့် ကျွန်တော်သည် ဒုတိယအကြိမ်အဖြစ် သူစိမ်းမိန်းမတစ်ယောက်၏ ခေါင်းလျှော်ပေးခြင်းကို ခံရပြန်သည်။ ကျော်က ကျွန်တော့်ကို ငြိမ်သက်စွာ ကြည့်နေ၏။

ခဏမျှကြာတော့ ကျွန်တော် ခေါင်းလျှော်ပြီးသွားပြီ။ ထိုအခါ ကျော့်အလှည့်ဖြစ်လာသည်။ ကျွန်တော်က ဆံပင်တွေကို Dryer နှင့်အမှုတ်ခံရင်း သူမ ခေါင်းလျှော်ခံနေပုံကို ကြည့်နေမိသည်။

နှစ်ယောက်စလုံး ခေါင်းလျှော်ပြီးသွားကြသောအခါ ကျော်က ပိုနေသည့် Ginvera ဘူးကို ကျွန်တော့်အား ပေးပါသည်။

"ရော့ ... ဉက္ကာ ... နင်က Ginvera ကြိုက်တယ်မဟုတ်လား"

ကျွန်တော်က မငြင်းဘဲ ယူထားလိုက်ပြီး ကျော့်ကို ဖျော့တော့ ရီဝေစွာ စိုက်ကြည့်မိလေသည်။ ကျော်က ကျွန်တော့်အကြည့်များကို ပထမတော့ မသိချင်ယောင်ဆောင်သေး၏။ သူမသည် မမြင်ရသော တစ်စုံတစ်ရာအားကိုးဖြင့် နှုတ်ခမ်းတို့ကို မဲ့ကွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကာ ... ငါတို့ ဘယ်သွားကြဦးမလဲဟင်"

"ငါတို့ ယုဇနာ့ပလာဇာကို သွားကြမယ်၊ အဲဒီမှာ နင့်အတွက် ငါ မွေးနေ့လက်ဆောင်ဝယ်ပေးမယ်"

ချက်ချင်းပဲ သူမမျက်နှာသည် ဝင်းပသွားပြီး ပျော်ရွှင်သွား၏။

"တကယ်နော် ... နေစမ်းပါဦး၊နင်က ငါ့ကို ဘာဝယ်ပေးမှာလ"

"မပြောပြဘူး ... အသေခံမယ်"

"ပြောပါ .... ဥက္ကာ"

"နင်ကလည်း ဟိုရောက်တော့ သိမှာပေါ့"

ဒီတော့ သူမက နှုတ်ခမ်းကိုစူသည်။ ကျွန်တော့်ကို ဘာမှထပ်မမေးတော့။ လမ်းတစ်လျှောက်လုံးမှာလည်း ကားကို ခပ်မြန်မြန်သာ ဖိမောင်းနေ၏။

ဪ ...သူက ငါ့ကိုစိတ်ကောက်နေတာပေါ့လေ။

ထိုအတွေးကြောင့် ကျွန်တော် ရယ်ချင်သွားကာ ကားမောင်းနေသည့် သူမမျက်နှာကို ခိုးကြည့်လိုက်ပါသည်။

ကျော့သည် ငြိမ်သက်သော အရှိန်အဝါတစ်မျိုးဟု ကျွန်တော် ခံစားရ၏။

ကျွန်တော်တို့ ယုဇနပလာဇာသို့ ရောက်သွားသောအခါ ကျွန်တော်ကပင်ဦးဆောင်၍သူမကိုခေါ်လာခဲ့သည်။အိမ်မွေးတိရစ္ဆာန်တွေရောင်းသောနေရာကိုရောက်တော့ ကျွန်တော်က ရည်ရွယ်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်းယုန်တွေရောင်းတဲ့နေရာသို့ ဦးတည်လိုက်သည်၊၊ချစ်စရာယုန်သေးသေးလေးတွေက အများကြီးဖြစ်လေသည်။

"ကျော် ... နင် ဘယ်အကောင်လိုချင်လဲ"

ကျွန်တော် ထိုမေးခွန်းအား မေးသည့်အချိန်တွင် ကျော်က တင်းမာမနေတော့ဘဲ ပျော့ပျောင်းနူးညံ့နေပြီဖြစ်သည်။သူမမျက်နှာ၌ ပျော်ရွှင်မှုသည် ခုန်ပေါက်နေပြီး ယုန်သေးသေးလေးတွေကိုလည်း သူမက သေချာလိုက်ကြည့်နေ၏။

ရုတ်တရက် ကျော့်မျက်လုံးတွေ တောက်ပသွား၏။ ကျွန်တော့်ဆီ သူမက တစ်ချက်လှည့်ကြည့်ပြီး အဖြူဆွတ်ဆွတ် ယုန်လေးတစ်ကောင်ကို ညွှန်ပြလေသည်။

"ဥက္ကာ ...ဒီအကောင်လေးတွေ့လား၊ အဲဒီ အကောင်လေး ယူမယ်"

ကျွန်တော်က ကျော်ပြောသော ယုန်လေးကိုပဲ ဝယ်လိုက်ပါသည်။ လှောင်အိမ်သေးသေးလေးတစ်ခုအတွက်ပါ ကျွန်တော်က ပိုက်ဆံပေးချေလိုက်၏။ နောက် လွယ်အိတ်ထဲမှ အဆင့်သင့်ယူလာသော ဖဲကြိုးဝါလေးကို ကျွန်တော်က ယုန်လှောင်အိမ်၌ ချည်လိုက်ပါသည်။

"ရော့ ... ကျော် Happy Brithday နော်"

ဆိုင်ပိုင်ရှင်ကောင်မလေးက မုန်လာဥနီသေးသေးတစ်ခုကို အဆစ်ထည့်ပေးလိုက်တော့ ကျော်က သဘောကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နင်က စိတ်ကူးသိပ်ကောင်းတာပဲနော် ဥက္ကာ ... ငါကဒါမျိုး အကောင်လေးတွေ သိပ်လိုချင်တာဟ"

ပြောပြီး ကျော်သည် လှောင်အိမ်ထမှ ယုန်ကလေးကို ကျီစယ်နေပြန်သည်။သူမသည်ပျော်ရွှင်စွာကျောင်းထဲသို့ ပြန်သွားဖို့ပြင်ဆင်နေ၏။အပြန်လမ်းသည် ကျွန်တော်တို့နှစ်ယောက်၏မထူးဆန်းသော ရင်းနှီးမှုတွေ ဖြစ်နေခဲ့သည်။

"ဥက္ကာ ...ငါတို့ ဒီယုန်ကလေးကို ဘယ်လိုနာမည်ပေးကြမလဲဟင်"

ကျွန်တော်ကတစ်ချက်ရယ်လိုက်ပြီးအနည်းငယ်စဉ်းစားလိုက်ပါသည်။ ကျွန်တော် စဉ်းစားမရသောအခါ သူမကိုအလှည့်ပေးလိုက်၏။

"နင်ကရော ဘယ်လိုစဉ်းစားထားသလဲ"

သူမက မဆိုင်းမတွပင် ပြောသည်။

"ပူစီ"

"ဟာ .... နင်ကလည်း ဒါကြောင်မှမဟုတ်တာ၊ ဘယ်နှယ့်လဲကွာ... ကြောင်ပါ့"

"ဘာဖြစ်လဲဟ၊ ယုန်ကို ပူစီလို့ခေါ်တော့ မရဘူး... ပူစီပဲ"

ကျော်က ခေါင်းမာစွာ အတင်းငြင်းခုန်သဖြင့် ကျွန်တော်ကပဲ အလျှော့ပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေလေ ...နင့်ယုန်ပဲဥစ္စာ၊ နင်က ပူစီဆိုတော့လည်း ပူစီပေါ့"

ဒီလိုနှင့်ပင် ထိုယုန်သည် ကြောင်နာမည် ပူစီဖြစ်လာခဲ့ပြီး ကျွန်တော်တို့၏သံယောဇဉ်များက မက်မောဖွယ်အခါးတွေ ဖြစ်လာခဲ့သည်။

ကျော်သည် ကျောင်းထဲသို့ပြန်ရောက်တော့ ထိုယုန်ကို သူမ အိမ်သို့ ယူမသွားချင်ကြောင်း ပြောပါသည်။

"အိမ်မှာ အန်တီလေးက တိရစ္ဆာန်တွေမွေးတာ မကြိုက်ဘူး ဟ ညစ်ပတ်လိုက်တဲ့၊ ဟိုတစ်ခါ ကိုကို ခွေးမွေးတုန်းကလည်း အဆူခံရတယ် ဥက္ကာရဲ့၊ နင်က မသိလို့"

"ဒါဆို ငါ့ယုန်ကလေးကို ဘယ်မှာသွားမွေးမှာလဲ၊ နင်နော်... ငါဝယ်ပေးထားတဲ့ယုန်ကို ..."

ထိုအခါ ကျော့်ဆီမှ အံ့ဩဖွယ်အကြံသည် ချစ်စရာကောင်းစွာ ကျွန်တော်တို့ကြားသို့ ရောက်လာခဲ့လေသည်။

"ဒီယုန်က နင်ဝယ်ပေးတာဆိုပေမယ့် အခုဆို နှစ်ယောက် ပိုင်ပေါ့၊ငါတို့နှစ်ယောက် အတူတူမွေးကြမယ်လေ၊ ဒီယုန်ကို ဘယ် မှာထားမလဲဆိုတော့ ကြည်နူးရိပ်မှာပဲ ထားတာပေါ့၊ ကြည်နူးရိပ်ရဲ့ ဖျော်ဆရာ ကိုသိန်းက ငါတို့ဘော်ဒါပဲဥစ္စာ... သူကကူညီမှာပါ"

ကျွန်တော်လည်းသူမ၏စိတ်ကူးကိုသဘောတူလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ်လှပသော ဒီလိုစိတ်ကူးမျိုးကို ကျော်ဆိုသည့် မိန်းမကလွဲလို့ တခြားတစ်ယောက်က တတ်နိုင်မည်မဟုတ်ပေ။

"ဟုတ်ပြီ … နင်သိပ်တော်တာပဲ ကျော်ရာ၊ ငါတောင်ကိုသိန်း ဆီမှာ အပ်ထားဖို့ကိစ္စကို မစဉ်းစားမိဘူး၊ ဒါဆို ငါတို့ကျောင်းရောက် ရင် ဒီယုန်ကို အတန်းထဲခေါ်သွား၊ ကားနဲ့ခေါ်သွားလုပ်လို့ရတာပေါ့"

"ဟာ…ဥက္ကာရယ်၊ နင်ကလည်း ယုန်ကိုကားနဲ့ မကြာခဏ ခေါ်သွားရင်း မကောင်းဘူးဟ၊ သူ ကားမူးနေလိမ့်မယ်"

ကျော်က သူမ၏ယုန်ကို စိုးရိမ်စွာ ကြိုတင်ကာကွယ်နေသေး ၏။ ကျွန်တော်သည် ကျော်နှင့်အတူ ယုန်တစ်ကောင်ကို အတူတူမွေး ဖို့ကိစ္စအား ကြိုတင်စဉ်းစားမိရုံဖြင့် ရင်ခုန်နေလေသည်။

ကျော်က ဆက်ပြော၏။

"ဒီကောင့်ကို ငါတို့နှစ်ယောက်က အစာမှန်မှန်ကျွေးမယ်၊ ကို သိန်းကိုလည်း နည်းနည်းပါးပါး အရက်ဖိုးပေးပြီး ငါတို့ယုန်လေး ကို စောင့်ရှောက်ဖို့ ညဖက်မှာ အစာကျွေးဖို့ တာဝန်ပေးရမယ်။ ပြီး တော့ မနက်ဖြန်ကျရင် ယုန်စားဖို့ မုန်ညှင်းရွက်တွေ၊ မုန်လာဥနီတွေ သွား ဝယ်ရမယ်"

ကျော်သည် ယုန်ကလေးနှင့် ပတ်သက်သော အနာဂတ်ကို စီမံရင်း ပျော်ရွှင်နေပုံရသည်။ ကျွန်တော်လည်း ကျော် ဒီလောက် ပျော်ရွှင်လိမ့်မည်မထင်ထားသဖြင့် သူမအတွက်ယုန်ဝယ်ပေးဖို့ စိတ် ကူးအား ကျေးဇူးတင်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျော် . . . ဒီယုန်ကို"

ကျွန်တော့်စကား မဆုံးခင် သူမက ဖြတ်အော်၏။

"ဘာ ဒီယုန်လဲ၊ သူ့နာမည် ပူစီလေ"

"အေးပါဟာ . . . မေ့သွားလို့ပါ၊ ငါတို့ ပူစီကို အကြိုချပ်ပေးဦးမလား"

ကျွန်တော့် မေးခွန်းကြောင့် ကျော်က ခဏမျှ စဉ်းစားနေသေး၏။ နောက်တော့ သူမက ခေါင်းရမ်းပြလေသည်။

"မကောင်းပါဘူး ဉက္ကာရယ်၊ ဒီအတိုင်းလေးပဲ ကောင်းပါတယ်ဟာ"

ကျွန်တော့်စိတ်ကူးကို ကျော်က ပယ်ချလိုက်သဖြင့် နည်းနည်းအားငယ်သွားသည်။ ဘာထပ်ပြောရင်ကောင်းမလဲဟု စဉ်းစားနေစဉ်မှာစနေ၊တနင်္ဂနွေဆိုသည့် ကျောင်းပိတ်ရက်များ အကြောင်းကခေါင်းထဲ ဝင်လာသည်။

"ကျော် ... စနေ၊ တနင်္ဂနွေဆိုရင် ငါတို့ ပူစီကို မတွေ့ရဘဲဖြစ်မှာပေါ့ဟ၊ အဲဒီလိုဆို ဘယ်လိုလုပ်မလဲ၊ နင်ကြံစမ်းပါဦး"

ကျွန်တော့်စကားကြောင့် ကျော်က သူမ နှုတ်ခမ်းများကို လှပစွာ မဲ့ကွေးလိုက်ပါသည်။

"ဒါများ ဉက္ကာရယ် ... ငါက စဉ်းစားပြီးသား၊ ဒီလိုလေဟာ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်ကျရင် ငါတို့နှစ်ယောက် ရှစ်မိုင်က Junction 8 မှာချိန်းကြမယ်လေ၊ အဲဒီကမှ ငါ့ကားနဲ့ ကျောင်းထဲကို

www.burmeseclassic.com

www.burmeseclassic.com



လာမှာပေါ့ဟ၊ ရှစ်မိုင်ဆိုတော့နင်နေတဲ့ လှိုင်နဲ့လည်းနီးတယ်မဟုတ်လား၊ ပြီးတော့ အဲဒီကျရင် . . .”

ကျော်က စကားကို ဆုံးအောင်မပြောဘဲ ရပ်လိုက်သဖြင့် ကျွန်တော်က ပိုသိချင်သွားသည်။

“ဆက်ပြောလေ မိကျော်၊ အဲဒီကျရင် ဘာဖြစ်သလဲ”

ကျွန်တော်က မေးလိုက်သဖြင့် ကျော့်မျက်နှာမှာ ရှက်ရိပ်တချို့ဖြတ်သန်းသွား၏။ ဒါပေမယ့် သူမက ကျွန်တော့်မေးခွန်းကိုတော့ ဖြေပါသည်။

“အဲဒီကျရင်ဟာ . . . ဟိုကွာ . . . နင့်ဆံပင်တွေကို ကိုင်ကြည့်လို့ရတာပေါ့၊ ကျောင်းပိတ်ရက်ပေမယ့်လည်း ငါတို့ အရင်နေ့တွေလိုပဲ ပုံမှန်တွေ့ခွင့်ရတာပေါ့ဟ ... မဟုတ်ဘူးလား”

ကျော့်အကြံကို ကျွန်တော်က သဘောကျစွာ ရယ်မိတော့ သူမကပါ လိုက်ရယ်သည်။ ဒီလိုနှင့်ပင် ကျွန်တော်တို့ နှစ်ယောက်ကြားရှိ နွေးထွေးမှုမှာ ပိုမိုခိုင်မြဲလာပြီး အားလုံးသော အမှန်တရားတို့က ရယ်စရာဖြစ်ခဲ့သည်။

ခင်မေကျော်ဆိုသည့် မိန်းမသည် ကျွန်တော့်အတွက် ဖတ်စာအုပ်တစ်အုပ်ဖြစ်လာ၏။ အရာရာကို ပေါ့ပေါ့ပါးပါး ရှိတတ်သော သူမသည် ခံစားမှုကိုရော ယုံကြည်ပါရဲ့လား။ ဒါကတော့ ကျွန်တော် ဘယ်လိုမှ တွေး၍ မရသော ကိစ္စတစ်ရပ်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၆)

ဒဂုံတက္ကသိုလ်ဝင်းသည် ကိုယ်ပိုင်ကားမရှိသူတစ်ယောက် အဖို့ ကျယ်ဝန်းသည်ဟု ဆိုနိုင်ပါသည်။

ကျွန်တော်တစ်ယောက်ထဲ နိုင်ငံတကာ ဆက်ဆံရေး (IR) ဖက်မှ ဖထီးကန်တင်းဆီကို သွားရန် ခြေလှမ်းပြင်လိုက်၏။ ဖထီး၌ အတန်းထဲက ကောင်တွေရှိနိုင်သည် မဟုတ်လား။

ထိုစဉ် . . .

"ဟော့ . . . ဥက္ကာ"

ခေါ်သံကြား၍ လှည့်ကြည့်သော သဇင်ထွန်းဖြစ်နေတာကို တွေ့ရသည်။အနီနှင့်အနက်ကိုတွဲဖက်ဝတ်ဆင်ထားသောသဇင်ထွန်း က တော်တော်လှလေသည်။

ကျွန်တော်က ပြုံးပြလိုက်ပြီး တစ်ယောက်တည်းလားဟု မေး လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့ . . . ကျွန်မက အမြဲတမ်းတစ်ယောက်ထဲပဲ၊ တစ်ခါတလေမှ ခင်မေကျော်နဲ့ တွဲတာ"

ဘာအဓိပ္ပာယ်မှန်းမသိသော်လည်း ကျွန်တော်က သဇင်ထွန်း၏ စကားပြောသံကို သဘောကျနေမိသည်။

"သဇင်က အခုဘယ်လဲ"

"ကန်တင်းပဲ၊ ဉက္ကာရော ကန်တင်းပဲမဟုတ်လား။ လာလေ အတူသွားတာပေါ့၊ တို့ တိုက်ပါ့မယ်"

ကျွန်တော်က သဘောတူကြောင်း ခေါင်းညိတ်ပြတော့ သဇင်ထွန်းက မေးခွန်းတစ်ခုမေးသည်။

"ခင်မေကျော်ရော . . . ဉက္ကာ"

"ကျော် . . . ဒီနေ့ ကျောင်းမတက်ဘူး သဇင်ရဲ့၊ ဖျားနေတယ်၊ ကျွန်တော်လည်း စောစောတုန်းကမှ ဖုန်းဆက်လို့သိရတာ"

ကျွန်တော်က ရယ်တော့ သဇင်ထွန်းက နားမလည်သလို တစ်ချက်ကြည့်ပါသည်။ ထို့နောက် ကျွန်တော်တို့နှစ်ယောက် ဖထီးဆိုင်သို့ လျှောက်လာခဲ့ကြ၏။ ဖထီးဆိုင်ကို ရောက်သောအခါ သဇင်ထွန်းက လက်ဖက်ရည်နှစ်ခွက်မှာသည်။

ဒီကောင်မလေးကို ရင်ခုန်ဖို့ ကျွန်တော် တွေးကြည့်မိသော်လည်း သာယာသည့်စိတ်သာရှိပြီး ရင်ခုန်လို့မရဘဲရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကာ"

ခေါ်သံကြောင့် ကျွန်တော့်အတွေးတို့မှာ ရပ်တန့်သွားသည်။ ကြည့်လိုက်မိသော သဇင်ထွန်း၏မျက်နှာတွင် အလင်းရဲ့အရိပ်ပွာယ် တချို့ကို ကျွန်တော် ခံစားရသည်။

"ပြောလေ . . . သဇင်"

"တို့ ဥက္ကာကို မမြင်ဖူးခင်ကတည်းက ကြိုပြီး စိတ်ကူးနဲ့ ပုံဖော်ကြည့်ဖူးတယ်။ ခင်မေကျော်က ဖက်ရှက်ကြီး ခေါင်းပေါ်ပြုတ်ကျလာတာကို ပြောပြကတည်းကဆိုပါတော့ ...၊ အဲဒီတုန်းကတော့ ဘာရယ်လို့မဟုတ်ပါဘူး။ ခင်မေကျော်စကားကြောင့်ရယ်စရာတစ်ခုကို ပုံဖော်ကြည့်မိတာမျိုးပါ၊ ဒါပေမယ့် .... အပြင်မှာ ခင်မေကျော်က ဥက္ကာကို တကယ်တမ်းမိတ်ဆက်ပေးတဲ့နေ့မှပဲ တို့ ကိုယ့်ကိုယ်ကို အံ့သြခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ တို့စိတ်ကူးထဲက ပုံဖော်ထားတဲ့ကောင်လေးနဲ့ဥက္ကာကတကယ့်ကို တစ်ထပ်ထဲတူနေလို့ပဲ၊သိလား ဥက္ကာ၊ ဘယ်လောက် ထူးဆန်းလိုက်သလဲနော်"

သဇင်ထွန်း၏စကားကြောင့် ကျွန်တော်လည်း အမှန်ပင်အံ့သြသွားပါသည်။ ကျွန်တော်အံ့သြနေပုံကို မြင်တော့ သူမက ပြုံး၏။

"တကယ်ပြောတာ ဥက္ကာရဲ့၊ ခင်မေကျော်ကိုတောင် တို့ပြောပြလိုက်သေးတယ်။ သူက ဥက္ကာကို ပြန်မပြောပြဘူးလား"

ကျွန်တော် ငြိမ်သက်စွာ ခေါင်းရမ်းလိုက်ပါသည်။ရုတ်တရက်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျော့်ကို ကျွန်တော် သတိရလာ၏။ ကျော် နေမကောင်းဖြစ်နေသည့် အချိန်တွင် ကျွန်တော်က ကျော့်ကို စိုးရိမ်ပူပန်ပေးနေသင့်သည်။

ကျော်မဟုတ်သော သူစိမ်းမိန်းမတစ်ယောက်နှင့် ဒီလိုမျိုး ရင်းရင်းနှီးနှီးနေတာကို သူမ သိသွားလျှင်မကောင်း။ကျော်ကအတန်း ဖော်တွေဖြစ်သော လှမြတ်ဟန်၊ ငြိမ်းငြိမ်းတို့မှ လွဲ၍ အခြားကောင် မလေးတွေနှင့်ဆို ကျွန်တော့်ကို သဝန်တိုတတ်သည်။ အဲဒီအခြေ အနေကို ကျွန်တော် ခေါင်းရမ်းလိုက်မိ၏။ ကျွန်တော်နှင့် သဇင်ထွန်း တို့ကြားရှိ ငြိမ်သက်မှုမှာ ခံစားမှုအဖြစ် မကူးပြောင်းမီကာလအတွင်း ကျွန်တော်အနေအထိုင်တတ်ဖို့ လိုမှန်းသဘောပေါက်လိုက်ပါသည်။

ထိုစဉ် ... ငြိမ်းငြိမ်းနှင့် လှမြတ်ဟန်တို့၏ ဝမ်းသာအားရ ဆူညံအော်ဟစ်သံများက ဖထီးဆိုင်ထဲသို့ ဝင်ရောက်လာကြ၏။

"ဥက္ကာ . . . အစုတ်ပလုတ်ကောင်၊ အတန်းမတက်ဘဲလျှောက် လိမ့်နေတဲ့ကောင်"

"မဟုတ်ဘူးကွ၊ ဒီမှာ သဇင်နဲ့တွေ့နေလို့"

ကျွန်တော့်စကားကြောင့် နောက်မှပါလာသော ကျော်စွာက ဝင်နောက်၏။

"မင်းကွာ . . . အမြဲတမ်းသမိုင်းဘက်မှာချည်းပဲဆိုတော့ ငါက မေဂျာပြောင်းသွားပြီ အောက်မေ့လို့ကွ"

သက်ဦးနှင့် ဝေမင်းအောင်ကလည်း အသံကျယ်ကြီးနှင့်အော် ရယ်သည်။သူတို့နှင့်အတူသဇင်ထွန်းကလည်းလှပစွာရယ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းငြိမ်းက . . .

"ဥက္ကာ . . . နင့်ကျော်ရော"

"ဒီနေ့ နေမကောင်းလို့ ကျောင်းမလာဘူးဟ"

"သြော် . . . ဒါကြောင့်ကိုး"

အနှောင့်အသွားမလွတ်သော ငြိမ်းငြိမ်းစကားကြောင့် ကျွန်တော်က သဇင်ထွန်းကို အားနာစွာ တစ်ချက်ကြည့်လိုက်မိသည်။ သဇင်ထွန်းကတော့ ဘာမှမဖြစ်သလို အဝေးကြီးကိုငေးကြည့်နေ၏။

ပြီးတော့ ကျွန်တော့်ဖက်ကို မသိမသာ လှည့်ကြည့်ပါသည်။

"ဥက္ကာ ... သူတို့နဲ့ အတန်းတက်ချင်သွားတက်နော်၊ တို့ကို အားမနာနဲ့"

သဇင်ထွန်း၏ စကားကြောင့် လှမြတ်ဟန်က ဝင်ပြော၏။

"ဒီနေ့ အတန်းမရှိတော့ဘူး သဇင်ရဲ့၊ အေးဆေးပဲ .. တို့တွေ တစ်ညနေလုံး ကန်တင်းထိုင်ကြမှာ"

ဒီလိုနှင့် ကျွန်တော်တို့ အတန်းထဲက ကောင်တွေနှင့် သဇင်ထွန်းသည် လုံးထွေးသွားကြပြီး အကြာကြီး ကန်တင်းထိုင်ဖြစ်ကြသည်။ နောက်ပြောင်ကြရင်း သူတို့ရင်းနှီးသွားကြ၏။

ထိုနေ့က ကျွန်တော့်မှတ်ဉာဏ်ထဲတွင် ခင်မေကျော်နှင့်သဇင်ထွန်းသည် ရောထွေးသွားပါသည်။ ဘာမှန်းမသိရသော ခံစားမှုတစ်မျိုးကလည်း ကျွန်တော့်အသိတရားကို စိန်ခေါ်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သဇင်ထွန်းကို ကျွန်တော်ကြည့်မိသောအခါ ကျွန်တော့်မျက်ဝန်းတို့ကပဲ လောင်ကျွမ်းရပြန်သည်။

ကျွန်တော်တို့နှစ်ယောက်စလုံးမှာ ဟန်ဆောင်ကောင်းကြသူများဖြစ်ကြပြီးကျန်သူငယ်ချင်းတွေလုံးဝမရိပ်မိအောင် ကိုယ့်ကိုယ်ကိုကာကွယ်နိုင်ခဲ့ကြသည်။ ကျွန်တော်တို့ကြားရှိ တစ်စုံတရာသည် ပါးလွှာလွန်းလှ၏။သို့သော်ကျွန်တော်တို့၏ထိန်းချုပ်နိုင်မှုကပါးလွှာခြင်းကို ခိုင်ခံ့စေခဲ့ဟန်တူပါသည်။

ပြန်ခါနီးတော့ သဇင်ထွန်းက ကျွန်တော့်ကို ပြောသည်။

"နောက်နေ့မှပဲ တွေ့ရအောင်"

ကျွန်တော်ကလည်း အယောင်ယောင်အမှားမှား ခေါင်းညိတ်ပြခဲ့မိသည်။

နောက်နေ့ဆိုသည်မှာ ကြာတတ်မှန်း ကျွန်တော် အကြာကြီးနေမှ သိခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၇)

ကျော်သည် ကြည်နူးရိပ်ကန်တင်း၏ ငြိမ်သက်တိတ်ဆိတ်မှုကို သဘောကျစွာ ငေးမောနေသည်။ ကျွန်တော်တို့ ထိုင်နေသောစားပွဲပေါ်မှ လှောင်အိမ်ထဲတွင် ပူစီက ငြိမ်ငြိမ်ကလေး ဝပ်နေကာ မုန်ညှင်းရွက်တွေကို စားနေ၏။

"ဦးက္ကာ"

"ဘာလဲ ကျော်"

"မနေ့က ငါကျောင်းမတက်တော့ နင် သဇင်နဲ့ ကန်တင်းသွားထိုင်တယ်ဆို"

ထိုမေးခွန်းသည် ကျော်က မေးသောကြောင့် ကျွန်တော်နည်းနည်း အံ့သြသွားပါသည်။

"နင့်ကို ဘယ်သူပြောသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲပေါ့ဟ၊ ငါ့ကိုပြန်ပြောပြမယ့်သူတွေက ဒီကျောင်းထဲမှာ တစ်ပုံကြီး၊ သဘောပေါက်လား"

သူမစကားကြောင့် ကျွန်တော်က ခပ်ဟဟ ရယ်လိုက်မိသည်။ ကျော်က ကျွန်တော့်ကို မျက်မှောင်ကုတ်ရင်း ပြန်ကြည့်၏။

"ဟုတ်တယ် ကျော်၊ မနေ့က ငါ သဇင်နဲ့ ကန်တင်းထိုင်ဖြစ်တယ်။ဒါပေမယ့်နှစ်ယောက်ထဲတော့မဟုတ်ပါဘူး။ငါတို့အတန်းထဲက ကောင်တွေရော"

"ငါမေးတဲ့အထဲမှာ ဘယ်နှစ်ယောက်ပါသလဲလို မပါဘူးနော်ဥက္ကာ ... ကန်တင်းထိုင်သလားလို့ပဲ မေးတာ"

ကျော်က အဲဒီလိုပြောတော့ ကျွန်တော်က ကိုယ့်မလုံခြုံမှုကြောင့် ရှက်သွားပါသည်။ ဘာလုပ်ရမှန်းမသိဘဲ စားပွဲပေါ်က ပူစီကို မုန်လာဥနီတစ်ခု ယူကျွေးလိုက်မိ၏။

"ဥက္ကာရယ် ... ရှက်ပြီး လျှောက်လုပ်မနေစမ်းပါနဲ့၊ ဟိုမှာပူစီက မုန်လာဥနီတွေ မကုန်သေးဘူး"

သူမပြောလိုက်မှပင် ကျွန်တော့်မှာ ပိုပြီး ရှက်သွားတော့သည်။ ထိုစဉ်မှာ ကျော်ကကျွန်တော်တို့နှစ်ယောက်ကြားသို့ ပြဿနာတစ်ခုကို တင်သွင်းလာသည်။

"ဥက္ကာ ... ငါတို့ ပူစီက အထီးလား၊ အမလား"

ကျော် ပြောမှ ကျွန်တော်လည်း ယုန်ကို သေချာကြည့်မိ၏။ သို့သော် ကျွန်တော်က ယုန်တစ်ကောင်ကို အထီး၊ အမ ခွဲခြားတတ်

www.burmeseclassic.com

www.burmeseclassic.com



သူ မဟုတ်ပေ။ ဒါပေမယ့် ကျော်ကလည်း သိသူ မဟုတ်သဖြင့် ကျွန်တော်က ရမ်းပြောလိုက်ပါသည်။

"အထီးဟ"

"မဟုတ်ပါဘူးဟာ…အမပါ၊ ဟိုမှာ သေချာကြည့် နို့လေး တွေ့ပါတယ်"

"အထီးပါ မိကျော်ရယ် အထီးလဲ နို့ပါတာပဲ"

"မဟုတ်ဘူး အမ"

"အထီးကွာ၊ ကျော်နော် … နင်က ဘာသိလို့လဲ"

ကျွန်တော်က ခပ်တည်တည်ဖိန့်လိုက်သော်လည်း ကျော်က သူမ၏ ယုံကြည်မှုကို မစွန့်လွှတ်ပေ။

"အဲဒါဆို လောင်းမလား"

ကျော်နဲ့ စကားများရသဖြင့် ကျွန်တော်ပျော်သွားပါသည်။

"လုပ်လိုက်လေ ဘာကြေးလဲ"

သူမက အနည်းငယ် စဉ်းစားလိုက်ပါသည်။

"ခိုင်းတာ လုပ်ပေးကြေး"

ကျော် ပြောသောကြေးသည် ကျွန်တော့်အတွက် တမင်လုပ်ယူ ထားသော ဟာသဖြစ်သည်။

"အိုကေလေ . . . နင်သဘောပဲ"

"ဒါဖြင့် ဒီယုန်ဟာ အထီးလား၊ အမလားဆိုတာ ဘယ်လို အတည်ပြုချက်ယူရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်တော်တို့နှစ်ယောက်စလုံး ငြိမ်သက်သွားကြ၏။ ရုတ်တရက် ကျွန်တော် အကြံရသွားပါသည်။

"ဒီလိုလုပ်ကွာ ... ဈေးက တစ်ယောက်ကို ခေါ်မေးမယ်"

"အေး . . .ဟုတ်ပြီ၊ ကောင်းတယ် ... ဒါဆို ငါတို့ ဈေးဖက်ကို သွားကြမယ်"

"ကဲ . . . ပိုက်ဆံ၊ ပိုက်ဆံ ကိုသိန်းရေ ဒီမှာ ပူစီကို လာ ခေါ်ပါဦး"

ယုန်ကို ဖျော်စရာ ကိုသိန်းက လာယူသွားပြီး ကျွန်တော်တို့နှစ်ယောက်ဈေးဘက်သို့ခရီးဆက်ကြလေသည်။ မိန်းလမ်းမကြီးကို ဖြတ်တော့ နေက အတော်မြင့်နေပြီမှန်း ကျွန်တော် သတိထားမိ၏။

ဈေးအဆောင်သို့ ရောက်ရောက်ခြင်း ပထမဆုံးတွေ့ရသည်မှာ အဆောင်ကော်ရစ်ဒါတွင် စာထိုင်ဖတ်နေသော အတန်းကြီးကျောင်းသူနှစ်ယောက်ဖြစ်သည်။ ကျော်က ကျွန်တော့်ကို မျက်စပစ်ပြ၏။ ဘယ်လိုလဲဆိုသည့်သဘော ...။ ကျွန်တော်က သူမကို ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

"ဒီက အစ်မတို့က ဈေးကထင်တယ်နော်"

ကျွန်တော်က မေးတော့ နှစ်ယောက်ထဲက တစ်ယောက်က ယောင်နနနှင့်ခေါင်းညိတ်ပြပါသည်။ ထိုအခါ ကျော်က ဝင်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ အစ်မရယ် . . . ကျွန်မတို့ အကူအညီ တစ်ခုလောက် တောင်းချင်လို့ပါ"

"ပြောလေ ညီမရဲ့၊ ပြော . . ."

"ကျွန်မတို့မှာ ယုန်ပေါက်စကလေးတစ်ကောင်ရှိတယ်။ အဲဒါ အစ်မတို့က ဈေးကဆိုတော့လေ...အဲဒီ ယုန်ကလေးကို အထီး၊ အမ ခွဲခြားတတ်မလားလို့ပါ၊ ဘယ်လိုလဲ"

"ညီမရဲ့ ယုန်က ဘယ်မှာလဲ"

"ကြည်နူးရိပ်မှာပါ ... လိုက်ကြည့်ပေးနိုင်မလားဟင်"

ဈေးကျောင်းသူနှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြ၏။ သူမတို့ ကျော့်ကို ခင်မင်သွားကြဟန် တူသည်။ ကြည်နူးရိပ်မှာ ယုန်လိုက်ကြည့်ပေးဖို့ သဘောတူကြ၏။

"ကောင်းပြီ ... ညီမ ယုန်ဆီကို သွားကြတာပေါ့"

ဒီလိုနှင့် ကျွန်တော်တို့လည်း ကြည်နူးရိပ်သို့ လမ်းလျှောက် ကြရပြန်သည်။ကြည်နူးရိပ်ကိုရောက်တော့ ကိုသိန်းကအလိုက်သိသိ ယုန်ပူစီကို ယူလာပေး၏။ ထို ဈေးကျောင်းသူနှစ်ယောက်က ယုန်ကို သေချာကြည့်ကြလေသည်။

ကျွန်တော်၏ ချစ်စဖွယ်ကျော်သည် သူမတို့ဆီမှအဆုံးအဖြတ် ကို စိတ်လှုပ်ရှားစွာ စောင့်မျှော်နေသည်။

ခဏကြာတော့ ဈေးကျောင်းသူကောင်မလေး နှစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



အမြေရသွားဟန်ဖြင့် ကျွန်တော်တို့ဆီက မျက်နှာလှည့်လိုက်ကြ၏။ အမြေတစ်ခုကိုလည်း ပြိုင်တူပေးသည်။

"အမ" တဲ့။

ထိုအခါ ကျော်က ဟေးခနဲထအော်လေသည်။

"ကျေးဇူးပဲနော် အစ်မတို့ လက်ဖက်ရည် သောက်ပါဦး လား၊ ညဏ်ပူဇော်ခပေါ့"

"ရပါတယ် ညီမရဲ့ . . . အစ်မတို့မှာ ပရက်တီကယ်ရှိသေးလို့ သွားလိုက်ဦးမယ်နော်"

ပြောပြီး သူမတို့က ကျွန်တော့်ကိုလည်း ရယ်ပြလိုက်သေး ၏။ ကျွန်တော်လည်း မနေသာတော့ ...။

ထို့နောက် ဇူးကျောင်းသူနှစ်ယောက် ထွက်သွားကြသောအခါ ကျော်က အောင်နိုင်သူတစ်ယောက်လို ကျွန်တော့်အား ပြုံးပြလျက် ကြည့်ပါသည်။

"ဘယ်လိုလဲ ဥက္ကာ"

"ရပါတယ် မိကျော်ရယ် ... အခုမှတော့ ငါက နင်ခိုင်းတာ လုပ်လို့ရပြီပေါ့၊ ကဲ . . . ပြောစမ်းပါဦး၊ ဘာခိုင်းချင်သလဲ"

ကျွန်တော်က ထိုသို့ပြောတော့ ကျော်က စဉ်းစားပါသည်။

"အခု လောလောဆယ်တော့ နင့်ကို ငါ မခိုင်းသေးဘူး၊ ဒီတော့ နောက်မှပဲခိုင်းမယ်၊ အကြွေးပေါ့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... ဒီနေ့ အရှုံးအတွက် နင်လိုအပ်တဲ့အချိန်မှာ ဘယ်လို ကိစ္စမျိုးကိုမဆို နင် ငါ့ကိုခိုင်းပါ၊ ငါဖြစ်အောင် လုပ်ပေးပါ့မယ်"

အဲဒီစကားအဆုံးတွင် ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက်အကြာကြီးကြည့်နေမိကြသည်။ကြည်နူးရိပ်သည်ကျွန်တော့်စိတ်ထဲတွင် ပိုမိုတိတ်ဆိတ်သွားသည်ထင်မိ၏။

ကျွန်တော်တို့ကြားတွင် တတိယတစ်ယောက် ဖြစ်လာမည့်သူကို ဘယ်လိုခံနိုင်ရည်မျိုးနှင့် ကျွန်တော်ပုံဖော်ကြည့်ရမည်နည်း။

မမြင်ရသောလေထဲ၌ ခြောက်သွေ့မှုသည် ရနံ့တစ်မျိုးကိုချီပိုးထား၏။ ပန်းပွင့်တို့ကလည်း နူးညံ့သော ငွေမှုန်အစအနလေးများကို ဖျားယောင်းလျက်ရှိသည်။

သူမနှင့် ပတ်သက်သော ဘယ်လိုကံကြမ္မာမျိုးကိုမဆို ကျွန်တော်က ရင်ခုန်သူဖြစ်လေသည်။

"ကျော်"

သူမက မျက်ခုံးကို လှပစွာ ပင့်ပြ၏။

"ငါလေ"

ကျွန်တော်က ဆက်မပြောဘဲ ရပ်ထားသောအခါ ကျော်က အတင်းလိုက‌မေးပါသည်။

"ပြောလေ နင်ကလည်း"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ငါ ရည်းစားတစ်ယောက်လောက်ထားရင် ကောင်းမလား လို့ပါ"

"အဲဒီတော့ . . ."

"အဲဒီတော့ နင်က အကူအညီပေးပေါ့"

ကျော်က မျက်နှာမပျက်ဘဲ ကျွန်တော့်စကားကို မယုံသလို နှင့် စဉ်းစားနေ၏။ ထိုအခါ ကျွန်တော်က ကိုယ့်စကားကိုယ် ထပ်မံ အတည်ပြုပေးရသည်။

"တကယ်ပြောတာဟ နော် မိကျော်"

"ဒါဆိုလည်း ကောင်းပြီလေ၊ နင့်ကောင်မလေးကို ပြ . . .၊ ဒါပေမယ့် ငါ သဘောတူမှ လုပ်ပေးမှာနော် ဥက္ကာ"

"ပြမှာပေါ့ ကျော်ရဲ့၊ ငါ ဘယ်သူ့ကိုကြိုက်ရင် ကောင်း မလဲဆိုတာ စဉ်းစားရဦးမယ်"

"ဟင် . . . နင်က အခုမှ စဉ်းစားရမှာလား"

"စဉ်းစားရမှာပေါ့ မိကျော်ရဲ့ . . . အဲဒီ ကောင်မလေးဟာနင် ကိုယ်တိုင်လည်း ဖြစ်နိုင်တာပဲ"

ကျွန်တော့်စကားကြောင့် ကျော်က အားရပါးရ အော်ရယ် သည်။ သူမ၏ ရယ်မောနေပုံသည် မဖြစ်နိုင်သော ဟာသတစ်ခုကို ကြားလိုက်ရသော ကလေးငယ်တစ်ယောက်ကဲ့သို့ပင်ဖြစ်လေသည်။

"နင် ငါ့ကို ရည်းစားစကားပြောမယ်ဆိုရင်တော့ တည့်တည့် ပြောနော်ဥက္ကာ...သိပ်သွယ်ဝိုက်နေရင် ငါကမသိဘူးဟ၊ ဆယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



တုန်းက ငါ့ကို မင်းသက်ရွှေ ဆိုတဲ့ ကောင်လေးတစ်ယောက်က ရည်းစားစကားပြောဖူးတယ်။ သူက ကဗျာဆန်ဆန် သွယ်ဝိုက်ကွေ့ ပတ်ပြီး လျှောက်ပြောတာဆိုတော့ ငါက ပထမတော့ မသိဘူးပေါ့၊ နောက်မှ ငါက မေးယူရတယ်၊ ဘာတွေပြောနေတာလဲပေါ့လေ၊ ဒီ တော့မှ အဲဒီ မင်းသက်ရွှေဆိုတဲ့ ကောင်လည်း တော်တော်စိတ်ညစ် သွားပြီး ကျွန်တော် ခင်ဗျားကို ရည်းစားစကားပြောနေတာပါတဲ့။ သိလား လေသံပျော့လေးနဲ့၊ ငါကတော့ ကိုယ့်ကိုယ်ကို ရယ်ချင် နေတာပဲ သိတယ်”

ကျော်က ပြန်ပြောပြနေသောလေသံမှာ ရယ်စရာတစ်ခုကို အမှတ်တရပြန်ပြောပြနေပုံနှင့်မတူဘဲ တစ်စုံတစ်ရာကို ကာကွယ်ချင် စိတ်၊ သရော်လိုစိတ် စသဖြင့် ပါဝင်နေလေသည်။

ထို့နေ့က ညနေခင်းကို ရောက်တဲ့အထိ ကျွန်တော်တို့နှစ် ယောက် ကြည်နူးရိပ်တွင် ထိုင်နေခဲ့ကြသည်။ တိတ်ဆိတ်သော သူမ နှင့် ကျွန်တော်တို့နှစ်ယောက်ကြားတွင် ထက်ရှသည့် ဓားတစ်လက် ကို သူမက ဝှက်ထားခဲ့ပြီး ကျွန်တော်က မသိချင်ယောင်ဆောင်နေ ခဲ့သည်။

ညနေ ငါးနာရီကျော်တော့ ကျောင်းထဲတွင် လူမရှိတော့ သလောက်ဖြစ်သွားသည်။ ကျော်က ထိုအခါ သူမကားဖြင့်ကျွန်တော့် ကို အိမ်ပြန်လိုက်ပို့ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော့်မျက်နှာမှာ အရိပ်တစ်ခုဟု သဘောပေါက်ခဲ့သော်လည်း ဘယ်လိုအရိပ်ဆိုတာကိုတော့ ကျွန်တော် မခန့်မှန်းတတ်ခဲ့ပေ။

ခံစားချက်တို့၏ တစ်ဖက်စွန်းတွင် သူမတစ်ယောက် ဘယ်လို အသိတရားများဖြင့် ဖြတ်သန်းနေထိုင်သည်ကို ကျွန်တော် သိချင်လှပါသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၈)

ဒဂုံတက္ကသိုလ်အတွင်း ကျွန်တော်တို့ရဲ့ ကျောင်းတက်ရက်များမှာ သူမ၏ လှပသော မျက်ဝန်းများကြောင့် ပိုမိုပျော်ရွှင်ဖွယ် ကောင်းခဲ့ပါသည်။

ပင်လယ်ကဗွီးပင်တို့မှာ ကျောင်းဝင်းအနှံ့ လွတ်လပ်စွာ ပြန့်ကျဲပေါက်ရောက်လျက် ရှိသည်။

နေရောင်ခြည်နှင့် သူမ၏အပြုံးကြားတွင် ကျွန်တော့်အတ္တ တို့က ပို၍ပီပြင်လာ၏။ ဘယ်ရနံ့မျိုးကသော်လည်းကောင်း၊ ဘယ် လို ခံစားမှုမျိုးကသော်လည်းကောင်း ကျော့်လောက် ကျွန်တော့်ကို မဖျားယောင်းနိုင်တော့ပေ။ကျွန်တော်တို့နှစ်ယောက်အတူရှိနေချိန်များ

www.burmeseclassic.com

www.burmeseclassic.com



တွင်သူမကမျက်လုံးချင်းစကားပြောသူဖြစ်ပြီး ကျွန်တော်ကနွေးထွေးစွာ ရင်အခုန်မြန်သူ ဖြစ်သည်။

မြင်ရသော ခဏမှာပင် ကျော်သည် မေတ္တာတရား၏ သင်္ကေတဖြစ်၏။ သစ်ရွက်အစိမ်းများက မိုးရနံ့နှင့်အတူ ဝေ့ဝိုက်နေကြသည်။ ကံကြမ္မာသည် မြောက်ပြန်လေဆန်စွာ ပရမ်းပတာနှင့် တသုန်သုန်ရှိသည်။ကျွန်တော့်ရင်ထဲတွင်ပန်းတို့ပွင့်ခဲ့ကြပြီ။တိတ်ဆိတ်မှုမှာ လှောင်ပြောင်ရယ်မောစရာ ဖြစ်လာ၏။

❐ ❐ ❐

ထိုင်နေသော အခန်းထဲ၌ ထိုနေ့က လူစုံတက်စုံ ရှိလေသည်။ လှမြတ်ဟန်၊ငြိမ်းငြိမ်း၊သက်ဦး၊ကျော်စွာ၊ဝေမင်းအောင်နှင့်ကျွန်တော်။ ဒီနေ့ Paper (1) ကျူတိုရီရယ် ရှိသည် ဆိုသဖြင့် အခန်းထဲတွင် လူစုံနေကြခြင်းဖြစ်၏။ကျော်စွာကခေါင်းမူးနေသည်ဟုပြောပြီးအခန်းထောင့်တွင် သွားခွေနေသည်။ ငြိမ်းငြိမ်းက ကျော်စွာ့ကို လက်ညှိုးထိုးပြရင်း နောက်လေသည်။

"ကြည့်စမ်း ... လှမြတ်ဟန်၊ ဟိုကောင် ကျော်စွာ အရက်နာကျနေတာ"

အားလုံးက ကျော်စွာဆီကို လှည့်ကြည့်ကြ၏။ ဝေမင်းအောင်က ငြိမ်းငြိမ်းကို မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘယ်လိုလုပ်ပြီး ကျော်စွာကို အရက်နာကျတယ် ပြောရတာလဲ၊ ဘယ်လိုလုပ်သိသလဲ"

"အေးလေဟာ ... သူ့ဟာသူ ရိုးရိုးနေမကောင်းဖြစ်တာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူးဟ"

ငြိမ်းငြိမ်းက ငြင်းသည်။

"ဒါဆို နင်က ဘယ်လိုလုပ်သိသလဲ"

"ငါတို့အိမ်မှာ အစ်ကိုတွေ အများကြီးရှိတာပဲ၊ သူတို့တွေ အရက်နာကျလာရင် အဲဒီလိုပဲဥစ္စာ ... သိတာပေါ့ဟ"

ငြိမ်းငြိမ်းစကားကြောင့် အားလုံးကဝိုင်းရယ်ကြသည်။ ထိုစဉ် လှမြတ်ဟန်က

"သြော် ... ငြိမ်းငြိမ်း နင်က နင့်အစ်ကို အရက်သမားတွေနဲ့ ငါ့ကို ဒါကြောင့် ပေးစားချင်တာကိုး"

အားလုံးက ထပ်ရယ်ဖြစ်ကြပြန်သည်။ ကျူတိုရီရယ်စစ်မည့် ဆရာက ရောက်မလာသေးသဖြင့် အခြားအတန်းသားတွေကလည်း ကိုယ့်အုပ်စုနှင့်ကိုယ် နောက်ပြောင်ပျော်ရွှင်လျက်ရှိ၏။ ကျူတိုရီရယ် မဖြေခင် စာကို ကြိုးစားကျက်မှတ်နေသူဆို၍ တစ်ယောက်၊ နှစ်ယောက်သာရှိသည်။

ကျော်စွာကတော့ ဘယ်သူ့ကိုမှဘာမှပြန်မပြောဘဲသူ့မျက်နှာ ပေါ်က ဝက်ခြံဖုတွေကိုသာ ပွတ်သပ်နေလေသည်။ ထိုသို့ ငြိမ်သက်

www.burmeseclassic.com

www.burmeseclassic.com



နေသော ကျော်စွာ့ဆီကို သက်ဦးက လျှောက်သွား၏။

"ဟေ့ကောင် ... ကျော်စွာ၊ မင်း ညက တော်တော်များသွား သလား"

ကျော်စွာက ခေါင်းကိုခါပြ၏။ ကျန်သူငယ်ချင်းများကလည်း ကျော်စွာ့နားကို ဝိုင်းအုံလာကြသည်။ ပထမက နောက်ပြောင်နေခဲ့သော ငြိမ်းငြိမ်းနှင့် လှမြတ်ဟန်တို့ကပါ စိုးရိမ်စွာကျော်စွာ့ကိုသေချာ ကြည့်နေကြ၏။

ဝေမင်းအောင်က ကျော်စွာကို မေးပြန်သည်။

"မင်းနေကောင်းရဲ့လား ကျော်စွာ . . . ဆေးခန်းသွားမလား"

ကျော်စွာက ဘာမှပြန်မပြောဘဲ ခေါင်းပဲရမ်းလေသည်။ သက်ဦးက အဖြေမရသေးသဖြင့် ကျော်စွာ့ကို ထပ်မေး၏။

"မင်းကလည်းကွာ . . . အရမ်းသောက်တာကိုးကွ၊ ညက ဘယ်လောက်တောင် သောက်လိုက်သလဲ ဟေ့ကောင်"

ငြိမ်သက်နေသော ကျော်စွာ့ဆီမှ တုံ့ပြန်စကားသံ ထွက်လာသည်။

"လက်နှစ်လုံးလောက်ပါကွာ"

ဝေမင်းအောင်က ခေါင်းကိုရမ်းရင်း ဆရာကြီးလေသံနှင့် ပြော၏။

"မဖြစ်နိုင်ဘူး ကျော်စွာ . . . လက်နှစ်လုံးလောက် သောက်ရုံနဲ့တော့ဒီအရွယ်ယောက်ျားလေးတစ်ယောက် ဒီလောက်မဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ပြန်ပြောလိုက်သည်။

"ငါသောက်တဲ့ လက်နှစ်လုံးဆိုတာ ပဲခူးရွှေသာလျောင်းဘုရားရဲ့ လက်နှစ်လုံးကိုပြောတာကွ"

အားလုံးက တဝါးဝါးနှင့် ရယ်ကြရင်း ကျော်စွာကို ဝိုင်းရိုက်ကြ၏။ အခန်းထဲတွင် ရယ်မောသံများ၊ အော်ဟစ်သံများ၊ လေတိုးသံများ . . . အစရှိသဖြင့် ရောနှောကာ ဘာကို ပျော်ရွှင်ရမလဲဆိုတာ ကျွန်တော်စဉ်းစားနေမိသည်။

ကျွန်တော့်ဘေးနားသို့ ရုတ်တရက် အရိပ်တစ်ခု ရောက်လာ၏။ ရင်ထဲတွင် ထိတ်ခနဲအေးသွားပြီး ထိုအရိပ်သည် ကျော်ဟုပဲ ကျွန်တော်ထင်မိပါသည်။

ခေါင်းကို ငုံ့ရင်း ကြည့်မိသောအခါ ကတ္တီပါဖိနပ်အစိမ်းလေးကို မြင်ရသည်။ ခြေညှိုးနှင့် ခြေသန်းကြွယ်တို့တွင် ငွေရောင်ခြေစွပ်လေးတစ်ခုစီစွပ်ထားသည်ကိုလည်းတွေ့ရ၏။ဒါမျိုး ကျော် ဝတ်လေ့မရှိမှန်း ကျွန်တော် သတိရသွားပါသည်။

ကျော် မဟုတ်ရင် ဘယ်သူလဲ။ ဖျတ်ခနဲ ကျွန်တော်က အရိပ်ရှင်ကို မော့ကြည့်မိ၏။

သဇင်ထွန်း . . .။

သူမက ကျွန်တော့်ကို ပြုံးပြလေသည်။

"ဘယ်ကို လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကာဆီကို အခု အားတယ်မဟုတ်လားဟင်"

"ဟင့်အင်း ... ဒီအချိန်က ကျူတိုရီရယ်ချိန်လေ၊ အခု ဆရာမလာသေးလို့ စောင့်နေကြတာ"

သဖင်ထွန်းက ကျွန်တော့်အဖြေစကားကြောင့် စိတ်ညစ်သွားသလို ဟိုဟိုသည်သည် တစ်ချက်ကြည့်သည်။

ပြီးတော့ . . . ကျွန်တော့်ဆီကို မေးခွန်းတစ်ခု ရောက်လာ၏။

"ကျူတိုရီရယ် မဖြေလို့မရဘူးလား"

"ရတော့ရပါတယ်။ ဒါပေမယ့် ကိစ္စကြီးငယ်မရှိဘဲနဲ့တော့ ကျွန်တော်ကျူတိုရီရယ်ချိန်ကို မဖျက်ချင်ဘူး၊ သဖင်နားလည်လိမ့်မယ် ထင်ပါတယ်"

ကျွန်တော့်စကားအဆုံးတွင် အပြန်အလှန် ကြည့်နေမိသောမျက်လုံးတို့မှာ အမှတ်တရဟု ဆိုနိုင်လေသည်။

"ဒါဆို . . . ဥက္ကာက တို့နဲ့ ကန်တင်းလိုက်မထိုင်ပေးနိုင်ဘူးပေါ့နော်"

သူမ၏ မျက်နှာပေါ်တွင် ရော်ဝါသော အဓိပ္ပာယ်နှင့် ဆုံးရှုံးမှုကို ကျွန်တော် သတိထားမိ၏။ ရုတ်တရက်အတွင်းမှာ ကျွန်တော် သူမကို သနားသွားတာ ဖြစ်နိုင်ပါသည်။

"ထိုင်ပေးမှာပေါ့ သဖင်ရဲ့ ... လာ ဖထီးကို သွားကြမယ်"

သဖင့်မျက်နှာတွင် မယုံနိုင်ခြင်း၊ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ စသည်တို့မှာ တဖျတ်ဖျတ်နှင့် ရောထွေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကျော်စွာတို့၊ ဝေမင်းအောင်တို့ကို ကျူတိုရီရယ် မဖြေတော့ကြောင်း အချက်ပြလိုက်သည်။ အတန်းထဲက ကောင်တွေ အားလုံး အံ့သြသင့်နေချိန်မှာပဲ ကျွန်တော့် လွယ်အိတ်ဆွဲပြီး သဇင်ထွန်းနှင့်ထွက်လာခဲ့သည်။ ထိုအချိန်တွင် ကျန်ရစ်ခဲ့သော အတန်းထဲကကောင်တွေသည်ကျွန်တော့်အကြောင်းကိုပြောနေကြလိမ့်မည်။ ဒီအချက်မှာ တော်တော်သေချာသော အမှန်တရားလည်းဖြစ်၏။

အခုတော့ ကျွန်တော့်ဘေးတွင် သဇင်ထွန်းဆိုသည့် ကောင်မလေးမှာ ပျော်ရွှင်မြူးတူးကာ တက်ကြွနေတော့သည်။

ကျွန်တော်ကလည်း ကလေးတစ်ယောက်ကို အလိုဖြည့်ပေးလိုက်နိုင်သော လူကြီးတစ်ယောက်၏ကျေနပ်မှုမျိုးဖြင့် ခပ်မြူးမြူးဖြစ်သည်။ ဖထီးဆိုင်ကိုရောက်တော့ သူမက ဆီချက်တစ်ပွဲမှာသည်။ ကျွန်တော်ကတော့ လက်ဖက်ရည်နှင့်လန်ဒန်စီးကရက်။

"ဥက္ကာ တို့ကို ဘယ်လိုမြင်သလဲဟင်"

"ရင်ခုန်စရာကောင်မလေးတစ်ယောက်လို့ပဲ မြင်တယ်"

သဇင်ထွန်းကို ရှက်သွားလိမ့်မည်ဟု ကျွန်တော်က မျှော်လင့်ခဲ့သော်လည်း သူမက မရှက်ပါ။ ကျွန်တော့်ကို လှပစွာ ပြုံးပြရင်း ပြန်စိုက်ကြည့်နေ၏။

"ဘယ်လိုဖြစ်ပြီး ရင်ခုန်စရာကောင်းသွားရတာလဲ ဥက္ကာရဲ့"

သူမ၏မျက်ဝန်းများ၌ အဖြေတစ်ခုကို ကျွန်တော် ကြိုမြင်နေရသည်။ ရှေ့ဆက်စကားပြောလျှင် ကျွန်တော်ချောက်ထဲခုန်ချမိတော့မည်။ သဇင်ထွန်းရဲ့ အကြည့်တွေမှာ ကျွန်တော်မောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအရသာကို ကျွန်တော်က သာယာနေချင်ပြန်သည်။ ဒါ . . .အချစ်လားဟု တွေးမိသောအခါ ကိုယ့်ကိုယ်ကို ရယ်ချင်သွားပါသည်။

"ဖြေလေဦးကွာ . . . တို့က ရင်ခုန်စရာကောင်းတယ်ဆိုတဲ့ ကိစ္စ"

သဇင်ထွန်း၏ ထပ်မေးသောမေးခွန်းကြောင့် ကျွန်တော်က မိုက်မဲဖို့ ဆုံးဖြတ်ချက်ချမိ၏။

"ချစ်တာကိုးကွ ရင်ခုန်မှာပေါ့"

ပြောပြီး ကျွန်တော် ကိုယ့်ကိုယ်ကို မလုံခြုံစွာ ခေါင်းငုံ့ပစ်လိုက်ပါသည်။ သဇင်ထွန်း ကြိုတင်မျှော်လင့်ထားသလို ဖြစ်လာသည့်အတွက် အရာရာကို အထက်စီးနင်းကြည့်နေ၏။ ကျွန်တော်က စိတ်ထဲတွင် ကျော့်ကို အားနာစိတ်နှင့် တောင်းပန်နေမိသည်။

မိုး၏ အငွေ့အသက်တို့က ဖထီးဆိုင်တစ်ဝိုက်သို့ ရောက်လာကြသည်။ ကျွန်တော်က ငြိမ်သက်နေသော သဇင်ထွန်းကို ခိုးကြည့်လိုက်ပါ၏။

လျှို့ဝှက်သော မာနဟု သူမကို ကျွန်တော် နားလည်မိသည်။ သဇင်ထွန်းက ဒီအခြေအနေကိုပင် ပိုမိုသေချာစေရန် မေးခွန်းတစ်ခု ထပ်မေး၏။

"ဦးကွာက တို့ကို ရည်းစားစကား ပြောနေတာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းကိုတော့ ကျွန်တော်က ခပ်တည်တည် ဖြေလိုက်သည်။

"ဟုတ်တယ် သဇင်၊ ကျွန်တော် သဇင်ကို ချစ်တယ်"

မိုးစက်ငယ်တို့က ကျွန်တော့်ဘေးသို့စတင်လွင့်စင်လာကြ၏။ သဇင်သည် ဘာခံစားမှုမှ မရှိသူတစ်ယောက်လို အဝေးကြီးကိုငေးနေပြန်သည်။ သူမမျက်ဝန်းတို့ကို ဖတ်ရသည်မှာ နားလည်ရန် ခက်ခဲသော အက်ဆေးတစ်ပုဒ်ကဲ့သို့ ဖြစ်သည်။

ထိုစဉ် သဇင်ထွန်း၏မျက်လုံးတွေက ကျွန်တော့်ဆီကို ရုတ်တရက် ရောက်လာပါသည်။

"သဇင် ကျွန်တော့်ကို တစ်ခုခု ပြန်ပြောပါလားဟင်"

သူမက ကျွန်တော့်စကားကို ကြားတော့ လှပစွာပြုံးလေသည်။

"ဥက္ကာက ဘယ်လိုပြောစေချင်လို့လဲ"

လှပ်ခနဲ ကျွန်တော် ရင်ခုန်သွား၏။ အရာရာကို သူမ၏လက်သည်းလေးတွေလောက် ကျွန်တော် မမက်မောတော့ပေ။

စားပွဲပေါ်ရှိ သူမ၏ ညာဖက်လက်ကလေးကို ကျွန်တော်က ဖျတ်ခနဲဆုပ်ကိုင်ပါသည်။သဇင်ထွန်းကအထိတ်တလန့်နှင့်တစ်ချက်မော့ကြည့်သည်မှ လွဲ၍ မရုန်းပါ။

"ချစ်တယ်လို့ ပြောပေါ့ကွာ"

"အင်း အဲဒီအတိုင်းပဲ"

ကျွန်တော်က ထိုအဖြေကြောင့် ဝမ်းသာသွားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



'ကျော်' ပုံရိပ်တို့ကို သတိရမိသောအခါ ငြိမ်သက်သွားပါသည်။ သဇင်ထွန်းသည် တစ်ခုခုကို စဉ်းစားရင်း ရက်ရှဲ့နေဟန်တူသည်။ ပြီးတော့ ကျွန်တော့်ကိုပြော၏။

"တို့အဖြေပေးတာ အရမ်းစောသွားတယ် ထင်တယ်နော်"

ကျွန်တော်က ခပ်ဟဟ ရယ်ရင်း . . .

"မစောပါဘူး သဇင်ရဲ့ နောက်တောင်ကျနေပြီ"

"အမယ်လေး . . . ဘုရား၊ ဘုရား . . . ချက်ချင်းအဖြေပြန်ပေးတာကို နောက်ကျလို့ . . ဟုတ်လား"

သဇင်က ထိုသို့ တအံ့တသြပြန်မေးတော့ ကျွန်တော်က ရယ်နေလိုက်ပါသည်။

"နောက်ကျတာပေါ့ကွ၊ အမှန်ဆို သဇင်က ကျွန်တော်မပြောခင်ကတည်းက အဖြေပြန်ပေးရမှာ"

"သွားသေလိုက်ပါလား"

ကျွန်တော့်နောက်ပြောင်မှုကို သဇင်ထွန်းက ဒေါသနှင့် တုံ့ပြန်လိုက်သော်လည်း ရုတ်ချည်းပင် သူမက ငြိမ်သက်သွား၏။

နောက် . . .တိုးတိတ်စွာ သဇင်က မေးခွန်းတစ်ခုကိုမေးသည်။

"ခင်မေကျော်နဲ့က အဲဒီလိုမျိုးလားဟင်"

ထိုသံသယသည် ကျွန်တော်တို့ကြားတွင် ကြောက်စရာကောင်းသောအခြေအနေတစ်ရပ်ဖြစ်သည်။ ချက်ချင်းတုန့်ပြန်ပြောဖို့ဆိုတာကို ကျွန်တော်က စကားလုံးရွေးရသည်။ ကြုံသလိုပြော၍ မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးက ခဏပဲရှာပြီး ပြန်တိတ်သွားသည်။

"တွေ့လား ငြိမ်နေတယ် ဉက္ကာနော်"

"ဟာ . . . ဒုက္ခပါပဲ၊ မဟုတ်ပါဘူးကွာ . . .ကျွန်တော်နဲ့ကျော်က ဘော်ဒါတွေပါ"

"ဘော်ဒါတွေဆိုရင် ချက်ချင်းငြင်းပါလား၊ ဘာစဉ်းစားစရာရှိလို့လဲ . . . အခုတော့ သူပဲ ငြိမ်နေပြီးတော့"

ပြောပြီး သူမက စိတ်ကောက်သွားလေသည်။ ကျွန်တော်က သူမ ထင်သလိုမဟုတ်ကြောင်း အကြိမ်ကြိမ် ရှင်းပြရ၏။

ထိုနေ့က ကျွန်တော်တို့နှစ်ယောက် ရည်းစားတွေဖြစ်သည့် ပထမဆုံးနေ့ဖြစ်သလို သဇင် စိတ်ကောက်တာကို လိုက်ချော့ရသော ပထမဆုံး အတွေ့အကြုံလည်းဖြစ်သည်။

သဇင်သည် ညနေ ကျောင်းဆင်းချိန် (သုံးနာရီခွဲ) ဖယ်ရီဝင်းထဲရောက်သည်အထိ ကျွန်တော့်ကို စိတ်ဆိုးနေဆဲ ဖြစ်လေသည်။

ဒါပေမယ့် သူမတို့ စမ်းချောင်းဖယ်ရီမထွက်ခင် ကျွန်တော့်ကို စကားတစ်ခွန်းပြောပါသည်။

"ဉက္ကာ မနက်ဖြန်ကျောင်းရောက်ရင် တို့ စိတ်ကောက်တာ ပြေသွားပြီ သိလား"

ထိုစကားကြောင့် ကျွန်တော်လည်း စိတ်သက်သာရာရသွား၏။ ဒီလိုနှင့်ပင် ကျွန်တော်သည် သဇင်ထွန်းဆိုသည့် ကောင်မလေးကို စတင်နားလည်ခဲ့ရသည်။ ခင်မေကျော်နှင့် သဇင်ထွန်း ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနှစ်ယောက်ကြားတွင် ကျွန်တော် အံ့သြရသည်မှာ သံယောဇဉ်တွေသာဖြစ်သည်။

မိုးစက်လေးတွေက ကျွန်တော့်အောင်မြင်မှုကို ဂုဏ်ပြုကာ ခပ်ဖွဲဖွဲရွာနေကြ၏။ ကျွန်တော်လည်း လှိုင်ဖယ်ရီကို မစီးဘဲ ကျောင်းထဲမှာ တမင်ကျန်ရစ်ခဲ့သည်။ သဇင်ထွန်းကတော့ စမ်းချောင်းဖယ်ရီနှင့်ပင် ပြန်သွားပြီ။

ကျွန်တော်လည်း ဒီတော့မှ ကြည့်နူးရိပ်သွားဖို့ သတိရမိသည်။ ဒီနေ့ တစ်နေ့လုံး ကျော်နှင့် မတွေ့ရသေးဘူးမဟုတ်လား။ ပြီးတော့ ... ပူစီ။ သို့သော် ကြည်နူးရိပ်မှာ ဒီအချိန်အထိ ကျော်ရှိနေလိမ့်မည်ဟုတော့ မထင်ပေ။

မိကျော်ရယ် . . ငါ့ကို ခွင့်လွှတ်ပါ။

စိတ်ထဲမှ ကျော့်ကို တောင်းပန်မိ၏။ တယ်လီဖုန်းရုံဘေးမှ ကြည်နူးရိပ်သို့ သွားရန် ကျွန်တော်ဦးတည်လိုက်ပါသည်။

ထိုစဉ် ကျွန်တော့်ဘေးနားသို့ ကားတစ်စီးထိုးရပ်လာသည်။

“ကျော်”

ကျွန်တော် အံ့သြစွာ ရေရွတ်နေစဉ်မှာပင် ကျော်က ကားပေါ်ကို တက်ရန် အချက်ပြ၏။ ကားပေါ်ရောက်တော့လည်း ကျော်က ဘာမှ မပြောဘဲ ကျွန်တော့်အိမ်ကိုပဲ ဦးတည်ကာ ကားကို မောင်းနေပြန်သည်။

“မိကျော် နင် ဒီနေ့ အတန်းမတက်ဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဒါဖြင့် ဒီအချိန်အထိ ကျောင်းထဲမှာ ဘာလုပ်နေတာလဲ"

ကျော်က နှုတ်ခမ်းကိုမဲ့လိုက်ပြီး ကျွန်တော့်ဖက်ကို လှည့်လိုက်ပါသည်။

"နင်ကရော"

"ငါက"

ကျွန်တော့်စကားတို့မှာရှေ့ဆက်မရဘဲ ထစ်ငေါ့ဆွံ့အနေသောအခါ ကျော်က ရယ်လေသည်။

"နင်က ဘာရယ်တာလဲ"

"ငါ့ဘာသာငါ ရယ်ချင်လို့ ရယ်တာပေါ့"

ကျွန်တော့်စိတ်ထဲတွင် ကျော် ... ကျွန်တော်တို့ကိစ္စကို သိသွားပြီဟု အလိုလိုနားလည်လိုက်မိ၏။ သူမကို ဝန်ခံဖို့ ကျွန်တော့်မှာ သတ္တိရှိနေပြီလားဟု တွေးမိသောအခါ အဖြေမရပါ။

သို့သော် ကျွန်တော်က ဝန်ခံဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ကျော် . . ."

နက်ရှိုင်းသောအကြည့်များအောက်တွင် ကျွန်တော်က အပြစ်တစ်ခုကို ဝန်ခံဖို့ အဆင်သင့်ဖြစ်နေပြီ။

"ဒီနေ့ပဲ သဇင်နဲ့ငါ ရည်းစားတွေ ဖြစ်သွားကြတယ် သိလား"

သူမက ဘာမှ မထူးဆန်းသလို ကျွန်တော့်စကားကို မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မပျက်စတမ်း နားထောင်နေ၏။ အဝေးတွင် သစ်ရွက်စိမ်းစိမ်းတို့က မိုးရွာပြီးစမို့ လတ်လတ်သစ်လွင်နေကြသည်။

ကျော်သည် ကားကို ပိုမိုကြမ်းတမ်းစွာ မောင်းနေလေသည်။ ကျွန်တော်က အရဲစွန့်ပြီး ကျော့်ကို မေးခွန်းတစ်ခွန်း ထပ်မေးလိုက်ပါသည်။

"ကျော် . . . ငါတို့ရည်းစားတွေဖြစ်သွားကြတာ နင် ဝမ်းမသာဘူးလာဟင်"

ရုတ်တရက် ကျော်က ကားကို လမ်းဘေးတစ်နေရာတွင် ထိုးရပ်ပစ်လိုက်၏။ ပြီးတော့ သူမက ကျွန်တော့်ကို ခပ်တည်တည်တစ်ချက်ကြည့်သည်။

"ဥက္ကာ"

"ဘာလဲ"

"ငါပွင့်ပွင့်လင်းလင်း ပြောမယ်နော်"

"ပြော"

"ဒီနေ့ နင်တို့နှစ်ယောက် ဘယ်လိုတွေ့တယ်၊ ဘယ်ကိုသွားတယ်၊ ဘာတွေလုပ်ဆိုတာ အားလုံး ငါက နောက်ကလိုက်ကြည့်နေတာဟ . . .။ ငါအရမ်းဝမ်းနည်းတယ်။ ဒါပေမယ့် နင်ပျော်တယ်မဟုတ်လား ဥက္ကာ . . . ငါ ကျေနပ်ပါတယ်"

ကျော့်အား ဘာပြန်ပြောရမည်ကို ကျွန်တော် စဉ်းစားမရဘဲ တိတ်ဆိတ်စွာ ပြန်ကြည့်မိ၏။ ကျွန်တော့်မျက်လုံးတို့မှာအနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



ရှိဝေနေသည်ဟု ထင်ပါသည်။ သူမ၏ ခံစားမှုကိုလည်း ကျွန်တော် ကိုယ်ချင်းစာ၍ ရသည်။ ကျွန်တော့်မိုက်မဲမှုကိုလည်း အခုမှ ပြန်ပြင်ဆင်၍ မရတော့ပေ။

ထိုစဉ် ကျော့်ဆီမှ စကားသံတွေ ထွက်ပေါ်လာ၏။

"ဘာပဲဖြစ်ဖြစ်ပေါ့ ဉက္ကာရာ နင်အကောင်းဆုံး ဆိုတာတွေကိုပဲ လုပ်နိုင်ပါစေလို့ ငါ ဆုတောင်းပေးပါတယ်။ ငါတို့နှစ်ယောက်က အမြဲတမ်းသူငယ်ချင်းတွေပဲ၊ နင်ဘယ်လို အကူအညီမျိုးပဲ လိုလို ငါ့ကိုပြောနော် ဉက္ကာ"

ကျွန်တော် ကျော့်ကို အားနာစွာ ကြည့်နေမိ၏။ ကျော်က စကားကို ဆက်မပြောဘဲ လှုပ်ခတ်တုန်ခါနေသော သူမ၏ အသံကို ဖုံးကွယ်ချင်ဟန်တူပါသည်။

"မိကျော် . . . ဒီအဖြစ်အပျက်မှာနင့်တစ်ခုခုခံစားလိုက်ရတယ်ဆိုရင် ငါတောင်းပန်ပါတယ်ဟာ"

ကြည့်လိုက်မိတော့ ကျော့်မျက်ဝန်းတွင် မျက်ရည်တွေဝဲနေတာကို မြင်ရသည်။

ကျွန်တော်က မျက်ရည်သုတ်ပေးဖို့ ကြိုးစားသောအခါ သူမက ကြိုတင်ရိပ်မိသွားပြီး တစ်ဖက်သို့ လှည့်သွားသည်။ ပြီးတော့ ရပ်ထားသော ကားကို မောင်းထွက်ဖို့ ပြင်ဆင်နေ၏။

ကျော်ရယ် ... နင့်နှလုံးသားကို ငါမြင်ရပါတယ်။ နင်က ဘာတွေနဲ့ဖုံးကွယ်ထားချင်သေးလဲ။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကားက ဆောင့်ထွက်သွား၏။ ကျော်က ကက်ဆက်ပါ ဖွင့်လိုက်သည်။ ဆူညံပေါက်ကွဲလွန်းသည့် U2 အဖွဲ့၏ သီချင်းသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ကျွန်တော်တို့ နှစ်ယောက်ကြားရှိနာကျင်မှုသည် U2အဖွဲ့၏သီချင်းသံတွေကြားတွင် ငြိမ်သက်နေတော့သည်။

အပြန်လမ်းဆိုသည်မှာ တစ်ခါတရံ ဝမ်းနည်းနေသည့်ကောင်မလေးတစ်ယောက်ပါမှ ပြည့်စုံလေသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၉)

ဒီနေ့ စနေနေ့မို့ ကျောင်းတွေ ပိတ်သည်။ နာရီကို ကြည့်လိုက်တော့ ကိုးနာရီခွဲပြီးပြီ။ ဆယ်နာရီဆို ကျော်နှင့် Junction 8 ရှိ J'Donuts တွင် ချိန်းထားသည် မဟုတ်လား။

ကျွန်တော်က အမြန်ရေချိုးပြီး ရှစ်မိုင်သို့ ထွက်လာခဲ့၏။ Junction 8 ၏ကား Parking နေရာတွင် ကျော့်ကားကို မတွေ့ရသဖြင့် ကျော်မရောက်သေးကြောင်း ခန့်မှန်းမိသည်။

သို့သော် ကျွန်တော့်ခန့်မှန်းချက် လွဲသွားမှန်းနောက် ငါးမိနစ်မှာပင် ကျွန်တော် သိသွားပါသည်။ ကျော်က အပြာနုရောင်ဝမ်းဆက်ကိုဝတ်ဆင်ထားပြီး J'Donuts ဆိုင်၏ထိပ်ဆုံးစားပွဲတွင်ထိုင်နေသောကြောင့်ဖြစ်၏။ သူမ၏စားပွဲပေါ်တွင်ချောကလက်မုန့်နှစ်ခုနှင့်ကော်ဖီတစ်ခွက်ကို တင်ထားပါသည်။ ကြည့်ရတာ မုန့်တွေရော ကော်ဖီ

www.burmeseclassic.com

www.burmeseclassic.com



ရော လုံးဝမစားရသေးသဖြင့် ရောက်တာမကြာသေးဟု ကျွန်တော်တွေးမိသည်။

ကျော်က ကျွန်တော့်ကိုမြင်တော့ ပြုံးပြ၏။ ကျွန်တော်က စားပွဲမှာ ဝင်ထိုင်ရင်း မေးလိုက်ပါသည်။

"မိကျော် . . . ကားမပါဘူးလား"

"ပါတယ်ဟ၊ ဒီနားက အသိအိမ်မှာရပ်ထားတယ်"

"သြော် . . ."

သူမက ထိုင်ရာမှထသွားပြီး ကောင်တာမှာ ကျွန်တော့်အတွက် ကော်ဖီတစ်ခွက် သွားဝယ်ပေး၏။

ပြီးတော့ ဆိုင်ထဲတွင် ဖွင့်ထားသော ရေခဲစတီးဝပ်၏ သီချင်းကို ကျော်က တစ်ပိုင်းတစ်မှျ လိုက်ဆိုနေပြန်သည်။ ကျွန်တော်က ကော်ဖီခွက်ကို မွှေရင်း ကျော့်ကို ကြည့်မိသည်။ သူမကသီချင်းအပိုဒ်တချို့ကို မရဘဲ အမှားတွေလိုက်ဆိုနေ၏။

ကျွန်တော်က ရယ်ချင်သွားပြီး မျက်နှာလွှဲသောအခါ ကျော်သည် ကျွန်တော့်ကို ခပ်စင်းစင်း ပြန်စိုက်ကြည့်နေလေသည်။

"ဥက္ကာ . . ."

သူမဆီမှ တိုးဖွသော ခေါ်သံကို ကြားရ၏။ ကျွန်တော်က "ဘာလဲ" ဆိုသည့် အဓိပ္ပာယ်နှင့် မျက်ခုံးကို ပင့်ပြလိုက်သည်။

"ထုံးစံလေကွာ"

ကျွန်တော်က ကျော် ဆိုလိုသည့်အနက်ကို သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ခေါင်းကို သူမရှေ့သို့နည်းနည်းတိုးပေးလိုက်ပါသည်။ ထို အခါ ကျော်က စားပွဲပေါ်က ကော်ဖီခွက်တွေကို ကျော်ပြီး ကျွန်တော့် ဆံပင်တွေကို ညင်သာစွာ ကိုင်ကြည့်၏။

သူမ လက်မလက်ဖဝါးနှင့် ကျွန်တော့်ဆံပင်များ၏ အထိ အတွေ့သည် ဘယ်တော့မှ မကုန်ဆုံးသော ရေအေးတစ်ခွက်၏ အရသာကဲ့သို့ ဖြစ်လေသည်။

ရှော့ခ်စတီးဝပ်၏ သီချင်းအလိုက်ကို ဆိုညည်းရင်း ကျွန်တော့် ဆံပင်တွေကို ကိုင်တွယ်နေသော မိန်းမသည် ကျွန်တော့်ဆီမှ ဘာကို လိုချင်သလဲဆိုတာ ကျွန်တော် သဘောမပေါက်ပေ။

ခဏကြာတော့ သူမက လက်ကို ကျွန်တော့်ခေါင်းပေါ်မှ ပြန် ရုပ်သိမ်းသွား၏။ ရှေ့က စားပွဲပေါ်တွင် ဘယ်သူမှ မသောက်ရသေး သော မျက်နှာချင်းဆိုင် ကော်ဖီခွက်တွေ ရှိသည်။

"ဥက္ကာ မြန်မြန်စားလိုက်ကွာ။ ပြီးရင် ငါတို့တွေ ကျောင်း ထဲသွားကြမယ်။ကိုသိန်းကဒီနေ့ကြည်နူးရိပ်မှာရှိမယ်တဲ့၊ပူစီအတွက် မုန်လာဥနီလည်း ဝယ်ရဦးမယ်"

"အေးပါ မိကျော်ရယ် နင်ကလည်း သိပ်လောတာပဲ"

"လောတာမဟုတ်ဘူးလေဟာ. . . ၊ ငါက နေ့လယ်နှစ်နာရီ အိမ်အရောက်ပြန်ရမှာဟ၊ အန်တီလေးကိုရန်ကင်းစင်တာလိုက်ပို့ပေး ရမှာ . . . သူ ဈေးဝယ်မလို့တဲ့"

"ပြီးရော . . . ပြီးရော"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ထိုသို့ပြောလိုကပြီး ကော်ဖီနှင့် ချောကလက်မုန့်တွေကို အမြန်ကုန်အောင် စားသောက်နေလိုက်၏။ ကျော်သည် ကျွန်တော့်ပုံစံကို ကြည့်ကာ သဘောကျသလိုပြုံးသည်။

“နင့်က ငါ့ကို သိပ်ရွဲ့တာပဲနော် ဥက္ကာ . . . ဒါပေမယ့် ဘဝတစ်ခုလုံး အနစ်နာခံပြီးတော့ နင်မရွဲ့ဘူးမဟုတ်လားဟင်”

ရုတ်တရက် ကျွန်တော်မှတ်ဉာဏ်တွင် သဇင်ထွန်းဆိုသည့် နာမည်က ဖျတ်ခနဲ ပေါ်လာသည်။ ကျော်က ကျွန်တော့်ကို ဘာအဓိပ္ပာယ်နှင့် ဒီစကားမျိုးပြောရသနည်း။

စဉ်းစားကြည့်သောအခါ ကျွန်တော့်မှာ ကိုယ့်ကိုယ်ကို အပြစ်တင်ရုံမှလွဲ၍ ဘာမှမတတ်နိုင်ပေ။

ကျွန်တော် ငေးငိုင်နေပုံကို မြင်တော့ ကျော်ကပဲပြန်လျော့သွားလေသည်။

“ဥက္ကာ . . . ဟော့ကောင်၊ နင်ကလည်း အဲဒီလောက်ကြီးခံစားမနေစမ်းပါနဲ့၊ ငါက အလကားစတာပါဟာ၊ နော် . . . ဘာမှတွေးမနေနဲ့ . . . အခု ငါတို့ ကျောင်းထဲသွားကြမယ်”

ပြောပြောဆိုဆို ကျော်က ထိုင်ရာမှ ထသည်။ ကျွန်တော်ကလည်း လိုက်ထရ၏။ ထို့နောက် ကျွန်တော်တို့နှစ်ယောက်သည် Junction 8 အနောက်ဖက်ရှိ ကျော့်အသိအိမ်သို့ အနည်းငယ်လမ်းလျှောက်ကြရပါသည်။ အဲဒီကမှ ကျော်က ကားကိုယူပြီး ကျောင်းထဲကို ဦးတည်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက်လုံး တစ်ဦး၏ စိတ်ထဲက ပွင့်လင်းမှုကို တစ်ဦးက ငေးကြည့်နေခဲ့ကြပါသည်။

ဒါပေမယ့် ငေးကြည့်ရုံထက်ပိုပြီး ဘာမှ မှတ်ချက်မပေးဖြစ်ခဲ့ကြချေ။

ကျောင်းဝင်းထဲကိုရောက်တော့ သူမက ကားကို ကြည်နူးရိပ်ဆိုင်ဆီသို့ တန်းမပေါင်းဘဲ ဘွဲ့နှင်းသဘင်ဘက်ကို တစ်ပတ်မောင်းလိုက်သေး၏။ ပြီးမှ ကြည်နူးရိပ်ကို သွားပါသည်။

ကျော်က ဒီလိုပဲ ရည်ရွယ်ချက်တစ်စုံတစ်ရာမရှိဘဲ စိတ်ကူးပေါ်သလို လုပ်တတ်သူတစ်ယောက်လည်း ဖြစ်၏။ ကြည်နူးရိပ်ကို ရောက်တော့လူအနည်းငယ်သာရှိပြီး ကန်တင်းတစ်ခုလုံးခြောက်သွေ့တိတ်ဆိတ်လျက်ရှိသည်။ အဝေးသင်တချို့သာရှိပြီးကျွန်တော်တို့လို ပုံမှန်အတန်းများကပိတ်ရက်ဖြစ်သောကြောင့်လူနည်းနေခြင်းဖြစ်၏။

ကြည်နူးရိပ်တွင် ကိုသိန်းက အဆင်သင့်ရှိသဖြင့် ကျော်က ပျော်သွားသည်။

"ကိုသိန်း ပူစီကို ခေါ်လာပေးပါ"

ကိုသိန်းက ကွမ်းတွေ တပျစ်ပျစ်ထွေးရင်း ခေါင်းကို ညိတ်ပြ၏။ ပြီးတော့ အခန်းထဲမှ ပူစီကို ခေါ်သည်။

ထိုအခါကျမှ ကျွန်တော်တို့နှစ်ယောက်စလုံးသည် ပူစီအတွက် မုန့်လာဥနီဝယ်ဖို့ မေ့လာသည်ကို သတိရသွား၏။ သို့သော် တော်ပါ

www.burmeseclassic.com

www.burmeseclassic.com



သေး၏။ ကိုသိန်းက ဈေးမှ မုန့်လာဥနီသုံးဥအပိုဝယ်ထားသော ကြောင့် ဖြစ်ပါသည်။

"တော်သေးတာပေါ့ ပူစီရယ် . . . ဟိုကောင် ဉက္ကာကြောင့် မုန်လာဥနီဝယ်ဖို့ မေ့သွားတာ။ နင် ငတ်တော့မလို့ ... ကိုသိန်းရှိပေလို့သာပေါ့"

ကျော်က ပူစီကို ပြောသလိုနှင့် ကျွန်တော့်ကိုအပြစ်တင်သည်။ ကျွန်တော်က ကျော့်ကို ဘာမှပြန်မပြောဘဲကြည်နူးရိပ်၏တိတ်ဆိတ်နေမှုကို အရသာခံနေလိုက်၏။

"ဉက္ကာ . . . နင်ကလည်း မျက်နှာကို ပျော်ပျော်ရွှင်ရွှင်ထားမှပေါ့။ အခုတော့ မျက်နှာက ပုတ်သိုးနေတာပဲ။ ဘာလိုဖြစ်နေတာလဲ"

"နင် ထင်လို့ပါ၊ ငါ ဘာမှမဖြစ်ဘူးဟ"

ထိုအခါ ကျော်က ဘာအကြောင်းပြချက်မှ မရှိဘဲ ရယ်၏။ လူ့ဘဝ၏ တစ်ခဏာအတွင်းမှာပင် သူမအတွက် မလိုအပ်သော ခံစားမှုများကို ကျွန်တော်က ဖယ်ထုတ်နေချင်မိသည်။

စားပွဲပေါ်ရှိ ပူစီကို ကျွန်တော်က ကျီစယ်တော့ ကျော်က ငြိမ်သက်စွာ ထိုင်ကြည့်နေ၏။

ယုန်လျှောင်အိမ်ကို စားပွဲပေါ်တွင် တင်ထားပြီး တစ်ယောက်ကိုတစ်ယောက် စမ်းသပ်နေသော ကျွန်တော်တို့အဖြစ်သည် အနည်းတော့ ရယ်စရာကောင်းပါသည်။

ထိုစဉ် ကြည်နူးရိပ်ထဲသို့ ကျောင်းသားတစ်အုပ် ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ မြန်မာစာအဆောင်ဘက်မှ ထွက်လာကြဟန်တူသည်။သူတို့ အုပ်စုရောက်လာမှကန်တင်းက နည်းနည်းစည်ကားသလိုဖြစ်သွား၏။ ထိုအုပ်စုတွင် ခပ်လှလှကောင်မလေးနှစ်ယောက်၊သုံးယောက်လောက် ပါလာသည်။

ကျွန်တော်က လိုက်ကြည့်သောအခါ ကျော်က မျက်စောင်း ထိုးပါသည်။ သို့သော် ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး ကောင်မလေးတွေကိုပဲ ဆက်ကြည့်နေလိုက်၏။

ကျော့်ဆီမှ အသံထွက်လာသည်။

"ဥက္ကာတို့များ မနိုင်ဘူးဟေ့"

"မနိုင်ရင် နှစ်ခါခွဲသယ်"

ကျွန်တော့် တုံ့ပြန်မှုကို သူမက ရယ်လိုက်ပြီး ကျွန်တော့်လက် မောင်းကို လှမ်းရိုက်သည်။

"နင်နော် ကျော် . . . သူများတွေအဆင်ပြေနေရင်လိုက်မနာလို ဖြစ်ဖို့ပဲ သိတယ်"

"အောင်မယ် စိတ်ပုတ်စိတ်ယုတ်ကောင်၊ နင်ကများ ငါ့ကို ပြောရတယ်လို့ ကဲဟယ် ကဲဟယ်"

ကျော်က ကျွန်တော့်လက်ကို ဆွဲလိမ်ပြီး ကျောကိုလည်း ခပ်ပြင်းပြင်းနှစ်ချက်ရိုက်ပါသည်။သိပ်မနာသော်လည်းကျွန်တော်က အရမ်းနာသွားဟန်ပြုလိုက်၏။

ထိုအခါ သူမက ပြာပြာသလဲ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးနော် ဦးက္ကာ . . . အရမ်းနာသွားလားဟင်၊ တောင်းပန်ပါတယ်"

"တောင်းကြီးမပန်ပါနဲ့ကွာ ... လှမှာမဟုတ်ဘူး။ ပန်းပန်ပါလား"

သူမက ခဏကြောင်သွားပြီး အူတက်အောင် ရယ်လေသည်။ ကျွန်တော်ကတော့မမြင်ရသောအဆုံးအရှုံးတွေကိုခံစားနေမည့်အစားကျော့်ကို ဒီလိုပဲ အမြဲရယ်မောနေစေချင်ပါသည်။

"နင်က ဟာသဉာဏ်ကောင်းတယ်နော် ဦးက္ကာ၊ နင်နဲ့သာ အမြဲနေရရင် ငါပျော်မှာပဲ"

အရာရာသည် ကျော့်စကားတွေကြောင့် ပိုပျော်စရာကောင်းလာ၏။ နေ့လယ်ခင်းမှာ မိုးမရွာသောကြောင့် တစ်ခုခုလိုနေသလို ထင်မိသည်။

ကျွန်တော်တို့နှစ်ယောက်၏ အမှတ်တရနေ့စွဲများတွင် ဒီနေ့က ရင်ခုန်လှုပ်ရှားစရာ အကောင်းဆုံးနေ့တစ်နေ့ ဖြစ်၏။ သို့သော် "သဇင်ထွန်း" ဆိုသည့် နာမည်ကို နှစ်ယောက်စလုံး မမေ့မလျော့နိုင်သောအခါ ကျွန်တော်တို့ပြဇာတ်မှာ ဇာတ်ရှိန် အတက်အကျ မရှိတော့ပေ။

သီးခြားဆန်သော မျက်လုံးများအကြောင်းကို ကျော်နှင့် ဆွေးနွေးဖို့ ကျွန်တော် စဉ်းစားမိသေးသော်လည်း သူမ၏ ခံစားချက်မှုကို မတွက်ချက်နိုင်သဖြင့် ကျွန်တော် လက်လျှော့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိကျော်"

သူမက ကျွန်တော့်ကို သေချာစိုက်ကြည့်နေ၏။

"ကျော် ... နင်ငါ့ကို တစ်ခုခုပြောချင်ရင်ပြောနော်"

"အင်း ... ပြောချင်တာတော့ရှိတယ်။ ဒါပေမယ့် ပါးစပ်က မပြောချင်ဘူး"

"ဒါဖြင့် ..."

"ဒီလိုလုပ်မယ်လေ ... စာရေးပြီးပြောမယ်"

"ရတယ် ငါ စက္ကူနဲ့ ဘောလ်ပင်ပေးမယ်"

"ဟင့်အင်း . . . ဥက္ကာ . . . ငါကစက္ကူပေါ်မှာရေးပြီး ပြောမှာ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်လိုပြောမှာလဲ"

"......................................................."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ရင်ခုန်သံမြန်သွားပြီး ပြုံးမိ၏။ သူမ၏ စိတ်ကူးကိုလည်း ရယ်ချင်သွားပါသည်။ ကျော်က ထိုစဉ်မှာပင် သူမ လွယ်အိတ်ထဲမှ ခရမ်းရောင်ဘောလ်ပင်လေးကို ထုတ်လိုက်သည်။ ပြီးတော့ ကျွန်တော့်နားသို့ ပိုမိုတိုးကပ်လာ၏။

"ဉက္ကာ . . ."

သူမ၏ ခေါ်သံသည် တိုးသော်လည်း ကျွန်တော်က အကျယ်ကြီး ကြားလိုက်ရပါသည်။

..................................................

..............................................

.......................................................

..............................................

..............................................

..............................................

နောက်ဆုံးတော့ ကျွန်တော် ဖတ်၍ ရသွားလေသည်။

"ဉက္ကာ . . . နင်က . . . အရူးပဲ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကျော့်ကို စိတ်ထဲမှာ ကျိန်ဆဲလိုက်မိသည်။ ကိုယ့်ကိုယ်ကိုလည်း မကျေနပ်။ ဘာကြောင့်မှန်းမသိ။

ကျော်ဆိုသော ကောင်မလေးက ကျွန်တော့်ကို ဘယ်လိုပုံစံနဲ့ ချည်နှောင်ချင်တာလဲ။ သံယောဇဉ်တွေလား၊ မေတ္တာတရားလား။

ကျွန်တော်က ကြိုးတစ်ချောင်းကဲ့သို့ လွတ်လပ်ချင်သူဖြစ်ပါသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၁၀)

သီရေတာသရီးရှေ့က ကွန်ကရစ်လမ်းလေးပေါ်တွင်အတန်းကြီးကျောင်းသားတချို့က ဂစ်တာတီး၍ အငဲသီချင်းတစ်ပုဒ်ကိုဆိုနေကြသည်။ ကျွန်တော့်ဘေးနားတွင် သဇင်က ပျော်ရွှင်တက်ကြွနေပုံရသည်။ အနီရဲရဲဝတ်စုံနှင့် လှချင်တိုင်းလှနေသော ကျွန်တော့်ချစ်သူကောင်မလေးမှာ ကျွန်တော့်လက်မောင်းကို တွဲထား၏။ အချိန်က နေ့လယ် တစ်နာရီထိုးခါစဖြစ်သည်။

မိုးမကျခင် လေအေးအေးက ကျောင်းဝင်းအနှံ့ တိုက်ခတ်နေသည်။

"ဥက္ကာ . . ."

"ပြောလေ သဇင်"

"ဒီနေ့ ဘယ်မှ မသွားရဘူးနော် တို့နဲ့ပဲ နေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အတန်းချိန် ရှိ၊ မရှိ အလျင်အမြန် စဉ်းစားရ၏။ ကျူတိုရီရယ် တစ်ချိန်မှမရှိ။ ဒါပေမယ့် မိုင်နာ သင်္ချာတစ်ချိန်တော့ နေ့လယ်နှစ်နာရီတွင် ရှိသည်။

ကျွန်တော် စဉ်းစားတာ နည်းနည်းကြာသွားတော့ သဇင်ဆီမှ အသံထွက်လာ၏။

"ဘယ်လိုလဲ ဉက္ကာ ... ဒါလေးပြန်ဖြေဖို့ စဉ်းစားလှချည်လား"

"ဟို ... မဟုတ်ပါဘူး၊ Time Table စိတ်ထဲက ကြည့်နေတာ၊ အတန်းချိန် ရှိသေးလားလို့"

"အဲဒီတော့"

"သင်္ချာတစ်ချိန်တော့ ရှိတယ်။ ဒါပေမယ့် အဲဒီအချိန်ကို သဇင်ထွန်းဆိုတဲ့ ကောင်မလေးဆီမှာ ရောင်းလိုက်မယ်လေ"

သူမက ကျွန်တော့်စကားကြောင့် မျက်နှာကို မဲ့ကာ ရယ်လေသည်။ ပြီးတော့ ကျွန်တော့်ကို မေး၏။

"ရောင်းမယ် ဟုတ်လား ပြောပါဦး၊ ဘယ်ဈေးလဲ"

"ဝမ်း ကစ်(စ်)"

သဇင်က ရုတ်တရက် ရှက်ပြီး မျက်နှာလွှဲသွားသည်။ ကျွန်တော့်ကိုလည်း ဘာမှ ပြန်မပြောတော့ဘဲ တစ်ဖက်ကို လှည့်နေ၏။ ထိုအခါ ကျွန်တော်ကပဲ ထပ်မေးလိုက်ပါသည်။

"ဘယ်လိုလဲ . . . ဘယ်လိုလဲ . .ဝယ်မှာလား၊နှစ်နာရီထိုးတော့

www.burmeseclassic.com

www.burmeseclassic.com



မယ်။ အဲဒီအချိန် မဝယ်ရင် အတန်းသွားတက်တော့မှာ။ဝယ်ရင်တော့ ညနေ သုံးနာရီခွဲ ဖယ်ရီတွေ မထွက်ခင်အထိ အဆစ်ပေးမယ်”

သူမက တစ်ဖက်ကိုလှည့်နေရင်းမှ တသိမ့်သိမ့်ရယ်၏။ ကျွန်တော်က . . .

“ကဲ . . . မဝယ်ရင်လည်းနေကွာ . . .သွားပြီနော် သဇင်”

ကျွန်တော်က တကယ်ပဲ ခြေလှမ်းတွေကိုစတင်ရွေ့လျားလိုက်ပါသည်။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလမ်း၊ လေးလမ်း . . . ။

“ဥက္ကာ”

နောက်ကျောဖက်ဆီမှ ကျွန်တော့်နာမည်ကို ခေါ်သံမှာ အရှုံးပေးသွားသော ကောင်မလေးတစ်ယောက်၏အချစ်တွေဖြစ်နိုင်ပါသည်။

ကျွန်တော်က မချိုမချဉ်နှင့်လှည့်ကာ ပြုံးပြတော့ သဇင်က နှုတ်ခမ်းကို ကိုက်ပြသည်။ နောက် ... သူမက ကျွန်တော့်နားသို့တိုးလာသည်။ ကျွန်တော်က သူမပခုံးစွန်းကို ကိုင်လိုက်မိသောအခါ သဇင်က ခပ်တည်တည်မျက်နှာလေးဖြင့် ပြန်ကြည့်၏။

ထိုအခါ ကျွန်တော်က ပါးတစ်ဖက်ကို ဖောင်းပြလိုက်ပါသည်။

“ဟာ . . . ဥက္ကာကလည်း လူကြားထဲမှာ”

“လုပ်မနေနဲ့ ဘယ်သူမှ မရှိဘူး၊ ဒီမှာ ကွယ်ထားပေးမယ်”

“နှုတ်ခမ်းနီတွေ ပေကုန်ရင်ရော”

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... ယောက်ျားလေးပဲ ဒီလောက်တော့ အနစ်နာခံရမှာပေါ့"

.......................................................

............................................

.......................................................

နောက်တော့ တိမ်တွေက ပန်းရောင်သမ်းသွားသည်။ ပန်းတွေက ပို၍ မွှေးလာ၏။ အစစ အရာရာ လှပမှုသည် မမြင်ရသော နောက်ကွယ်မှ တစ်စုံတစ်ရာကို ဖုံးကွယ်ပေးထားခဲ့သည်။

အခုဆို သဇင်သည် ကျွန်တော့်အချိန်တွေအားလုံးကို ပိုင်ဆိုင်သူတစ်ယောက်ဖြစ်သွားပြီ။ အချိန်မှာ ညနေ သုံးနာရီထိုးတော့မည်။ သူမက ကျွန်တော့်ရင်ခွင်ထဲမှနေ၍ အားလုံးကို စိမ်ခေါ်ချင်သူလည်း ဖြစ်သည်။

"သိလား . . . ဥက္ကာ၊ တို့ကို အရင်လိုက်ဖူးတဲ့ တစ်ယောက်လေ ... သူနဲ့မနေ့ကတွေ့တယ်။ သူက တွေ့တိုင်း အဖြေတောင်းနေကြ၊ မနေ့ကတွေ့တော့လည်း သူက အဖြေတောင်းတုန်းပဲ၊ တို့က ရည်းစားရှိနေပြီလို့ပြောတော့ သူက မယုံဘူး၊ အဲဒါနဲ့ ဥက္ကာနာမည်ရော၊ အတန်းရော၊ လိပ်စာရော အားလုံးပြောပြလိုက်တော့မှ သူက ယုံသွားတယ်"

"အာ သဇင်ကလည်း ဘာဖြစ်လို့ အဲဒါမျိုး ပြောလိုက်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် သူမက မျက်မှောင်ကုတ်သည်။

"မပြောရဘူးလားဟင် ဥက္ကာ ... တို့ပြောတာက နောက်တစ်ခါ ထပ်မနှောက်ယှက်အောင်ပါ။ ပြီးတော့ အမှန်အတိုင်း ပြောတာပဲ ဥစ္စာ"

ဟုတ်တော့လည်းဟုတ်သည်။ သူမက အဖြစ်မှန်ကို အမှန်အတိုင်းပြောပြခြင်းသာဖြစ်၏။ ဒါဆို ကျွန်တော်ကဘာကြောင့် ကန့်ကွက်ချင်ရသနည်း။

ထိုမေးခွန်းအတွက် အဖြေမရသော်လည်း ကျွန်တော်မကျေနပ်တာကတော့သေချာသည်။ ဒါပေမယ့် ကျွန်တော် ထပ်မပြောတော့ဘဲ အဝေးကြီးကိုလှမ်းကြည့်လိုက်၏။ကျွန်တော်တို့နှစ်ယောက်ကြားတွင် တိတ်ဆိတ်မှုက မမျှော်လင့်ဘဲ ကြီးထွားလာ၏။

ကွန်ကရစ်လမ်း တစ်ဖက်တစ်ချက်တွင် ပင်လယ်ကဗ္ဗီးပင်တို့မှာ လေကြောင့်လှုပ်ယိမ်းနေကြသည်။ လန်းဆန်းသော ပန်းပွင့်ချိုချိုလေးတို့မှာ အရောင်မပြောင်းတတ်သော သူမ၏ခြေသည်းခွံများကဲ့သို့ဖြစ်၏။ အကြောင်းမှာ မရိုးနိုင်အောင် လှပလေသည်။

သဇင်ထွန်းက ဘေးနားတွင် ငြိမ်သက်စွာပါလာ၏။ သူမက ကျွန်တော့်လက်မောင်းတွေကို မှီတွယ်ပြီး မိုးရာသီ၏ ခြောက်သွေ့မှုကို လျှောက်ငေးကြည့်နေ၏။

ထိုစဉ် . . .

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ မောပန်းတကြီး ပြေးလိုက်လာသော တစ်စုံတစ်ယောက်၏ ခြေသံတွေကို ကြားလိုက်ရသည်။

ကျွန်တော်ရော သဇင်ပါ နောက်သို့ ပြိုင်တူလှည့်ကြည့်မိကြ၏။

"ဥက္ကာ ..."

"ကျော် ..."

ကျွန်တော်က တအံ့တသြနှင့် ရေရွတ်ကာ သဇင်ကို လှမ်းကြည့်မိတော့ မျက်နှာပျက်နေတာကိုတွေ့ရ၏။ သို့သော် သဇင်ထွန်းက အမူအရာကောင်းသူတစ်ယောက် ဖြစ်ပါသည်။

"ဟယ် ... ခင်မေကျော် နင်ဘယ်လိုဖြစ်လာတာလဲ၊ မောကြီးပန်းကြီးနဲ့"

ကျော်က သဇင်ကို ဘာမှပြန်မပြောသေးဘဲ ခဏ အမောဖြေနေ၏။ ပြီးမှ ကျော်သည် ကျွန်တော့်ကို ရည်ရွယ်သောစကားတစ်ခွန်းကို ပြောပါသည်။

"နင် ငါ့ကို ကူညီပါဦးဟာ ... အခုပဲ ငါအိမ်ကို ဖုန်းဆက်တော့ ဖုန်းက တော်တော်နဲ့မကိုင်ဘူး၊ နည်းနည်းကြာမှ အိမ်မှာခိုင်းဖို့ ခေါ်ထားတဲ့ အိမ်ဖော်မလေးချောစုထွေးကဖုန်းလာကိုင်တယ်။အိမ်မှာ အန်တီလေး သတိမေ့နေလို့တဲ့။ တစ်အိမ်လုံးမှာ အန်တီလေးနဲ့ အဲဒီခိုင်းတဲ့ကောင်မလေးပဲရှိတာ ... သူလည်း လာလုပ်ရမှန်းမသိဘဲဖြစ်နေတာပေါ့။ အခုတောင် ငါ ဖုန်းဆက်လိုက်မိလို့ တော်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



နင် အဲဒါ ငါ့အိမ်ကို ခဏလိုက်ခဲ့ပါလား၊ အားတယ်မဟုတ်လားဟင် အန်တီလေးကို ဆေးရုံတင်ဖို့ ဘာညာပေါ့ဟာ ... ယောကျ်ားလေး အဖော်တစ်ယောက်ရှိတော့ ကောင်းတာပေါ့"

"အေး ... လိုက်ခဲ့မှာပေါ့ ကျော်ရဲ့"

ကျွန်တော်က အလျင်စလို ပြန်ဖြေလိုက်ပါသည်။ ဒါပေမယ့် ဒီနေ့ ဖယ်ရီမထွက်ခင်အထိ ကျွန်တော့်အချိန်တွေအားလုံးကို ဝယ်ထားသူ သဇင်ဆီမှ ခွင့်ပြုချက်ယူဖို့ သတိရလိုက်မိသည်။ သဇင်က ထို အခြေအနေမှာပင် မယုံကြည်သောမျက်လုံးတွေနှင့်ကျွန်တော့်ကို ပြန် ကြည့်နေသေးသည်။

ကျော့်ဆီမှ စကားသံတို့ကို ကြားရ၏။

"လိုက်ခဲ့မယ်ဆိုလာလေဟာ ... အမြန်သွားကြမယ်၊ ငါ့ကား က မြန်မာစာဖက်မှာ Car Parking ထိုးထားတယ်"

သဇင်ထွန်းက တင်းမာစွာဖြင့် ကျော့်ကို ကြည့်ပါသည်။ သူတို့ချင်း ဘာမှတော့မပြောသေးသော်လည်း အေးစက်သည့်အရိပ် အငွေ့များကို ကျွန်တော်ခံစားရ၏။

ကျွန်တော်က ကြားထဲမှ အနေရခက်စွာ အခြေအနေကို ထိန်း သိမ်းဖို့ စဉ်းစားနေမိသည်။ ထိုအချိန်တွင် သဇင်က ကျွန်တော့်ကို ပြောစရာရှိသည်ဆိုသည့်သဘောနှင့် အချက်ပြ၏။ ကျွန်တော်လည်း ကျော့်ကို လက်ကာပြရင်း သဇင်ခေါ်ရာသို့ လိုက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သဇင်က ခြေလှမ်းဆယ်လှမ်းခန့် ထပ်လျှောက်လိုက်ပြီးမှ ရပ်ပါသည်။ နောက် ... ခပ်တိုးတိုးလေသံဖြင့် ကြိတ်ကာ ပြော၏။

"ဥက္ကာ ... ဒီနေ့ တို့နဲ့တစ်နေ့ကုန်နေရမှာနော်။ သူ့အချိန်တွေ တို့ဝယ်ထားတာ"

"ဟာ ... သဇင်ကလည်း၊ ဘယ်ကောင်းမလဲ၊ ကျော့်အန်တီလေးက အသည်းအသန်ဖြစ်နေတဲ့ဟာကို...ပြီးတော့ ကျော့်နောက်ကို လိုက်ဖို့ အခုပဲ ကတိပေးခဲ့ပြီးပြီ"

သဇင်က မလျှော့ဘဲ ကျွန်တော့်အား ပြန်ကြည့်ကာ ပြောလေသည်။

"တို့ကိုလည်း ခပ်စောစောက ဥက္ကာ ... ဒီနေ့ တစ်နေကုန် တို့နဲ့ပဲနေပါမယ်လို့ ကတိပေးထားတာပဲ"

"သဇင် ... မင်း အဲဒီလို မကပ်နဲ့ကွာ"

ပြောပြီး ကျွန်တော့်က ကျော့်ကို လှမ်းကြည့်မိသည်။ ကျော်သည် မူလနေရာမှာပင် ခြေစုံရပ်ပြီး ကျွန်တော်တို့ကို ကြည့်နေ၏။

သဇင်ကလည်း ကျွန်တော့်လေသံ နည်းနည်းမာသွားသဖြင့် မျက်နှာက ငိုမဲ့မဲ့ဖြစ်နေပြီ။ ကျွန်တော်က ဆုံးဖြတ်ချက်တစ်ခုကို အမြန်ချရသည်။

"သဇင် မနက်ဖြန်မနက် ကိုးနာရီမှာ အမှတ်တရ ကန်တင်းကိုလာခဲ့။ အခု ကိုယ်သွားတော့မယ်။ ဟိုမှာ ကျော်စောင့်နေပြီ"

ကျွန်တော် ထိုနေရာမှ လှည့်ထွက်လာခဲ့၏။ နောက်ကျော

www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင် သဇင်တစ်ယောက် ဝမ်းနည်းစွာ ကျန်ရစ်ခဲ့လိမ့်မည်ဆိုတာ သေချာပါသည်။ဒါပေမယ့်ဒီအဖြစ်အပျက်အတွက်ကျွန်တော် ဘာမှ မတတ်နိုင်ပေ။ ကျွန်တော်လည်း ကိုယ့်ကြောင့် တစ်ချိန်က ခင်မင်ခဲ့သောသူငယ်ချင်းနှစ်ယောက်၏ ပဋိပက္ခကိုရပ်စဲသွားစေချင်ပါသည်။

ကျော်နှင့်အတူ မြန်မာစာဘက် Car Parking နေရာကို ရောက်တော့ ကျော်က လှည့်ပြီး တစ်ချက်ပြုံးပြ၏။ကျော့်အပြုံးသည် ဘာခံစားမှုမှမရှိသလိုအေးတိအေးစက်နိုင်လွန်းသည်။သူမ၏မျက်နှာတွင် အန်တီလေးအတွက် ဘာစိုးရိမ်ပူပန်မှုမှ မရှိပါလား။

နှစ်ယောက်စလုံး ကားပေါ်သို့ရောက်သောအခါ ကျော်က နောက်မှီပေါ်တွင် သူမခေါင်းကိုမှီချလိုက်ရင်း ခပ်တိုးတိုးရယ်ပါသည်။ ကျွန်တော်က သူမကို မသင်္ကာဖြစ်သွား၏။ ထိုစဉ်မှာပင် ကျော်က ကားကိုစက်နိုးပြီး ကျောင်းဝင်းအပြင်ဘက်သို့ မောင်းထွက်လာခဲ့သည်။

ကားမှန်တွေကို ချထားသဖြင့် သူမဆံပင်များမှာ လေထဲ၌ လွင့်နေ၏။

"မိကျော်"

"ဘာလဲဟင် ဥက္ကာ"

တော်ပါသေးရဲ့ ...။ ငါ့ကို ပြန်ထူးဖော်ရသေးလို့။

ကျွန်တော်က စိတ်ထဲတွင် ဘာဆက်ပြောရမည်ကို စဉ်းစားနေဆဲမှာပင် ကျော်က ကားကိုလမ်းဘေးတစ်နေရာ၌ ထိုးရပ်ပစ်လိုက်သည်။ ပတ်ဝန်းကျင်ကို ကျွန်တော်အကဲခတ်ကြည့်လိုက်တော့ လူသူနည်းပါး

www.burmeseclassic.com

www.burmeseclassic.com



သော ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် သူမက ကားကို ရပ်ထား ခြင်းဖြစ်သည်။

"နင် ငါ့ကို ဘာပြောမလို့လဲ"

"ပြောမယ့်ကိစ္စကို ခဏထားဦး ... ကားကို ဘာဖြစ်လို့ ရပ် လိုက်တာလဲဟ၊ အိမ်ကို မြန်မြန်မောင်းလေ၊ အန်တီလေးက သတိ လစ်နေတဲ့ဥစ္စာ"

ကျွန်တော့်စကားအဆုံးတွင်ကျော်ကရယ်ပြန်သည်။ကျွန်တော် အံ့ဩနေမိ၏။ ဒါ ဘာအဓိပ္ပာယ်ပါလိမ့်။

"နင်ကလည်း ဥက္ကာရယ် သိပ်တုံးတာပဲ၊ အန်တီလေးက အကောင်းကြီး ဘာမှမဖြစ်ဘူး၊ အခုအိမ်မှာ ကိုကိုတို့လင်မယား လက်ပံတန်းကရောက်နေတယ်လေ၊ အန်တီလေးက ပျော်လို့မော်လို့"

"ဒါဖြင့် နင် ငါ့ကို လိမ်ပြီးခေါ်လာတာပေါ့လေ"

"ဟုတ်တယ်"

"နင် တော်တော်ဆိုးပါလား မိကျော် . . . ဟိုမှာ သဇင်တစ် ယောက်ထဲ"

ကျွန်တော့်စကားမဆုံးခင် ကျော်က ဖြတ်၍ အော်လေသည်။

"သြော် . . . ငါတစ်ယောက်ထဲကျတော့ နင်ထည့်မတွက်တော့ ဘူးပေါ့ ဟုတ်လား"

ဟုတ်ပါရဲ့ ...။ ကျော်လည်း တစ်ယောက်ထဲ ဖြစ်နေမှာပဲ။ ကျွန်တော်ကိုယ်ချင်းစာစွာသူမကိုကြည့်မိသည်၊၊ကျော်သည်ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်များ နာကျင်နေပြီလား။ ကျွန်တော် စိုးရိမ်စွာ တွေးမိသွားပါသည်။

"ဥက္ကာ"

တည်ငြိမ်သော သူမ၏ခေါ်သံတွင် အရာရာမှာ တောက်ပနေ၏။ လေထဲတွင် ငှက်ကလေးများ၏ တောင်ပံခတ်သံကို ကြားရသည်။

"ဘာလဲဟင်ကျော်"

"ငါ နင့်ကို ဘာဖြစ်လို့ လိမ်ပြီးခေါ်လာတာလဲ သိလား"

"ဟင့်အင်း မသိဘူး"

"နင့်ဆံပင်လေးတွေကို ... ကိုင်ချင်လို့ဟ ... ဟိဟိ... ရှက်စရာကြီးနော်"

သူမ၏ လေသံတွင် စောစောတုန်းက တင်းမာနေသော ကျွန်တော်စိတ်တွေ ပျော့ပျောင်းသွား၏။ ကျွန်တော် သူမကို အလိုလိုက်ချင်လာသည်။

"ရော"

ကျွန်တော့်ခေါင်းကို သူမဖက်သို့ ထိုးပေးလိုက်တော့ ကျော်က ကျွန်တော့်ခေါင်းကို ညင်သာစွာ ကိုင်ကြည့်လေသည်။

"နင် ငါ့ကို စိတ်မဆိုးဘူးမဟုတ်လားဟင် ဥက္ကာ"

"အေးပါ မဆိုးပါဘူး ကျော်ရဲ့"

ကားပြတင်းပေါက်မှ လယ်ကွင်းတချို့ကို မြင်ရသည်။ လူနေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခြေတို့မှာ ခပ်လှမ်းလှမ်းဖြစ်ပြီး အနည်းငယ်ဝေးနေ၏။ ငှက်တစ်ကောင်သည် ရုတ်တရက်ကား၏နောက်ကြည့်မှန်တွင်လာနားသည်။ ပြီးတော့ စက္ကန့်ပိုင်းအတွင်း ထပြန်သွားပြန်သည်။

ကျော့်မျက်လုံးတို့သည် သဘာဝတရားကို ချစ်တတ်သူဟု ကျွန်တော် ခံစားရ၏။

ကျွန်တော် ခန္ဓာကိုယ်ကို ခပ်စောင်းစောင်းအနေအထားဖြင့် ကျော်ထိုင်နေသော ဒရိုင်ဘာခုံကို မှီထားလိုက်သည်။ သူမသည် ကျွန်တော့်ဆံပင်များကို မလွှတ်သေးဘဲ ကိုင်တွယ်ကြည့်နေဆဲ။

ကျွန်တော် မှတ်မိသလောက် ပြောရမည်ဆိုလျှင် ကျော်သည် ဒီတစ်ခါ ကျွန်တော်ဆံပင်တွေကို အကြာဆုံး ကိုင်ကြည့်ခြင်းဖြစ်ပါသည်။

"ဟဲ့ ... ဥက္ကာ ... ငါနင့်ကို လာခေါ်တုန်းကလေ ... ငါသရုပ်ဆောင်တာ ပီပြင်ရဲ့လား"

"သိပ်ပီပြင်တာပေါ့၊ နင် မင်းသမီးလုပ်လို့ရတယ် သိလား။ နင်သရုပ်ဆောင်တာ အပိုအလိုမရှိဘူး။ အားလုံးကွက်တိပဲ။ငါတောင် ခံလိုက်ရတဲ့ဥစ္စာ"

ထိုအခါ ကျော်က တသိမ့်သိမ့်နှင့် ခန္ဓာကိုယ်ကို လှုပ်ရမ်းရင်း ရယ်သည်။ ပြီးတော့ ကျွန်တော့်ကို သတိပေးစကားတစ်ခွန်းပြော သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စကို သဇင်ကို မပြောနဲ့နော် ဥက္ကာ"

ကျွန်တော် ကျော့်ကို စချင်လာ၏။

"ဘာလဲ နင်က သဇင့်ကို ကြောက်လို့လား"

"အမလေး . . . သူ့ကိုများ ကြောက်ပါလိမ့်မယ် . . . အားကြီး ကြီး"

"ဒါဖြင့်"

"ငါက လူတစ်ယောက်ကို မလိုအပ်ဘဲ အမုန်းမပွားချင်ဘူး ဟ . . .အဲဒါကြောင့်ပါ၊ နင် သဇင်ကို ပြန်မပြောဘူး မဟုတ်လား ဥက္ကာ"

တိတ်ဆိတ်နေသော နေ့လယ်ခင်းမှာ ညနေခင်းဆီသို့ ကူး ပြောင်းစပြုနေပြီ။ဘာကိုမှမုန်းဆမရနိုင်သောအခြေအနေများကြားမှာ ကျွန်တော်တို့ အသိတရားများနှင့် ဖြတ်သန်းရမည်ဖြစ်သည်။

တကယ်တော့ ကျွန်တော်တို့အားလုံးမှာ လူသားအချင်းချင်း လေးစားဖို့ မေ့လျော့နေကြတာဖြစ်နိုင်သည်။ ခံစားချက်ဆိုတာကို ရှေ့တန်းတင်လွန်းတာ ဖြစ်နိုင်သည်။ ကိုယ့်ကိုယ်ကို မသိမသာ ကာ ကွယ်ထားကြတာ ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆိုသည့် မိန်းကရော . . .

ကျွန်တော့်အထင်ပြောရမည်ဆိုလျှင် သူမသည် မြင်သမျှကို လိုချင်နေသောကလေးဆိုးတစ်ယောက်နှင့်တူ၏။ကလေးဆိုးဆိုသည် မှာ တစ်ခါတရံ ချစ်စရာကောင်းတတ်ပါသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၁၁)

မိုးမရွာဖြစ်သော မိုးနေ့များသည် တစ်နည်းအားဖြင့် ပျင်းရိဖွယ်ဖြစ်သည်။

ကျွန်တော်ဘေးနားတွင် သဇင်ရှိနေသည့်တိုင်အောင် ပျင်းရိခြင်းက ပျောက်ဖျက်၍ မရဘဲရှိ၏။အဆောင်၏တံစက်မြိတ်အစွန်း၌ ကြီးကန်းတစ်ကောင်က နားနေရာမှ ထပျံသွားသည်။

ရုတ်တရက် သဇင်ဆီမှ စိတ်မရှည်သည့်အသံ ပေါ်ထွက်လာသည်။

"ပြောလေ ဉက္ကာ အဲဒါ ဘာသဘောလဲ"

"ကိုယ်ပြောပြီးပဲ သဇင်၊ ကျော်က ဟိုးအရင်ကတည်းက ကိုယ့်ဆံပင်တွေကို ဒီလိုပဲ ကိုင်ကြည့်နေကျဥစ္စာ၊ အခု သဇင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ ရည်းစားတွေဆိုတာကိုလည်း ကျော် သိနေတာပဲ၊ ကျော့်ကို အခုမှ ဆံပင်တွေ မကိုင်ပါနဲ့လို့ ကိုယ် ဘယ်လိုပြောရပါ့မလဲ”

“ဟာ . . . မသိဘူး၊ မသိဘူး . . .ဥက္ကာနော်၊ ရှင့်တို့နှစ်ယောက် ကိုသူငယ်ချင်းတွေက ဘယ်လိုပြောကြတယ်မှတ်လဲ”

“ဘာပြောပြောပေါ့ကွာ ... အတန်းထဲက ကောင်တွေများ ဘာ ဂရုစိုက်စရာလိုလို့လဲ”

“ဒါပေမယ့် တို့ကတော့ ဂရုစိုက်ရလိမ့်မယ် ဥက္ကာ”

ကျွန်တော်သည် သဇင်ဂရုစိုက်သည့်ဆိုသော မဆိုင်သူများ၏ မျက်လုံးတွေကို မုန်းတီးမိသွားသည်။ ပတ်ဝန်းကျင်ဆိုတာ တစ်ခါ တရံ မလိုအပ်သော အမှားအယွင်းတွေကို ဖန်တီးတတ်ပါသည်။

ဒီဘာမဟုတ်သည့်လူတွေကြောင့် ကျော်၏ဆံပင်တွေကို ကိုင် ကြည့်ခွင့်ကို ကျွန်တော် မပိတ်ပင်နိုင်ပါ။

ကျွန်တော်တို့နှစ်ယောက်ကြားတွင် တိတ်ဆိတ်မှုက ပိုမိုအရှိန် မြင့်လာ၏။

အရာရာသည် မိုးစက်မိုးပေါက်ကလေးတွေ ကျမလာခင်ပဲ ဖြစ်ပျက်သွားခဲ့သည်။ သဇင်မျက်နှာ၌ မာနဆိုသည့် တင်းမာမှုမျိုးကို သာ ကျွန်တော် ရှာတွေ့ပါသည်။

လောကကြီးကိုလည်း နည်းနည်းမတရားဟု ကျွန်တော်ထင် မိသွား၏။

“ဥက္ကာ...တို့တစ်ခုပဲပြောမယ်။ ခင်မေကျော်နဲ့ ဥက္ကာနဲ့ လက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရေးကို တို့ ခံစားလို့ လုံးဝမရဘူး။ ဥက္ကာရဲ့ ရည်းစားတစ်ယောက်အနေနဲ့ ဒီကိစ္စကို တို့က တားမြစ်တယ်။ ခင်မေကျော်ကို ဘယ်လိုအကြောင်းကြောင်းနဲ့မှ မပတ်သက်ပါနဲ့၊ တို့ တားမြစ်ချက်ကို ဥက္ကာ မလိုက်နာနိုင်ဘူးဆိုရင်”

သဇင်က စကားကို ဆုံးအောင်မပြောသေးဘဲ ကျွန်တော့်အား တစ်ချက်ကြည့်ပါသည်။ သူမကို စိုက်ကြည့်နေသော ကျွန်တော့်မျက်လုံးတွေကို မြင်တော့ သဇင်နှုတ်ခမ်းတို့မှာ ဆတ်ခနဲတုန်သွားသည်။

လေထုထဲသို့ မဆုံးသေးသော သူမ၏ စကားသံက ရောက်လာသည်။

“တို့ကို မေ့ပစ်လိုက်ပါ”

အစိမ်းရောင်နှောင်ကြိုးတစ်ကြောင်း ပြတ်တောက်သွားပြီဟု ကျွန်တော် ခံစားရပါသည်။

ရိုးရိုးလေးပါပဲလား။

တကယ့်ကို လွယ်လွယ်လေးပါပဲလား။

ငါက ကျော့်ကို အဆက်အသွယ်မဖြတ်နိုင်ဘူးဆိုရုံနဲ့ သဇင်က ငါ့ကို လမ်းခွဲပစ်ခဲ့မှာတဲ့၊ ဘယ်လောက်တောင် အရေးမပါလိုက်သလဲ။

နေစမ်းပါဦး၊ ငါက အဲဒါကို လိုချင်တာ မဟုတ်ဘူးလား၊ ယောကျ်ားတစ်ယောက်အနေဖြင့် မိန်းမတစ်ယောက်၏သိက္ခာကို အားနာစွာ … ကျွန်တော်ဆက်မတွေးရက်တော့ပေ။ ကျွန်တော့်မှာကျော့်ကို

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတစ်ယောက်လိုတောင် မဆက်ဆံရတော့ဘူးဆိုသည် အတွေးက ခြောက်လှန့်နေ၏။

ဒီအချိန်မှာ ကျွန်တော် ပြတ်သားစွာ ဆုံးဖြတ်ဖို့ အသေအချာ ပင် လိုအပ်လေသည်။

"သဇင် . . . ကိုယ် ကျော့်ကို ဘာအကြောင်းပြချက်မှ မရှိဘဲ အဆက်အဆံ မဖြတ်နိုင်ဘူး"

သူမက ကျွန်တော်စကားကြောင့် မဲ့ပြုံးပြုံးသည်။ ပြီးတော့ ပြော၏။

"တို့ သဘောပေါက်တယ် ဥက္ကာရယ် . . . ဒီတော့ အခုတို့ရဲ့ ဇာတ်လမ်းက ဒီမှာပဲ ပြီးသွားပြီပေါ့နော်"

ရုတ်တရက် လေစိမ်းတွေက ရောက်လာ၏။

ကျွန်တော်က ဘာမှမပြောဘဲ သူမ၏ မျက်ဝန်းများကိုသာ စိုက်ကြည့်နေမိ၏။ သဇင်ဟာ စိမ်းကားမာကြောသောမိန်းမတစ် ယောက်ပါလားဟု ထိုခဏမှာပင် ကျွန်တော် သိခွင့်ရသွားသည်။

"ဘိုင်"

ကျွန်တော့်ကို လက်ပြ နှုတ်ဆက်သွားသော ထိုမိန်းမကို ကျွန်တော်စိတ်ထဲက လှောင်ပြောင်ပစ်လိုက်၏။

သွားပေါ့ကွယ် . . .

မင်းမရှိတော့လည်း ငါက ဘာဖြစ်ရမှာလဲ။

ကျွန်တော်သည် အနီးအနားတွင် ရှိသော တုတ်တစ်ချောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



မြေကြီးကို ကြက်ခြေခတ်နေမိ၏။ သဇင်သည် ကျွန်တော်နှင့် ဝေးရာသို့ ကျောခိုင်းထွက်ခွာသွားသည်။ ကျွန်တော် ကျေနပ်စွာ ပြုံးမိ၏။

ဒီတစ်ခါတော့ ကျွန်တော်သည် အချိန်အခါနှင့် အခြေအနေကို တွက်ချက်ရာ၌ ထူးချွန်သူဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၁၂)

“ဥက္ကာ နင် တကယ်ပြောနေတာလား”

ကျော့်အသံသည် သူမ၏ အံ့ဩမှုကို ဘယ်လိုမှ လုံအောင် မဖုံးကွယ်နိုင်ပါ။

“တကယ်ပေါ့ဟ အခု ငါတို့နှစ်ယောက်ပြတ်သွားကြပြီ”

“နင်ကလည်း နည်းနည်းပါးပါးလေးတောင် လိုက်မတောင်း ပန်ဘူးလား၊ သူက မိန်းကလေးဆိုတော့ ...”

“လုပ်မနေနဲ့ မိကျော့်၊ မိန်းကလေးလည်း မရဘူး။ အခု ကိစ္စ က ငါမှားတာမှ မဟုတ်ဘဲ၊ ပြီးတော့ သူက နင်နဲ့ငါ့ကို လုံးဝမဆက် ဆံရဘူးတဲ့၊ အဓိပ္ပာယ်မရှိလိုက်တာ၊ ဥက္ကာကို ဒီလိုလာလုပ်လို့ ဘယ် ရမလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မကောင်းတာကတော့ မကောင်းတာပဲ ဥက္ကာရဲ့၊ နင် စဉ်းစားကြည့်လေ၊ နင်တို့ ရည်းစားဖြစ်တာလဲ တစ်ပတ်ပဲ ခံတယ်။ နင်က ယောကျ်ားလေးပဲ၊ ဘာအကြောင်းလဲ ... သူက မိန်းကလေးဟ...ရည်းစားတစ်ယောက်တစ်ပတ်ပဲ ဆိုတော့သဇင်နာမည် ပျက်မှာပေါ့။ ပြီးတော့ သူ့အနေနဲ့လည်း ငါ့လောက်တောင် ဂရုစိုက် မခံရတော့ နင့်ကိုတင်းမှာပေါ့ မဟုတ်ဘူးလား"

ကျော် ပြောတော့လည်း ဟုတ်သလိုလို ရှိသည်။ ဒါပေမယ့် သေချာစဉ်းစားကြည့်တော့လည်း မဟုတ်ပြန်။ ကျော်ကဒီနေရာတွင် မိန်းကလေးအချင်းချင်းရိုင်းပင်းသည့်စိတ်က အပြည့်ရှိနေပြန်သည်။

"မဟုတ်သေးဘူးလေ မိကျော်၊ ဒီကိစ္စမှာ သူက ငါ့ကို အကျိုးအကြောင်း ဘာမှခြေခြေမြစ်မြစ် ပြောပြ၊ရှင်းပြတာ မဟုတ်ဘူး။နင်နဲ့ အဆက်အသွယ်ဖြတ်မလား၊ သူနဲ့ဖြတ်မလား၊ အဲသလိုလာတာလေ။ ငါက မာနမရှိရတော့ဘူးလား။ ကဲ နင်စဉ်းစားစမ်းပါဦး"

ထိုအခါ ကျော်က စိတ်ညစ်စွာ ခေါင်းကုတ်လေသည်။ ပြီးတော့ စားပွဲပေါ်ရှိ ပူစီကို ဂေါ်ဖီရွက်တစ်ရွက် လှမ်းကျွေး၏။ နောက် ကျွန်တော့်ဖက်ကို လှမ်းကြည့်သည်။

"ထားပါတော့ အခု ငါက သဇင်ကိုတွေ့ရင် မျက်နှာချင်း ဆိုင်ရမှာ ခက်နေပြီ။ ပြီးတော့ ငါနဲ့သဇင်နဲ့ စကားမပြောကြတာကို အတန်းထဲက တချို့ ရိပ်မိတယ်ဟ။ သူတို့တွေက အမြဲစပ်စုနေကြတာ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း ကျော်ရယ်၊ အဲဒါတွေ ဂရုစိုက်မနေပါနဲ့၊ ကိုယ့်ဟာ ကိုယ် ပုံမှန်ပဲနေပေါ့"

ကျွန်တော်က ပြောမယ့်သာ ပြောရသော်လည်း ကျော်က ပါးပါးနပ်နပ် နေထိုင်တတ်သူတစ်ယောက်ဖြစ်ပါသည်။ သူမသည် ကျွန်တော့်စာမေးပွဲတိုင်းတွင် အမြဲတမ်း ပထမဆုဖြစ်သည်။

စွတ်စိုသောမိုးမှ အေးမြသောဆောင်းသို့တိုင် ကျွန်တော်တို့၏ ခံစားမှုကပုံမှန်သာဖြစ်ခဲ့၏။ထိုကာလများ၌ လမ်းတွင် ကန်တင်းတွင် သဇင်နှင့်မတော်တဆဆုံပါက သူမသည် ပြုံးပြနှုတ်ဆက်တတ်သည်။

မိုးအကုန်၊ဆောင်းအကူးအချိန် ကျောင်းတက်ရက်များအတွင်း ရံဖန်ရံခါ ကျွန်တော်က သမိုင်းမှာ သူမနှင့် မိုင်နာချိန်ကို လိုက်တက်တတ်ပြီး တစ်ခါတစ်ရံမှာတော့ ကျော်က ကျွန်တော်တို့ကျူတိုရီရယ်ခန်းဝမှာ ထိုင်စောင့်နေတတ်သည်။

ကျွန်တော်တို့နှစ်ယောက်၏ ယုန်ကလေးပူစီသည် တဖြည်းဖြည်းကြီးလာ၏။ အရင်လို မွေးကာစ သေးသေးကွေးကွေးလေး မဟုတ်တော့ဘဲ အရွယ်ရောက်သော ယုန်တစ်ကောင်၏ပုံစံဖြစ်လာသည်။

ကျွန်တော်တို့သည် "ကြည်နူးရိပ်" မှာ ထိုင်မြဲ၊ တစ်ခါတလေ "ဖထီး"၊ "အမှတ်တရ" သို့ ပြောင်းထိုင်မြဲ။

သူမကလည်း ကျွန်တော်ဆံပင်တွေကိုကိုင်ကြည့်မြဲ။ တစ်ပတ်တစ်ခါ မသက်ဆီ၌ အတူတူ ခေါင်းသွားလျှော်မြဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် ကျွန်တော်တို့ အတန်းထဲက ကျောင်းသားတွေနှင့် ပိုမိုခင်မင်လာ၏။ငြိမ်းငြိမ်းတို့၊လှမြတ်ဟန်တို့နှင့်တကယ့်ငယ်ပေါင်းတွေလို ရင်းနှီးလာသည်။

ဒီ အခြေအနေသည် ပို၍ ပျော်ရွှင်ဖွယ်ကောင်းသော နေ့စွဲတွေဖြစ်ခဲ့၏။လှမြတ်ဟန်တို့ကလည်း ကျွန်တော်တို့နှစ်ယောက်၏ဆက်ဆံရေးကို စပ်စုခဲ့ကြသည်။ ဝေမင်းအောင်ဆိုလျှင် ကျွန်တော့်ကို "မင်းတို့နှစ်ယောက်က ဘယ်လိုလဲ" ဟုပင် ဖြောင်မေးခဲ့၏။

ထိုအခါများတွင် ကျွန်တော်က ဟိုလိုလို၊ဒီလိုလိုအဖြေပေးရသည်။

ငြိမ်းငြိမ်းကလည်း ...

"နင်တို့နှစ်ယောက်နော် ... ဘာလဲ ... မုန့်ကျွေးရမှစိုးလို့ ငါတို့ကို ထိန်ချန်ထားကြတာလား"

ကျွန်တော်တို့သည် ထိုမေးခွန်းမျိုးကို ကြားလျှင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြိုင်တူပြုံးမိတတ်ကြ၏။

ဒီလိုနှင့် စားမေးပွဲဖြေဖို့ရက်တွေက တစ်စတစ်စ နီးကပ်လာသည်။ ဒီအချိန်အထိ ကျွန်တော်တို့ကြားတွင် အပြောင်းအလဲမရှိသေးပေ။ ရာသီမှာ ဆောင်းဦးပေါက်သို့ ဝင်ရောက်လာခဲ့၏။

ကျွန်တော်တို့ နှစ်ယောက်ကြားတွင် သဇင်ထွန်း ဆိုသည့်နာမည်ကိုလည်း မေ့လျော့ထားနိုင်ခဲ့ပြီ။ ကျော် ဆိုသော ချစ်စဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနှင့်ကျွန်တော့်ကြားမှာသူငယ်ချင်းဆိုသည့်တံတိုင်းကြီး ကို ကျွန်တော် မုန်းပါသည်။

အို . . . ငါဟာ ကျော့်ကို မျှော်လင့်နေတာပါလား။

မျှော်လင့်ချက်ဆိုသည်မှာ သတ်၍ မသေသောနတ်ဆိုးတစ်ပါး သာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၁၃)

ဆောင်းဦးသစ်ရွက်တို့က နေရာအနှံ့လတ်ဆတ်သစ်လွင်နေကြသည်။ မြူတို့က ပါးပါးလျလျနှင့် တစ်မျိုးချစ်စရာကောင်းနေ၏။ အလင်းတို့မှာနူးညံ့စွာလှပနေပြီးပန်းရနံ့များကသင်းပျံ့နေလေသည်။

သူမ၏ လေဒီရှူးအနက်ရောင်အောက်မှ ခြေဖမိုးဖောင်းဖောင်းလေးတွေက ကျွန်တော့်တပ်မက်မှုကို ဖျားယောင်းနေကြ၏။ တစ်ယောက်နှင့်တစ်ယောက် ဘာစကားမှမဆိုဖြစ်ကြ. . .။ လေတိုးသံမှအပ ပတ်ဝန်းကျင်သည် ပကတိငြိမ်သက်နေလေသည်။

ကျွန်တော်တို့ကအဆောင်ကော်ရစ်ဒါ ထောင့်ချိုးလှေကားထစ်များတွင် ထိုင်နေကြခြင်းဖြစ်သည်။ နှစ်ယောက်စလုံးက ဆောင်းဥတုရောက်ရှိလာပုံကို ငေးကြည့်နေမိကြ၏။

မြူနှင်းတွေကြားသို့ နေရောင်ခြည်က ထိုးခွဲဖြာဆင်းစပြုလာပြီ။ နာရီကို ကြည့်လိုက်တော့ (၈း၄၅). . .။ ဒါဆို ပထမဆုံးအတန်းချိန် ရောက်ပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အတွေးမဆုံးမီမှာ ခြေသံတွေကိုကြားလာရ၏။ ကျော်က ကျွန်တော့်ဖက်ကို လှည့်ကြည့်သည်။ဟိုကောင်တွေရောက်လာကြပြီ ဆိုသည့် အဓိပ္ပာယ်. . .။ သူမလည်း အတန်းသွားတက်တော့မည် ဆိုသည့်သဘော။

ထိုစဉ် လှေကားအကွေ့မှ သူငယ်ချင်းအုပ်စုက ဘွားခနဲပေါ် လာသည်။

"ဩော် . . .နင်တို့နှစ်ယောက်ထဲ ဒီမှာဘယ်အချိန်ကတည်းက ရောက်နေကြတာလဲ"

တွေ့တွေ့ချင်းမှာ လှမြတ်ဟန်က စစ်သည်။

"ရှစ်နာရီလောက်ကတည်းက ငါတို့ရောက်နေကြတာဟ"

ကျော်ကဘာမှမဖြစ်သလို ဝင်ဖြေ၏။ ကျွန်တော်က ထိုအုပ်စု ကို လှမ်းကြည့်လိုက်တော့ ကျော်စွာမှလွဲ၍ လူစုံနေတာကို တွေ့ရ သည်။ ကြည့်ရတာ ဖယ်ရီဝင်းမှာ လူစုလာခဲ့ကြပုံရ၏။

စာမေးပွဲက နီးလာတော့အားလုံးနီးပါး အတန်းမှန်နေကြခြင်း ဖြစ်သည်။ (ကျော်စွာလို အိပ်ပုတ်ကြီးတဲ့ တစ်ယောက်တလေက လွဲလို့ပေါ့။) ထိုစဉ်မှာ ငြိမ်းငြိမ်းက ကျွန်တော့်ကို အားရဝမ်းသာ သတင်းတစ်ခုပြောပြ၏။

"ဥက္ကာ. . .ဒီနေ့ အင်္ဂလိပ်အချိန်မဝင်ဘူးတဲ့၊ ဆရာမက နေ မကောင်းလို့တဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကို ကျွန်တော်မှလွဲပြီး အားလုံးက သိပြီးသားဖြစ်ပုံရသည်။ ကျော်ကလည်း ဝမ်းသာနေ၏။

"ဟဲ့ . . .ဒါဆို ငါလည်းပထမဆုံးချိန်မတက်တော့ဘူး၊ နင်တို့အဖွဲ့နဲ့ပဲ နေမယ်"

"နင့်သဘောပဲ ကျော်. . .ပြီးမှ စာတွေမလိုက်နိုင်ဘူးဆိုပြီး မအော်နဲ့"

"အေးပါဟာ . . ."

ဒါနဲ့ပဲ ကျွန်တော်တို့တစ်ဖွဲ့လုံး ဖထီးဆိုင်ကို ရောက်လာခဲ့ကြသည်။ နောက်ကြ၊ပြောင်ကြ၊ စားကြ သောက်ကြနဲ့ ကျွန်တော်တို့အဖွဲ့ကြောင့် ဖထီးဆိုင်မှာ စည်ကားသွား၏။

ငြိမ်းငြိမ်းမှာ ညကကြည့်ခဲ့သောမြဝတီမှ လျှပ်တစ်ပြက်ရိုက်ချက်အစီအစဉ်တွင် မင်းသမီးတစ်ယောက်၏ အချိုးမပြေပုံကို ပြောပြနေသည်။

"သိလားဟာ. . . ဘာပြောပြော 'ဘယ်လိုခေါ်မလဲပေါ့နော်" ဆိုတာကြီးက အမြဲပါတယ်၊ငါတို့တစ်အိမ်လုံးလည်း သတိထားမိပြီး ဝိုင်းရယ်ကြတာပေါ့၊ တကယ့် ငပေါမပဲ"

ထိုအစီအစဉ်ကို ကြည့်ရသော သက်ဦးက ပါဝင်ထောက်ခံနေသဖြင့် ထိုအကြောင်းအရာမှာ လောလောဆယ် ကျွန်တော်တို့ဝိုင်းတွင် ခေတ်စားသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေးရေပေါ့နော်. . .လန်ဒန်တစ်ပွဲလောက်ပေါ့နော်. . . ပြီးတော့ပေါ့နော်. . .မီးခြစ်ရောပေါ့နော်"

သက်ဦး၏ဆေးလိပ်နဲ့ မီးခြစ်မှာပုံကိုအားလုံးက တဝါးဝါး တဟားဟားနဲ့ ပွဲကျနေလေသည်။

လှမြတ်ဟန်ကလည်း အားကျမခံ လိုက်ပြောကြည့်သည်။

"ငါတို့အိမ်နားက အစ်ကိုကြီးတစ်ယောက်ပေါ့နော်. . .သိပ် ချောတာပဲပေါ့နော်. . .ငါ့ကိုလည်းခဏခဏကြည့်တယ်ပေါ့နော်..."

"ကြော်ငြာဝင်မပါနဲ့ပေါ့နော်"

လှမြတ်ဟန်မှာ သူ စွံကြောင်းပြီးအောင် မကြွားလိုက်ရသဖြင့် ဝင်နှောက်သော ဝေမင်းအောင်ကို မျက်စောင်းလှမ်းထိုးသည်။ ထို အဖြစ်အပျက်ကြောင့်ကျွန်တော်တို့အဖွဲ့၏ ရယ်သံတွေကဆူညံသွား ပြန်သည်။

ကျော်သည်ပျော်ရွှင်နေပြီး တကယ့်ကလေးငယ်တစ်ယောက် လို ရယ်မာနေလေသည်။

"ဟိုလေ. . .ငါ့အစ်ကိုတစ်ယောက်ရဲ့ ရည်စားပေါ့နော်၊ ဘယ် လိုခေါ်မလဲပေါ့နော်"

"လာပါဦးပေါ့နော်"

ငြိမ်းငြိမ်းလည်း သူပြော၍ မပြီးခင် လိုက်နှောက်နေ သောဝေမင်းအောင်ကို နှုတ်ခမ်းကိုက်ပြကာ ကြိမ်းသည်။ ရယ်သံများ ချစ်စနိုးနဲ့ဆဲသံများ၊အော်ဟစ်သံများနှင့်ကျွန်တော်တို့အဖွဲ့ကိုသဘော

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော ဖထီးဆိုင်ပိုင်ရှင် ကရင်ကြီးက ပြုံးကာ သဘောကျနေ၏။

ထိုစဉ်ပင် နောက်ကျနေသော ကျော်စွာက ရောက်လာသည်။ ကျော်စွာက ဂတုံးကြီးနှင့်မို့အားလုံးက အံ့သြနေကြသည်။မနေ့ကပင် ဆံပင်တွေရှိသေး၏။ အခု ဂတုံးကြီးနဲ့ဆိုတော့ မြင်ရတာကလည်း တစ်မျိုးကြီးဖြစ်နေသည်။

ဝိုင်းထဲမှာ ဝင်ထိုင်လိုက်သောကျော်စွာ့ကို အားလုံးက တစ်ယောက်တစ်မျိုး စပ်စုကြတော့သည်။

"ဟဲ့. . .နင် ဘယ်လိုဖြစ်ပြီး ဂတုံးဖြစ်သွားရတာလဲ"

"အေးလေ. . .နေ့ချင်းညချင်းကြီး"

ကျော်စွာက ကျွန်တော့်ဘေးမှာထိုင်ပြီး ဟိုဟိုသည်သည် လျှောက်ကြည့်နေ၏။ ကျွန်တော်က ပြောရသည်။

"ကျော်စွာ. . .ငါ မင်းကို ပြောစရာရှိတယ်"

အားလုံးက တိတ်ဆိတ်သွားပြီး ကျွန်တော့်စကားကို စိတ်ဝင်စားစွာ နားထောင်နေကြ၏။

"ငါ. . .ကြားဖူးတာပြောပြမယ်နော်. . .လောကမှာဂတုံးသုံးမျိုးရှိတယ်ကွ"

"ဟုတ်လား. . .ပြောစမ်းပါဦး"

ကျော်ကလည်း ကျွန်တော့်စကားကို ဂရုစိုက်ပြီး နားထောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပထမတစ်မျိုးက အေးဂတုံးတဲ့၊ သာသနာ့ဂတုံးပေါ့ကွာ။ အေးရာအေးကြောင်း ဘုန်းကြီးတွေ၊ ဘာတွေဝတ်ပြီးလူပြန်ထွက်လာတာမျိုးပေါ့"

"ဟုတ်ပြီ. . .ဒုတိယတစ်မျိုးကရော"

"ဒုတိယတစ်မျိုးက ဘေးဂတုံးတဲ့ကွ၊ သူကတော ရောဂါတွေ အပူဒဏ်တွေကြောင့်တုံးရတဲ့ဂတုံးမျိုးပေါ့၊ ဘေးကင်းအောင်ပေါ့ကွာ"

"နောက်တစ်မျိုးကျန်သေးတယ်လေ"

အားမလိုအားမရနှင့် သက်ဦးက ဝင်မေးသည်။ ကျွန်တော်က. . .

"ပြောမှာပေါ့ကွ. . .ဘယ်လိုဖြစ်နေတာလဲ၊အင်း. . .နောက်ဆုံးကျန်တဲ့တစ်မျိုးက ခွေးဂတုံးတဲ့ကွ၊သူကတော့ဘာအကြောင်းမှမရှိဘဲ အားအားယားယား ဂတုံးတုံးထားတဲ့လူမျိုးပေါ့၊ ကဲ. . .ကျော်စွာမင်းကရော ဘယ်လိုဂတုံးမျိုးထဲမှာ ပါသလဲ"

ကျွန်တော့်အမေးကြောင့် ကျော်စွာကအူကြောင်ကြောင်ဖြစ်သွားပြီး ခေါင်းကိုကုတ်သည်။ ကျန်လူတွေက ကျော်စွာဘာပြန်ဖြေမလဲဟု ဝိုင်းကြည့်နေကြ၏။

"ဟိုဒင်းကွာ. . .ငါက ပျင်းလို့ ဂတုံးတုံးတာဆိုတော့ ခွေးဂတုံးကွ"

"ဝါး. . .ဟားဟားဟားဟား"

တစ်ဖွဲ့လုံး အော်ဟစ်ရယ်မောသံတွေဆူညံသွား၏။ ကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



ခများ သူ့ဂုတ်ဝိုးကို ပွတ်သပ်ရင်းမှ မျက်လုံးကလေး ကလယ်ကလယ်နှင့် ပြန်ကြည့်နေရှာသည်။

ကျော်က သူမပါးစပ်ကို လက်ဖြင့်ကာရင်း ရယ်နေ၏။ ကျွန်တော်က ပျော်နေသော ကျော့်ကိုကြည့်ပြီး ကြည်နူးနေမိသည်။

ခဏကြတော့ သူတို့အဖွဲ့၏နောက်ပြောင်မှုက ကျော့်ဆီသို့ မြားဦးလှည့်လာ၏။

"ဟဲ့. . .ငြိမ်းငြိမ်း ဟိုမှာကျော့်ကိုကြည့်စမ်း. . .ယဉ်ယဉ်လေး. . ."

ကျော်ကလှမြတ်ဟန်၏ စကားလုံးထောင်ချောက်ကို မသိဘဲ ရှက်ကိုးရှက်ကန်းနှင့် ပဲများလေသည်။ လှမြတ်ဟန်ကစောစောတုန်းက မဆုံးသေးသော စကားကို ထိုအချိန်ကျမှ ဆက်ပြောလိုက်သည်။

"ရူးနေတာ"

ထိုအခါ လှမြတ်ဟန်၏ဆိုလိုရင်းသည် အဓိပ္ပာယ်ပြောင်းသွားပြီး ကျော်ကလည်း အိုက်တင်များနေရာမှ ရုတ်တရက်အနေရခက်သွား၏။ ကျွန်တော်လည်း သူများထက်ဦးအောင် အားရပါးရ အော်ရယ်မိသည်။

ကျန်လူတွေက ပြုံးစိပြုံးစိနှင့် ကျော့်ကိုကြည့်နေကြ၏။ ကျော်က ရှက်နေလေသည်။

လှမြတ်ဟန်က ကျော့်ကို တောင်းပန်သည်။

"ကျော် . . .ငါကနောက်တာနော်. . .စိတ်ဆိုးသွားလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . .မဆိုပါဘူး၊ သူငယ်ချင်းတွေပဲ ဥစ္စာ"

လှမြတ်ဟန်က. . .

"စောစောတုန်းကနောက်တာ. . .အခုအတည်ပြောမယ်၊ ကျော်က အရမ်းလှတာပဲသိလား၊ နော် ဟုတ်တယ် မှတ်လား ဥက္ကာ"

ကျွန်တော်က နှာခေါင်းရှုံ့ရင်း ပြောလိုက်၏။

"ဒီပုံကြီးလား လှတာ. . .ခေါစာပစ်လို့ သရဲမစား လဒခုနှစ်ရက်ဖျားဆိုတဲ့ ရုပ်ကြီးများ"

ကျော်က ကျွန်တော့်လက်မောင်းကို ဆွဲလိမ်သည်။ ကျွန်တော် နောက်တာကိုတော့ သိပ်သည်းခံချင်ပုံမပေါ်ပေ။

"နင်မှ အဲဒီလိုရုပ်. . .ဥက္ကာ. . .အစုပ်ပလုတ်ကောင်"

သူမက ကျွန်တော့်ကျောကုန်းကို တဘုန်းဘုန်းနှင့် ရိုက်သည်။

ထို့နေ့တစ်နေ့လုံး ရယ်သံတွေဆူညံနေခဲ့၏။ ကျော့်မျက်လုံးတွေကလည်း နူးညံ့နေပြီးအရာရာအတွက် သတ္တိရှိလာပုံပေါ်သည်။ ကျွန်တော်တို့အားလုံး တစ်နေကုန် အတန်းမတက်ကြတော့။

ချစ်ခြင်းမေတ္တာသည် စကားလုံးထက် ပိုမိုကြီးကျယ်သော သိမ်မွေ့မှုဖြစ်သည်။ မတော်တဆ ကျွန်တော့်ဖက်ကို လွင့်လာသော ကျော့်ဆံပင်ကို ဖမ်းယူကြည့်မိတော့ ကျွန်တော်ကိုယ်တိုင် လေဟာနယ်ဖြစ်သွားပါသည်။

ခမ်းနားသည့် အလင်းပွင့်များဆီတွင် ကျွန်တော်က နောက်ကျခဲ့သော သုညတစ်လုံးသာဖြစ်လေသည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၁၄)

ဆောင်းက တစ်နေ့ထက်တစ်နေ့ ပိုမိုပီပြင်လာ၏။ အေးစက်သောနေ့စွဲများတွင် ကျွန်တော်တို့နှစ်ယောက်၏ ဆက်ဆံရေးမှာ တဖြေးဖြေး ပို၍ပူနွေးလာခဲ့သည်။

တိတ်ဆိတ်နေသည့် သံသယအစုအဝေးများက လမ်းတစ်လျှောက် ဟိုဟိုသည်သည် လွင့်မျောနေ၏။ ကျွန်တော်က စာမေးပွဲအတွက် အလောတကြီး ဖြစ်နေသော ကျော်ဆိုသည့် ကောင်မလေးအား ရယ်ချင်နေမိသည်။ သူမသည် ကျူရှင်တက်ရ၊ လွတ်သွားသည့် စာတွေကို အသည်းအသန်ပြန်ကူးရ၊ ဖုန်းတစ်လုံးနှင့်မေးခွန်းပုံစံတွေကို လိုချင်ရနှင့် အတော်ရှုပ်ထွေးလေသည်။

"ကျော်ရယ် . . .နင့်ဟာကလည်း အလုပ်ရှုပ်လှချည်လား၊ စာမေးပွဲကျတော့လည်း ဘာဖြစ်သေးလဲ၊ ဆပ်ပလီရှိသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . .အဲဒါတော့ နင်ပြောမှလား၊ ငါကအလုပ်ရှုပ်မခံနိုင်ဘူးဟဲ့။ တစ်ခါထဲ အောင်အောင်လုပ်မှာ"

ကျွန်တော်က ကျော့်လေသံကို သဘောကျစွာရယ်တော့ သူမက မျက်စောင်းထိုးပါသည်။

ဘာကိုမှဂရုမစိုက်တတ်သော ကျွန်တော်က ကျော့်မျက်စောင်းလေးတွေကိုတော့ ဂရုတစိုက်ရှိခဲ့သည်။ ပန်းရောင်နေ့စွဲများအတွင်း ယုန်ကလေးပူစီကို အကြောင်းပြကာကျွန်တော်တို့နှစ်ယောက် နေ့တိုင်းလိုလို တွေ့ဆုံဖြစ်ကြ၏။

ဒီလိုနှင့်ပင် စာမေးပွဲရက်များက ရောက်လာသည်။

ကျွန်တော်က စာမေးပွဲကို သိပ်အလေးမထားဘဲ ခပ်ပေါ့ပေါ့နေသလောက် ကျော်ကတော့ စာမေးပွဲကို ဂရုတစိုက်ရှိလေသည်။

တကယ်တမ်း စာမေးပွဲရောက်လာသောအခါ ကျွန်တော်က သိပ်မဖြေနိုင်။ သို့သော် အောင်မှတ်တော့ ရနိုင်သည်။ ကျော်ကတော့ ကျွန်တော့်လို့မဟုတ်၊ အပုဒ်စေ့၊ အချိန်စေ့ ဖြေသည်။

ဒါတောင် စာမေးပွဲခန်းထဲမှ ပြန်ထွက်လာ၍ အပုဒ်ငယ်တစ်ပုဒ်တလေ မှာသွားလျှင် စာမေးပွဲကျတော့မည့်ပမာ ပြောဆိုညည်းငြူတတ်သည်။

"ကျော်ရယ်. . .ဒါလောက်မှားသွားတာ ဘာဖြစ်လဲ။ ကျန်တာတွေ ဖြေနိုင်သားပဲ။ အောင်မှာပါဟာ"

www.burmeseclassic.com

www.burmeseclassic.com



"အောင်ရုံလောက်ကတော့ ဘာလုပ်ရမှာလဲ ဥက္ကာရဲ့. . .နင် ပြောမှလား၊ ငါက ဂုဏ်ထူးလိုချင်တာ"

ထိုအခါ ကျွန်တော်က လှိုက်လှိုက်လှဲလှဲပင် ရယ်မောမိ၏။ ပြီးတော့ မေးမိသည်။

"နင်က ဂုဏ်ထူးတန်းတက်ဦးမှာပေါ့၊ ဟုတ်လားမိကျော်"

"အေး. . .ဒါပေမယ့် ဂုဏ်ထူးတန်းတက်ချင်လွန်းလို့တော့ မဟုတ်ပါဘူးဟာ. . .ငါက လုပ်လို့ရတဲ့နေရာတိုင်းမှာ ငါလုပ်ခဲ့သမျှ ဟာ အကောင်းဆုံးပဲဖြစ်ချင်တယ်၊ ငါ့ရဲ့စွမ်းရည်ကို ငါပြန်စမ်းသပ် တဲ့သဘောပေါ့၊ ခင်မေကျော်ဟာ ဘယ်လောက်စာမေးပွဲဖြေနိုင်သလဲ ဆိုတာထက် ဘယ်လောက်တတ်သလဲဆိုတာမျိုးပေါ့"

ကျွန်တော်က ကျော့်စကားတွေကို တအံ့တဩဖြစ်နေမိ၏။ ကျော်သည် အတန်းမှန်မှန် မတက်သော်လည်း ပညာကိုလိုချင်စိတ် ရှိသူဖြစ်သည်။ စာမေးပွဲကို ထူးချွန်စွာ ဖြေနိုင်သူဖြစ်သည်။ ထိုကိစ္စ များအတွက် တကယ်ပင်အရည်အချင်းရှိသူလည်း ဖြစ်လေသည်။

လက်ရှိအခြေအနေတွင် ကျွန်တော်က ကျော့်ကိုလွှမ်းမိုး ဦးဆောင်နိုင်ခြင်းမရှိသေးပေ။

မေတ္တာတရားဆိုသည်မှာ ထူးခြားအံ့ဩဖွယ်တစ်ခုမှန်း ကျွန်တော် သိစပြုလာပြီ။ ထိုနေ့က စာမေးပွဲနောက်ဆုံးနေ့ဖြစ်၏။ ကျွန်တော်က စာမေးပွဲခန်းထဲမှ ထုံစံအတိုင်း စောစောစီးစီး ထွက်လာခဲ့ပြီး ကျော့် အခန်းရှေ့မှာ ထိုင်စောင့်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက အချိန်စေ့ရန် ငါးမိနစ်ခန့်အလိုတွင်စာမေးပွဲခန်းထဲက ထွက်လာ၏။

“ဥက္ကာ. . .ဖြေနိုင်ရဲ့လား”

“အင်း. . .ဖြေနိုင်ပါတယ်၊အောင်မှတ်ပေါ့. . .နင်ရော”

ကျော်သည် ကျွန်တော့်အမေးကို ချက်ချင်းမဖြေသေးဘဲ သူမ လက်ထဲက မေးခွန်းစာရွက်ကို ငုံ့ကြည့်လိုက်သေးသည်။

“ငါလည်း ဖြေနိုင်ပါတယ်”

“ငါကလည်း တာဝန်ရှိလို့သာ မေးရတာပါ၊ နင်က ဖြေနိုင်မှန်းသိသားပဲ။ ကဲ. . .ကျော် အခု ဘယ်သွားမလဲ”

“ပူစီဆီကို သွားမယ်”

ကျော်က ထိုသို့ပြောပြီး ရှေ့မှထွက်သွားသည်။

ကျွန်တော်လည်း နောက်မှလိုက်ရ၏။ ကြည်နူးရိပ်။

မိုးတိမ်တွေက ကောင်းကင်တွင်လှပစွာ ရွေ့လျားနေကြ၏။ ကျွန်တော်ရှေ့တွင် ယုန်ကလေးပူစီနှင့်ကျော် ဆိုသည့်သူငယ်ချင်းမက ရည်စားမကျ ကောင်မလေးတစ်ယောက်ရှိသည်။

သူမ မျက်သားတွေမှာ ဆင်စွယ်ရောင်တောက်နေ၏။ အပြန်အလှန်ကြည့်မိကြသော အခိုက်အတန့်အတွင်းမှာပင် အရာရာသည် နူးညံ့သော ကတ္တီပါပန်းပွင့်လေးတွေ ဖြစ်သွားသည်။

“မိကျော်. . .”

“ပြောလေ. . .ဥက္ကာ”

www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲပြီးသွားပြီဆိုတော့ ကျောင်းပိတ်သွားပြီဟ"

"သိသားပဲ"

ကြည့်ပါလား။ ဒီကောင်မလေးဟာ. . .စကားပြောလိုက်ရင် ဘုကန့်လန့်ချည်းပဲ။

"အဲဒီတော့ဟာ. . .ပူစီကို. . ."

ကျွန်တော့်စကား မဆုံးခင် ကျော်က ထရပ်၏။

"လုပ်မနေပါနဲ့ ဥက္ကရာ. . .ပူစီကို အကြောင်းပြမနေစမ်းပါနဲ့၊ ဒီမှာ. . .နင် ငါနဲ့မတွေ့ရမှာ ပူမနေနဲ့၊ ငါလည်း နင်နဲ့မတွေ့ဘဲ မနေနိုင်ဘူးဟဲ့"

ရုတ်တရက်တော့ သူမ၏ပွင့်လင်းရဲတင်းမှုကို ကျွန်တော် အံ့ဩသွားပါ၏။ ကျွန်တော်တောင် ယောကျ်ားတစ်ယောက်ဖြစ်ပါလျက် ကျော့်လို ဝန်မခံရဲခဲ့ပေ။

စားပွဲပေါ်ရှိ ပူစီက ကျွန်တော်တို့ကို ကြည့်နေ၏။

နှစ်ယောက်သား မျက်ဝန်းချင်းဆုံတော့ ကျွန်တော်ကပဲ ဦးအောင်မျက်နှာလွှဲမိပြန်သည်။ ထိုစဉ် ကျော့်ဆီမှ မထင်မှတ်သော စကားကို ကြားလိုက်ရပါသည်။

"နင်က သတ္တိလည်းမရှိပါလား ဥက္ကာရယ်"

ဘာအစိပ္ပာယ်မှန်း ကျွန်တော်မသိသော်လည်း ခံစားမှုအရတော့ ဝမ်းနည်းသွားမိ၏။ ရင်ထဲမှာ သိပ်သည်းသော မျှော်လင့်ချက်တွေက အုံနှင့်ကျင်းနှင့် စုရုံးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘာကိုသတ္တိရှိရမှာလဲ။

သတ္တိဆိုတာ ဘာကိုခေါ်တာလဲ။

မေးလိုက်ချင်သော်လည်း တကယ်တမ်းတွင် ဘာမှမမေးဖြစ်လိုက်။

သို့သော်. . .အံ့ဩစရာကောင်းသည်မှာ ကျော်က ကျွန်တော့်ရင်ထဲမှခံစားချက်တွေကို ထိုခဏမှာပင် အကဲခတ်သွားနိုင်ခြင်းဖြစ်သည်။

အဝေးကြီးတွင် တိမ်တွေက အုပ်စုဖွဲ့နေကြ၏။ သစ်ရွက်တို့မှာ ငြိမ်သက်စွာရှိသည်။ ကျော်သည် ယုန်ကလေးကို သူမ လက်ညိုးဖြင့် ထိတို့၍ ကျီစပ်နေ၏။

ကျွန်တော်တို့နှစ်ဦးကြားတွင် အသံမဲ့သော ဘာသာစကားသည် အချစ်ဖြစ်နိုင်ပါသည်။

"ဥက္ကာ. . .ပူစီ အမွေးတွေကလေ၊အရင်တုန်းကလို ဖြူဆွတ်မနေတော့ဘူး. . .သိလား၊ နည်းနည်းအဝါဖက်ကို သမ်းသွားတယ်"

ကျွန်တော်က ပူစီကိုတစ်ချက်ပင်မကြည့်ဘဲ စားပွဲပေါ်က ကျော့်လက်ဖျားလေးတွေကို ဖမ်းဆုပ်လိုက်ပါသည်။ သူမကအံ့ဩစွာ မော့ကြည့်၏။

"ငါ နင့်ကို ချစ်တယ် မိကျော်"

ကျော်က မျက်နှာလွှဲကာ မကြားချင်ယောင်ဆောင်ပြီး ယုန်ကလေးအကြောင်း ဆက်ပြောဖို့ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်သွားတွေက ပိုထက်လာတယ်ဟ. . .မုန်လာနီကို ကိုက်လိုက်တာတွေ့လား"

"ကျော်. . နင် လျှောက်ပြောမနေနဲ့။ နင့်ကို ငါစောစောက ပြောတာ ကြားရဲ့လား"

အကြည့်ချင်းဆုံဖြစ်ကြပြန်သည်။ ကျွန်တော်ကိုင်ထားသော သူမ၏ လက်ကိုတော့မရုန်းပေ။

ရင်ထဲတွင်သွေးဆူနေတာမျိုးမဟုတ်ဘဲ တငြိမ့်ငြိမ့်နှင့်ရင်တွေ ခုန်နေ၏။ကျော်ကတခြားလှဲ့ချမရတော့သောအခါကျွန်တော့်မျက်နှာ ကိုစိုက်ကြည့်နေပြန်သည်။

သူမ ခံစားမှုကို ကျွန်တော် ကြိုးစား၍ ဘာသာပြန်ကြည့် တော့အချစ်ဟု အဓိပ္ပယ်ရလေသည်။

ထိုစဉ်. . .ကျော်သည် ကျွန်တော့်အား မထင်မှတ်သည့်စကား ကို ပြောသည်။

"နင်နဲ့ငါက ရည်းစားတွေဖြစ်သင့်ရဲ့လား၊ ဥက္ကာရယ်. . . သေချာပြန်စဉ်းစားကြည့်စမ်းပါဦး။ နင်ဖက်ကရော သေချာရဲ့လား"

"သိပ်သေချာတာပေါ့ မိကျော်ရာ"

"အပြောမကြီးစမ်းပါနဲ့ဟာ. . .အခု ဒီကိစ္စက နင် ငါ့ကို နှစ်သိမ့်ဖို့ကြိုးစားတာလည်း ဖြစ်နိုင်တယ်၊သံယောဇဉ်ကို အချစ်လို့ အထင်လွဲတာလည်း ဖြစ်နိုင်တယ်၊ ပြီးတော့. . .ငါ့ဖက်က နင့်ကို ဖျားယောင်းခဲ့သလို ဖြစ်မှာကိုလည်း ငါစိုးရိမ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး . . . မိကျော်"

သူမက လက်ကာပြရင်း ဆက်ပြော၏။

"ဘာပဲဖြစ်ဖြစ် ငါတို့နှစ်ယောက်စလုံး စဉ်းစားဖို့တော့ လိုတယ်၊ ဒီတော့ဟာ ငါတို့တွေ ဒီကျောင်းပိတ်ရက် နှစ်လအတွင်း လုံးဝမတွေ့ကြဘူး။ကျောင်းတွေ ပြန်ဖွင့်မှတွေ့ကြတာပေါ့၊အဲဒီတော့မှ ဒီအကြောင်းတွေ ဆက်ပြောကြမယ်လေ"

"နင့်ကို ငါချစ်တယ်"

"တော်ပြီ ... ဥက္ကာ၊ ငါသိပြီလေဟာ ... ထပ်မပြောနဲ့တော့"

ကျွန်တော်ရင်မောစွာ သက်ပြင်းချမိ၏။ ကျော်ဟာ ဉာဏ်ကို အသုံးချတတ်သော မိန်းမတစ်ယောက်ဟု အံ့သြစွာ ကျွန်တော်သိခွင့်ရသွားသည်။

"ကောင်းပြီ မိကျော် ... ကျောင်းတွေဖွင့်တဲ့နေ့ကျရင် နင် ငါ့ကို အဖြေပေးဖို့ မမေ့ပါနဲ့"

ပြောပြီး ကျွန်တော်က သူမကို ဦးအောင်ကျောခိုင်းလိုက်ပါသည်။ ကြည်နူးရိပ်သည် ကျွန်တော့်နောက်တွင် တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့သည်။ ယုန်ကလေး ပူစီကျန်ရစ်ခဲ့သည်။ ကောင်မလေးတစ်ယောက် ကျန်ရစ်ခဲ့သည်။

ပြီးတော့ . . .

ကျွန်တော် နှလုံးသားတွေလည်း ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၁၅)

ကျွန်တော့်တစ်ယောက်ထဲရှိသော ဒီဇင်ဘာကျောင်းပိတ်ရက်များသည် ကျော့်ကိုလွမ်းသောအလွမ်းတွေဖြစ်သည်။တစ်ချိန်တုန်းက သူမပေးထားသည့် ဓာတ်ပုံလေးကိုသာ ကျွန်တော် မကြာခဏ ထုတ်ကြည့်မိသည်။ ဓာတ်ပုံနောက်တွင် ရေးထားသည့် သူမလိပ်စာနှင့် ဖုန်းနံပါတ်ကိုတော့ ကျွန်တော် မဆက်သွယ်ဖြစ် ... ။

သူမကို သတိရတိုင်း ကျွန်တော်က ကြည်နူးရိပ်မှာ ပူစီကို သွားကြည့်တတ်သည်။ ကျွန်တော် ပထမဆုံး ပူစီကိုသွားကြည့်သော အခါ သူမသည် ပူစီကို နှစ်ခါတိတိ လာကြည့်သွားပြီးပြီဖြစ်ကြောင်း ကိုသိန်းကပြောပြလေသည်။

ဒါဆို ကျော်သည် ကျွန်တော်တို့နှစ်ယောက်၏ အမှတ်တရတွေကို မမေ့မလျော့သေးတာ သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



Sunn Beauty Salon ကို ကျွန်တော်ရောက်တော့လည်း မသက်က "အခုလေးပဲ ခင်မေကျော်ပြန်သွားတာ" ဟုပြော၏။

ဒီလိုနှင့်ပင် ကျွန်တော်တို့နှစ်ယောက်သည် ကိုယ့်နည်းကိုယ်ဟန်ဖြင့် သွားနေကျနေရာတွေကို ရောက်ဖြစ်ခဲ့ကြသည်။

တစ်ခါတွင်တော့ တနင်္ဂနွေမို့ မသက်ဆီမှာ ဖောက်သည်တွေတန်းစီနေကြသည်။ကျွန်တော်လည်း ရောက်လက်စနှင့်မထူးဘူးဆိုပြီး အားကစားဂျာနယ်တစ်စောင်ကို ဖတ်ကာ ရှေ့ကလူတွေကို ထိုင်စောင့်နေလိုက်သည်။

ကျွန်တော်အလှည့်ရောက်ခါနီးတွင် ကျော်က မမျှော်လင့်ဘဲရောက်လာလေသည်။ သူမလက်ထဲတွင် Ginvera ခေါင်းလျှော်ရည်ဗူးကို ကိုင်ထား၏။

ကျွန်တော်ကပဲ ပြုံးပြပြီး ဦးစွာ နှုတ်ဆက်လိုက်ပါသည်။

"ကျော် နင် ဘယ်က လှည့်လာတာလဲ။ ခေါင်းလာလျှော်တာလား"

"ဟုတ်တယ် နင်ရော"

"ငါလည်း ခေါင်းလာလျှော်တာပေါ့။ အခု ရှေ့က လူတွေကိုစောင့်နေတာလေ"

မသက်က ကျွနတော်တို့နှစ်ယောက်ကို ချိန်းထားကြသည် ထင်သွားပြီး လှမ်းနောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်မေကျော် . . . နင်က အရမ်းနောက်ကျတာကိုး၊ ဥက္ကာက စောင့်ရတာ လည်ပင်းရှည်နေပြီ"

ကျွန်တော်တို့နှစ်ယောက်အကြည့်ချင်းဆုံပြီး ပြုံးပြမိကြသည်။ မသက်ကိုတော့ ဘာမှ ပြန်ဖြေမရှင်းဖြစ်။

ကျော်သည် အခုလို ကျွန်တော်နှင့် မတော်တဆ တွေ့ဆုံရသည်ကို အံ့သြဝမ်းသာနေ၏။ ဒါပေမယ့် သူမက ထိုကိစ္စကို ကျွန်တော်သိသွားမှာလည်း စိုးရိမ်နေပြန်သည်။

ခဏကြာတော့ ကျွန်တော် ခေါင်းလျှော်ရန် အလှည့်သို့ရောက်လာ၏။ ကျော်သည် ပထမဆုံး ကျွန်တော်ခေါင်းလျှောက်စဉ်တုန်းက အတိုင်း ကျွန်တော့်ကို ဘေးမှ ထိုင်ကြည့်နေသည်။ ကျွန်တော်တို့နှစ်ယောက်ကြားတွင်ဒီအတွေ့အကြုံသည်မထူးဆန်းတော့သော်လည်း ကျွန်တော်က ရင်ခုန်နေဆဲဖြစ်သည်။

ကျွန်တော် ခေါင်းလျှော်ပြီးတော့ ကျော့်အလှည့် ...။ ကျွန်တော်ရှေ့တွင် မျက်စိမှိတ်ပြီးခေါင်းလျှော်ခံနေသော ကျော်သည် ဘာပဲဖြစ်ဖြစ် ကျွန်တော့်ထက်တော့ ဖြူစင်သူဖြစ်သည်။

မျက်စိမှိတ်ထားသော သူမ၏ မျက်ခွံဖောင်းဖောင်းလေးတွေကို ကျွန်တော်နမ်းချင်လာ၏။

သို့သော် ဆန္ဒက ဆန္ဒသာ ဖြစ်ပါသည်။

ကျော်က ခေါင်းလျှော်ပြီးသွားသောအခါ ကျွန်တော့်ကို ပြန်ဖို့အချက်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ကျော်ဟာ ငါနဲ့အတူ အိမ်ပြန်ဦးမှာပေါ့။

ထိုအတွေးကြောင့် ကျွန်တော်က အစစ အရာရာအတွက် သတ္တိတွေ ရှိလာလေသည်။

သူမက ကျွန်တော့်ကို ယခင်တုန်းကလိုပင် ကားဖြင့် အိမ်သို့ ပြန်ပို့ပေးသည်။ ထုံးစံအတိုင်း သူမ၏ ကားပေါ်မှာ U2 အဖွဲ့၏ သီချင်းသံတွေကဆူညံလျက်ရှိသည်။ ကျော်သည်ကားမောင်းပိုကြမ်း လာသည်ဟု ကျွန်တော်ထင်မိသည်။

သီချင်းသံစဉ်နှင့်လိုက်အောင် ကားက မြန်နှုန်းမြင့်လာသည်။

"မိကျော် . . . ကားကို ဖြေးဖြေးမောင်းစမ်းကွာ"

ကျွန်တော်က သတိပေးတော့ ကျော် ရယ်လျက် နှုတ်ခမ်းကို မဲ့သည်။ ပြီးတော့ ကျွန်တော့်ကို ခနဲ့လေသည်။

"ဘာလဲ နင်က ကြောက်လို့လား"

ကျွန်တော်က ဘာမှ ပြန်မပြောတော့ဘဲ ခေါင်းကိုသာ ရမ်းမိသည်။ ထိုအခါ သူမသည် ကျွန်တော်အပြုအမူကို သရော်သလို ပြုံးပြန်သည်။

ကားသည် တဖြည်းဖြည်း အိမ်နှင့် နီးလာပြီ။ နောက် . . . မပြောမဆိုနှင့်သူမက ကားကို တက္ကသိုလ်ရိပ်သာလမ်းရှိတက္ကသိုလ် စာတိုက်ဝင်းထဲသို့ ကွေ့ဝင်လိုက်သည်။ မြကျွန်းညို ဆိုသည့် ဆိုင် တစ်ဆိုင်ရှေ့တွင် ကားက ရပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"လာ ... ဥက္ကာ ... ငါတို့စကားပြောရင်း လက်ဖက်ရည်သောက်ရအောင်"

ကျော့်မျက်လုံးတွေမှာ ပြောစရာစကားတွေရှိမှန်း ကျွန်တော်ရိပ်မိသွားပါသည်။

မြကျွန်းညိုသည် လူခြေတိတ်ဆိတ်လျက်ရှိသည်။ ညနေခင်းကောင်းကင်ထဲ၌ ငှက်များက ပျံဝဲနေကြ၏။ ခေါင်းလျှော်ပြီးစမို့ကျွန်တော်တို့၏ ဆံပင်များ လှပစွာ လေထဲလွင့်နေသည်။

လက်ဖက်ရည်တစ်ခွက်စီမှာပြီးသည်အထိကျော်က ကျွန်တော့်ကို ဘာမှမပြောသေးပေ။ ကျွန်တော်ကလည်း ဆေးလိပ်တွေကို တစ်လိပ်ပြီးတစ်လိပ် ဖွာနေမိသည်။ သူမက ဟိုဟိုသည်သည် လွင့်သွားသော စီးကရက်မီးခိုးငွေ့တွေကို ငေးကြည့်နေ၏။

ကျွန်တော်သည် ကျော်နှင့် ပထမဆုံး စတွေ့ပုံကို ပြန်တွေးကြည့်ရင်း ရင်တွေအခုန်မြန်လာသည်။ မျက်လုံးချင်းဆုံမိသောအခါကျော်က ခပ်ဖွဖွ ပြုံးပြပါသည်။

"ကျော်...နင် ငါ့ကို စကားပြောစရာရှိလို့လားဟင်"

"အင်း ...ရှိတယ်"

"ပြောစရာရှိရင် ပြောလေဟာ"

ထိုအခါ သူမက အနည်းငယ် စဉ်းစားပါသည်။ အမြဲမဟုတ်သော ဖြစ်နိုင်ချေများတွင် ကျွန်တော်က သူမ၏ စဉ်းစားဉာဏ်ကို သံသယရှိ၏။ ကျော်က အဝေးကြီးကို ငေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောမယ်နော် ဉက္ကာ"

ကျွန်တော်ကခေါင်းညိတ်ပြ၏။

"ငါအချစ်ဆိုတာကို သေချာနားမလည်ဘူးဟ၊ ဒီတော့ဟာ နင့်ငါ့ကိုချစ်တယ်ဆိုတဲ့ကိစ္စကို ငါ စဉ်စားလို့မရဘူးဖြစ်နေတယ်၊ ဒါပေမယ့် နင့်ကို အဖြေပေးရမယ့်ရက်က ကျောင်းတွေပြန်ဖွင့်မှဆို တော့ တစ်လလောက်လိုသေးတယ်"

သူမ၏ စကားအစပျိုးပုံကို ကျွန်တော် စိတ်မရှည်ဖြစ်လာ သည်။

"မိကျော်"

သူမက ကျွန်တော့်ကို လက်ကာပြ၏။

"ဆိုလိုတာကဟာ အဲဒီနေ့ကို ရောက်တဲ့အထိ ငါ နင့်ကို အဖြေပေးဖို့ အဆင်သင့်မဖြစ်သေးဘူးဆိုရင် နင့် ငါ့ကို နားလည်ပေး ပါ....ဖြစ်တယ်မဟုတ်လား ဉက္ကာ"

ကျွန်တော့်ရင်ထဲတွင် စိုးရိမ်စိတ်များက ရေလှိုင်းတွေလို တလိပ်လိပ်နှင့် ပြင်းထန်ကြီးထွားလာကြ၏။ကျော်သည် ခံစားမှုကို ကြိုတင်အကာအကွယ်ယူထားနှင့်ပြီ။

ကျော် ဘာလုပ်ချင်သည်ကို ကျွန်တော် သဘောပေါက်သွား ပြီ သူမ၏ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်အား ကျွန်တော် သဘောတူ လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ကျော် ... ငါ အားလုံးကို နားလည်ပါတယ်၊ နင့်ဆုံးဖြတ်ချက်ကိုလည်း ဘာပဲဖြစ်ဖြစ် ငါ ကျေနပ်မှာပါ"

ကျော်က လှပစွာပြုံးလေသည်။

မြကျွန်းညိုနှင့် အနီးတဝိုက်သည်ခြောက်သွေ့သောအခိုးအငွေ့များဖြင့် ဒဏ္ဍာရီဆန်နေ၏။ ဆောင်းဥတု၏ ညနေခင်းမှာ အေးစက်လာသည်။ ငှက်တချို့က မြောက်အရပ်ဆီသို့ ပျံသန်းသွားကြသည်။

ကျော်က နောက်ဆုံးလက်ကျန်လက်ဖက်ရည်ကို မော့ချလိုက်သည်။

"ဥက္ကာ ... ကျောင်းတွေပြန်ဖွင့်တဲ့နေ့ကျရင် ငါတို့ သမိုင်းဆောင်ကို မနက်စောစောလာခဲ့ ... သိလား"

ကျွန်တော် ပါးစပ်မှ ပြန်မပြောဘဲ ခေါင်းညိတ်ပြမိ၏။

"ဒါဆို တလေ ဥက္ကာ ... ငါတို့ပြန်ကြမယ်"

"ရတယ်ကျော် ... ငါနေခဲ့မယ်၊ ဒီနေရာလေးမှာ ငါထိုင်နေချင်သေးတယ်"

"ဒါဆိုလည်း ငါပြန်မယ်နော်"

ပြောပြီး ကျော်က ထိုင်ရာမှ ထသည်။နောက် ... ဆိုင်ရှေ့က ကားပေါ်သို့တက်သွားသည်။ သွားခါနီး ကျွန်တော်ဖက်ကို တစ်ချက်လှမ်းကြည့်ကာ ကားကိုမောင်းထွက်သွားတော့သည်။

သူမ၏ ကားသည် တက္ကသိုလ်စာတိုက်ဝင်းအပြင်သို့ အရှိန်နှင့် ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရင်ထဲ ဘာကို ဝမ်းနည်းရမှန်းမသိဘဲ ဝမ်းနည်းလာသည်။ကျော့်ကို ဆုံးရှုံးရတော့မည်ဟု တွေးကြည့်မိတော့ နှလုံးသားသည် တစစ်စစ် နာကျင်လာပြီ ခံနိုင်ရည် မရှိပေ။ လက်ဖက်ရည်ခွက်ကို ငုံ့ကြည့်လိုက်တော့ လက်ဖက်ရည်က ကုန်နေပြီ။

နောက်ထပ် ကျစိမ့်တစ်ခွက်ထပ်မှာလိုက်သည်။ဆောင်းရာသီမို့ နေဝင်ချိန်သည် စောပါသည်။ ကျွန်တော်က ဆောင်း၏နေဝင်ချိန်ကို စီးကရက်ဖွာရင်း အရသာခံနေလိုက်သည်။

လန်ဒန်ငါးပွဲနှင့် ကျစိမ့်သုံးခွက်ကို သောက်ပြီးသောအခါ အချိန်သည်ခြောက်နာရီကျော်သွားပြီ။ထိုအချိန်ကျမှကျွန်တော်လည်း ထိုင်ရာမှထပြီး လှည်းတန်းဖက်ကို လမ်းလျှောက်လာခဲ့၏။

မြင်ရသောအရာရာသည် ကျွန်တော့် အဆုံးအရှုံးတွေကို လှောင်ပြောင်နေကြသည်ဟု ထင်မိ၏။ လှည်းတန်းကနေအိမ်ကို ဘတ်စ်ကားစီးပြီး ပြန်ရောက်လာခဲ့သည်။

ကျွန်တော်စိတ်ထဲတွင် မှုန်ရီအုံ့ပျနေ၏။ အခန်းပြတင်းပေါက်ကို ဖွင့်လိုက်ပြီး ကြယ်တွေကို ငေးကြည့်နေမိသည်။ ရန်ကုန်ဆောင်းသည် တစ်စထက်တစ်စ အအေးဓာတ်များကိုသယ်ဆောင်လာသည်။

အမေက အခန်းတံခါးဝမှ ခန်းစီးကို လှပ်ကြည့်ပြီး ပြတင်းပေါက်မပိတ်ထားသောကြောင့် အော်ဆူသွား၏။ ကျွန်တော့်ကအမေ့စကားကိုမသိကျိုးကျွံပြုကာကြယ်တွေကိုဆက်ကြည့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ကြယ်တွေကြားတွင် ကျော် ရှိနေလိမ့်မည်ဟု ယုံကြည်သောသောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၁၆)

ကျောင်းတွေပြန်ဖွင့်တော့မည်၊၊ဒီနေ့အောင်စာရင်းတွေထွက်သောကြောင့် ကျောင်းထဲတွင် လူတွေရှုပ်ယှက်ခတ်နေ၏။သက်ဦး၊ ဝေမင်းအောင်၊ ကျော်စွာ၊ လှမြတ်ဟန်၊ ငြိမ်းငြိမ်း၊ စသဖြင့် လူစုံနေကြသည်။

ကျောင်းသားရေးရာအဆောက်အဦးသည်လူအရှုပ်ဆုံးဖြစ်သည်။ကျွန်တော်တို့အဖွဲ့တွင် ရိုးလ်ဝမ်းဖြစ်သော ငြိမ်းငြိမ်းကသမိုင်းဆပ်ပလီထိသဖြင့် အားလုံးက အံ့သြနေကြသည်။

ဘာပဲဖြစ်ဖြစ် ရှေ့အပတ်ဆို ကျောင်းတွေပြန်ဖွင့်တော့မှာမို့ အားလုံးက ပျော်ရွှင်နေကြသည်။အောင်စာရင်း ကြည့်ပြီးသွားတော့ထုံးစံအတိုင်း ဖထီးဆိုင်မှာ လူစုမိကြ၏။ကျွန်တော်က လူတွေကြားထဲ၌ ကျော့်ကို မသိမသာ ရှာကြည့်သေးသော်လည်း မတွေ့။

www.burmeseclassic.com

www.burmeseclassic.com



ပူစီရှိသော ကြည်နူးရိပ်ကို သွားဖို့ပြန်တော့လည်း သူငယ်ချင်းတွေကို ထားခဲ့ရမှာအားနာသဖြင့် မသွားဖြစ်ပေ။

မိကျော်ရယ်

အခုဆို နင် ဘယ်များရောက်နေပါလိမ့်။

အောင်စာရင်းတွေထွက်တာကိုရော နင် သိရဲ့လား။

ကျော့်ကို မတွေ့သဖြင့် မျက်နှာပျက်နေသော ကျွန်တော်ကို ပထမဆုံး သတိပြုမိသူက လှမြတ်ဟန်ဖြစ်နေသည်။

"ဟဲ့ ... ဥက္ကာ ... နင်ငေါင်လှချည်လား၊ ဘာလဲ ... ခင်မေကျော်ကို မတွေ့ရလို့လား"

လှမြတ်ဟန်က နောက်လိုက်တာဖြစ်သော်လည်း တကယ်ဟုတ်နေသဖြင့်ကျွန်တော်ကကိုယ့်ကိုယ်ကို မလုံခြုံဘဲဖြစ်သွားသည်။ ထိုအခါ ကျန်သူငယ်ချင်းတွေကပါ ရိပ်မိသွားပြီ ကျွန်တော့်ကို ဝိုင်းနောက်ကြတော့သည်။ လှမြတ်ဟန်က သူ့ပင်ကိုယ်စတိုင်အတိုင်း နေကြာစေ့တွေ တစ်ထုပ်ပြီးတစ်ထုပ် စားနေ၏။သူတို့အဖွဲ့၏ရယ်သံတွေက လေးလံနေသော ကျွန်တော့်စိတ်များကိုပေါ့ပါးလာစေသည်။

ဒီအဖွဲ့တွင် ထူးခြားမှုတစ်ခုအဖြစ် ငြိမ်ငြိမ်နှင့်ဝေမင်းအောင်က ရည်းစားတွေဖြစ်နေလေသည်။ဒါကြောင့် ဒီနေ့ ဖထီးဆိုင်မှာ စားသောက်သမျှကို ဝေမင်းအောင်က ရှင်းမည်ဖြစ်သည်။

ငြိမ်းငြိမ်းကို လှမြတ်ဟန်က စစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်းငြိမ်း ... နင် ဝေမင်းအောင်ကို ဘယ်တုန်းက အဖြေပြန်ပေးလိုက်တာလဲ၊ မှန်မှန်ပြောစမ်း"

ငြိမ်းငြိမ်းက ရယ်လျက်ဖြေသည်။

"စာမေးပွဲနောက်ဆုံးနေ့ကဟ"

"ဟာ ... ကြာပဲကြာလှပြီ၊ ငါ့ကို ဒိုင်လျှိုလုပ်ထားပေါ့လေ၊ နင်နော်... ငြိမ်းငြိမ်း ...ဒီကစ္စကျေကို မကျေနပ်ဘူး"

ငြိမ်းငြိမ်းကသူ့အခင်ဆုံးသူငယ်ချင်းဖြစ်သောလှမြတ်ဟန်ကို တောင်းပန်းနေ၏။

"စိတ်မဆိုးပါနဲ့ဟယ် ... လှမြတ်ကလည်း ... ငါက နင့်ကို ပြောပြမလို့ပါဟဲ့"

"လုပ်မနေနဲ့ ... သစ္စာဖောက်မ"

"ဒါဖြင့် ငါ နင်ကျေနပ်အောင် ဘယ်လိုလုပ်ပေးရမလဲဟင် လှမြတ်"

ထိုအခါ လှမြတ်ဟန်က အနည်းငယ်စဉ်းစား၏။

"တကယ်ပြောတာလား"

"အင်းပေါ့ ... တကယ်ပေါ့ လှမြတ်ရဲ့"

"ဒါဆို ... ငါ့ကို ကောင်လေးချောချောလေးတစ်ယောက်နဲ့ အောင်သွယ်ပေး"

လှမြတ်ဟန်ကငြိမ်းငြိမ်းကိုဘာကြောင့်စိတ်ဆိုးသလဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အခုအားလုံးသဘောပေါက်သွားကြပြီး တဝါးဝါးနှင့် အော်ရယ်ကြ၏။ ကျော်စွာကလည်း ဝင်နောက်သည်။

“လှမြတ်ဟန် ... ဒီကောင် သက်ဦး မချောဘူးလား”

လှမြတ်ဟန်က နှာခေါင်းရှုံ့ပြသည်။လှမြတ်ဟန်၏ထိုအမူအရာကြောင့် ပို၍ ရယ်စရာဖြစ်သွားသည်။ သက်ဦးက ...

“အခုလို သဘောထားလေးတွေ သိရတာ ကျေးဇူးတင်ပါတယ်၊ ဟူး ... တော်ပါသေးရဲ့” ဟု လက်ဝါးဖြင့် ရင်ဘတ်ကို ဖိရင်းပြော၏။ အားလုံးထပ်၍ ရယ်ကြရပြန်သည်။

ထိုစဉ်...တိတ်ဆိတ်သောရနံ့တစ်မျိုးကကျွန်တော့်ခန္ဓာကိုယ်ပေါ် လွှမ်းခြုံကျလာသည်။ ဆောင်ရာသီးသစ်တော်သီးတွေက ရင်ထဲမှာ ခုန်ပေါက်နေကြသည်။

မိကျော်...။

ရယ်သံတွေ တိတ်ဆိတ်သွားသည်။

ဖထီးဆိုင်ရှေ့တွင်ကားတစ်စီးထိုးရပ်လာပြီးကားပေါ်မှကျော်နှင့် ကောင်လေးတစ်ယောက်ကဆင်းလာသည်။ ထိုကောင်လေးက ကျွန်တော်တို့ထက် နည်းနည်းကြီးပုံရသည်။

ပြုံးလို့ ရွှင်လို့၊ ရယ်လို့ မောလို့။

ကျော်က ကျွန်တော်တို့ဝိုင်းမှာ လာမထိုင်ဘဲ ထိုဧည့်သည်ကောင်လေးနှင့်သပ်သပ်တစ်ဝိုင်ထိုင်သည်။လှမြတ်ဟန်နှင့်ငြိမ်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



တို့ကို လက်ပြနှုတ်ဆက်သွားသော်လည်း ကျန်တဲ့လူတွေကို လုံးဝ မနှုတ်ဆက်။

ပို၍သေချာသည်ကကျွန်တော်ကို လုံးဝအသိအမှတ်ပြုနှုတ်ဆက်ခြင်းမရှိပေ။

အားလုံးက ကျွန်တော်ကိုသာ ကျော့်ကိုယ်စား အားနာသလို ဝိုင်းကြည့်နေကြသည်။ ကျွန်တော်က ကိုယ့်ကိုယ်ကို သွေးအေးဖို့ ငြိမ်သက်ဖို့ မနည်းဆုံးမနေရ၏။

ထိုနေရာမှ မထွက်သွားမိအောင် သတိထားနေရသည်။

မိကျော့်ရယ် ...

ငါတို့နှစ်ယောက်က အချိန်မတိုင်ခင်ဝေးခဲ့ကြပြီလား။

သူငယ်ချင်းတွေက အလိုက်သိစွာ ဖထီးဆိုင်မှထဖို့ပြင်ဆင်ကြသည်။ကျွန်တော်လည်းအသိမဲ့စွာသူတို့အဖွဲ့နှင့်လိုက်ပါလာခဲ့၏။ ကျွန်တော် နောင်တရနေသလား၊ ဟင့်အင်း .. မဟုတ်ပါ။ကျွန်တော် နောင်တမရတာ သိပ်သေချာပါတယ်။

နောင်တဆိုသည်မှာ မိမိအသိဉာဏ်ကို စိမ်ခေါ်မှုတစ်ရပ်ဟု ကျွန်တော် ထင်ပါသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာ (၁၇)

ကျောင်းတွေပြန်ဖွင့်ပြီ။

ဆောင်း၏ရှက်ကြွေများကြားတွင်ကျွန်တော်တစ်ယောက်ထဲ ငြိမ်သက်နေမိ၏။နာရီကို ကြည့်လိုက်တော့ ရှစ်နာရီခွဲသာ ရှိသေး၏ ကျွန်တော်က ကျောင်းကားပေါ်မှ ဆင်းဆင်းချင်းသမိုင်းဆောင်ဖက် သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

မြူတွေကြောင့် တစ်နေရာကနေ တစ်နေရာ သဲသဲကွဲကွဲမရှိ ချေ။ဆောင်း၏ အခိုးအငွေ့များကြားမှာ ရပ်ရင်းသမိုင်းဆောင်ကြီး ကို ကျွန်တော်ကြည့်မိ၏။

ကျော့်စကားသံတွေက နားထဲကို ရောက်လာသည်။

"ဥက္ကာ .. ကျောင်းတွေပြန်ဖွင့်တဲ့နေ့ကျရင် ငါတို့ သမိုင်း ဆောင်ကို မနက်စောစောလာခဲ့ ... သိလား"

ကျွန်တော်မျက်လုံးတွေ စုံမှိတ်ပစ်လိုက်မိ၏။ထိုအခါကျော့

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကောင်လေးတစ်ယောက်၏တွဲလျက် ပုံကို မြင်ယောင်လာပြန်သည်။ ကျွန်တော် နှုတ်ခမ်းတွေကိုမဲ့လိုက်၏။စိတ်ထဲတွင် ခံပြင်းမှုသည် ကာလကြာရှည်သော်လည်း မာနဖြစ်မလာသောကြောင့် ထူးဆန်းနေမိသည်။

ကျွန်တော်ခြေလှမ်းတွေကို သမိုင်းဆောင်ထဲ မဝင်မိစေရန် စိတ်ကို တင်းထားလိုက်ပါသည်။

ပူဆွေးမှုကို ထားဆီးမရသောအခါ ကျွန်တော်ပြုံးလိုက်မိသည်။ပင်လယ်ကဗွီးပင်တွေက ဆောင်း၏ မှုန်ဝါးသော မြူနှင်းတွေကြားတွင် တစ်မျိုးကြည့်၍ကောင်းနေ၏။

သမိုင်းဆောင်ထဲကို မဝင်ဘူးဟု စိတ်ထဲကတေးထားသော်လည်း ကျွန်တော့်ခြေလှမ်တွေက တရွေ့ရွေ့နှင့် သမိုင်းဆောင်ဆီသို့ သွားနေမိသည်။ဆောင်းဥတု၏ အအေးဓာတ်နှင့်အတူ အရာရာသည် တိတ်ဆိတ်သေဝပ်စွာရှိ၏။အလင်းတို့မှာငြိမ်သက်နေပြီး အနာဂတ်သည် မှုန်းဆ၍ ခက်ခဲနေသည်။

ကျွန်တော်ခြေလှမ်းတွေက သမိုင်းဆောင်နှင့် တဖြေးဖြေးနီးကပ်လာ၏။ ခံစားမှုသည် ဘာမှန်းမသိဘဲ တစ်ခုခုကို ရင်ခုန်ချင်လာမိသည်။

ငါ့ကို ကျော် ရက်စက်မှာမဟုတ်ဘူးဟု တွေးမိသည့်တိုင် ဟိုတစ်နေ့က အဖြစ်အပျက်သည် ကျွန်တော့်ခေါင်းထဲမှ ထုတ်ပစ်၍ မရဘဲရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သမိုင်းဆောင်ထဲသို့ လှမ်းဝင်လိုက်သည်။ ဘာကြောင့်မှန်းမသိဘဲ ရင်တွေခုန်လာလေသည်။

ဒီအဆောင်သို့ ပထမဆုံးစရောက်ဖူးသည့်ကောင်လေးတစ်ယောက်ကဲ့သို့ ခံစားမှုက တစ်ထပ်တည်းဖြစ်သည်။လေတိုက်၍ လှုပ်ရမ်းသွားသော သစ်ရွက်တွေသည် ချစ်စရာကောင်းနေ၏။

သမိုင်းဆောင်နှင့်ဖလော်ဆော်ဖီဆောင်ထောင့်ချိုးရှိအပေါက်ဝလေးဆီကို ကျွန်တော် ရောက်လာသည်။

နှင်းမှုန်နှင်းစက်လေးတွေသည်နေရောင်ခြည်ကိုမျှော်လင့်နေဟန်တူပါသည်။ကျွန်တော်ကတစ်ယောက်စ၊နှစ်ယောက်စ ရောက်လာသော ကျောင်းသူ၊ ကျောင်းသားတချို့ကို ငေးကြည့်နေမိသည်။

ထိုစဉ်

ဖက်ရွက်ကြီးတစ်ရွက်က ကျွန်တော်ရှေ့တည့်တည့်ကို ကျလာသည်။ဖက်ရွက်မှာ တို့ဟူးသုပ်တွေ ပေကျံနေ၏။ကျွန်တော်အံ့ဩနေစဉ်မှာနောက်ထပ်တစ်ရွက်ကကျွန်တော်ဘေးနားသို့ထပ်ကျလာသည်။

ပြီးတော့ နောက်ထပ်တစ်ရွက်။

သို့သော် တစ်ရွက်မှ ကျွန်တော့်ခေါင်းပေါ်မကျပေ။

ဖျတ်ခနဲအပေါ်သို့မော့ကြည့်လိုက်သောအခါကျော်ဆိုသည့် ကောင်မလေး၏ ချစ်စဖွယ် ပြောင်စပ်စပ်မျက်နှာလေးကို တွေ့ရလေသည်။ ကျွန်တော့်ရင်ထဲတွင် သံသယတွေ လွင့်စင်သွားပြီး ပြင်းထန်

www.burmeseclassic.com

www.burmeseclassic.com



စွာ လှုပ်ရှားရင်ခုန်လာ၏။ တစ်ခါတလေ အချစ်ဆိုတာ မမျော်လင့်သော အခြေအနေတစ်ရပ်သာ ဖြစ်ပါသည်။

ခဏကြာတော့ ကျော်က လှေကားမှ ပြေးဆင်းလာသည်။

"ဥက္ကာ"

သူမ၏ ခေါင်းသံမှာ ချိုသာသော သံစဉ်တွေဖြင့် ဖွဲ့စည်းထားသည်။ လေထုထဲတွင် ချစ်ခြင်း၏ ရနံ့များက တုန်ခါနေတော့သည်။

"ကျော် . . . နင်တော်တော်ဆိုးပါလား၊ငါ့ပေါ်ကိုတို့ဟူးသုပ်ဖက်ရွက်တွေ ပစ်ချရသလား။ မတော်လို့ ခေါင်းပေါ်ကို ကျသွားရင်ဘယ့်နှယ်လုပ်မလဲ။ ပြီးတော့ ဖက်ရွက်က သုံးရွက်တောင် အခုဟာက ကံကောင်းလို့"

ထိုအခါ သူမက ပါးစပ်ကိုလက်ဖဝါးဖြင့်ကာရင်းတခစ်ခစ်နှင့်ရယ်သည်။

"အေးနော် ဥက္ကာ၊ ငါက ဟိုတစ်ခါလိုဖြစ်အောင် ကြိုပြီးကြံစည်ထားတာဟ၊ဖက်ရွက်သုံးရွက်တောင်လုပ်ထားတာ၊ဒါပေမယ့်မရဘူး၊ ဟား ... ဟား ... ဟား"

ကျော့်မျက်နှာသည် ဘာမှချယ်သမထားဘဲ ရိုးစင်းစွာ လှပနေလေသည်။

"ကျော် ... နင်ဒီလိုလုပ်ဖို့ တော်တော်မှပင်ပန်းရဲ့လား၊ဘယ်အချိန်ကတည်းက ကျောင်းကိုရောက်နေတာလဲ"

"ငါရှစ်နာရီထဲက ရောက်နေတာဟ၊ နင့်ကို ဒီအပေါ်ကနေ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းနေတာ ... ပင်ပန်းတာကတော့ ပြောမနေနဲ့၊ငါ့မှာမနက်အစောကြီး ဒီဖက်ရှက်နဲ့ ရောင်းတဲ့ တိုးဟူးသုပ်သည်ကို မနည်းရှာရတယ်။ အရင်အသည်က မထွက်တော့ဘူးဟဲ့ သိလား။ အဲဒါ ဗဟန်းကနေ မြေနီကုန်းအထိ သွားဝယ်ထားရတာ။ ပြီးတော့လေ အဲဒီ တို့ဟူးသုပ်တွေက သုံးထုပ်တောင်ဆိုတော့ ငါ ဘယ်ကုန်မလဲ၊ အဲဒါ သွန်ပစ်ရသေးတယ်"

ကျော်ပြောပြနေသော ဒီနေ့မနက်အတွေ့အကြုံကိုကျွန်တော် စိတ်ပါလက်ပါ ရယ်မောမိသွားသည်။

"နင်ကလည်း ကျော်ရယ် . . . ဘာလို့ သုံးထုပ်တောင်ဝယ်တာလဲ၊ တစ်ထုပ်လောက်ဆို တော်သေးတယ်"

"မတော်တဆ လွဲသွားမှာ စိုးလို့ပေါ့ဟဲ့"

"အခုကျတော့ရော ငါ့ခေါင်းပေါ်ကျလို့လား"

"ဒါကတော့ နင်က ရှောင်တာကိုး"

"အံမယ် မရှောင်ပါဘူး။ သူ့ဟာသူ ဘေးမှာကျတဲ့ဥစ္စာ"

ထိုအခါကျော်သည်ကျွန်တော့်ကိုနှုတ်ခမ်းကိုက်ပြပါသည်။ ပြီးတော့ ကျွန်တော်တို့ပြိုင်တူ ရယ်မိကြ၏။

အလင်းစ မှုန်ပျပျကြားတွင် ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက်ကြည့်မိကြသည်။ နွေးထွေးသော ရယ်သံများအပြင် ရင်ခုန်သံတွေကလည်း ကျွန်တော်တို့နှစ်ဦးကြားမှာ ရှိနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဟန်ဆောင်တတ်သော မာယာများကို ထားရစ်ခဲ့ကြပြီ။

"ကျော်"

"ဘာလဲ"

"နင့်ကို ငါမေးရဦးမယ်၊ ဟိုတစ်နေ့ ဖထီးဆိုင်မှာ နင် ငါ့ကို ဘာလို့မခေါ်တာလဲ"

ကျော်က ကျွန်တော့်မေးခွန်းကြောင့် တဟားဟားအော်ရယ် ပြန်သည်။

"နင်က အဲဒါကို မကျေမနပ်ဖြစ်နေတာလား။ အဲဒီတုန်းက ငါ့ဘေးမှာ ကိုကို ပါလာတယ်လေဟာ။ နင်နဲ့ ကိုကို့ကို ငါက မဆုံပေးချင်ပါဘူး။ ကိုကို ရိပ်မိသွားရင် ငါမျက်နှာပူတယ်ဟ"

"ကျော် ဒါဆို နင်နဲ့ ငါနဲ့က ရည်းစားတွေ ဖြစ်နေပြီပေါ့ နော်"

"ဟင် နင်က မသိသေးဘူးလား"

"ဘယ်သိမှာလဲ၊ ဘယ်သူက ပြောလို့တုန်း"

"နင့်ကို ငါ ဒီနေ့ပေးရမယ့်အဖြေကို မနေ့က ပူစီကိုပြော ခဲ့တယ်။ နင်ပူစီဆီ မရောက်သေးဘူးလား"

အဲဒီစကားကြောင့် ကျွန်တော် ကျော့်ကို အကဲခတ်ကြည့်မိ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၏။ ကျော်က ပြုံးစေ့စေ့လုပ်နေသည်။ ကျွန်တော် သဘောပေါက်သွားပြီး သူ့နည်းနှင့် သူ့ကို အသုံးချဖို့ စဉ်းစားလိုက်ပါသည်။

"ဩော်...မေ့သွားလို့၊ ဆောရီး...ဆောရီး...၊ပူစီက ငါ့ကိုပြောလိုက်တယ်၊ နင်က ငါ့ကို ချစ်တယ်လို့မှာသွားတယ်တဲ့"

သူမမျက်နှာသည်ရဲသွားပြီး ကျွန်တော့်လက်မောင်းကိုလှမ်းရိုက်ပါသည်။ ကျွန်တော်က ကျော့်လက်ဖဝါးလေးတွေကို ဖမ်းယူထားလိုက်သည်။

"လျှောက်ပြောနေတယ်"

"တကယ်ပြောတာ"

ကျော်သည် ရှက်ရွံ့နေပြီး တပြိုင်ထဲမှာ ပျော်နေပြန်သည်။

"ဥက္ကာ . . . အစုပ်ပလုပ်ကောင်၊ လူလည်လေး"

သူမက ရုန်းကန်ငြင်းဆန်ဖို့ မကြိုးစားတော့ဘဲ ကျွန်တော့်ရင်ခွင်ထဲကို မှီချလိုက်သည်။ ကျွန်တော်က သူမ ဆံပင်တွေကို ခပ်ဖွဖွ ပွတ်သပ်နေမိ၏။

အချစ်သည် နူးညံ့သိမ်မွေ့မှုကို ဦးဆောင်လေသည်။

"မောင်"

"နင်က ငါ့ကို မောင်လို့ခေါ်တယ်ဟုတ်လား မိကျော်၊ ငါက နင့်ထက်ကြီးတယ်လေ"

"အာ...မရဘူး။ ငါကရည်းစားထားရင်မောင်လို့ပဲခေါ်မယ်လို့ ဟိုးငယ်ငယ်လေးထဲက စဉ်းစားထားတာ၊ မရဘူးမောင်ပဲ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် ဒီတစ်ခါလည်း ယုန်ကို ပူစီဟုနာမည်အတင်း ပေးစဉ်တုန်းကအတိုင်း ဖြစ်ပါသည်။

အကြည့်ချင်းဆုံတော့ နှစ်ယောက်သားရယ်မိကြပြန်သည်။

ကျွန်တော်ကဒီလိုမနက်ခင်းမျိုးတွင် ကျော်နှင့်ချစ်သူဖြစ်ရတာ ဝမ်းသာပါသည်။ နှင်းစက်တွေကိုလည်းကောင်း၊ အလင်းရောင်ကိုလည်းကောင်း၊ မေတ္တာတရားကိုလည်းကောင်း ကျေးဇူးတင်ပါသည်။

"မောင်"

သူမက ခပ်ချွဲချွဲခေါ်၏။

ကျွန်တော့်ကို မောင်ဟုခေါ်သော ကျော်ဆိုသည့်ကောင်မလေးသည် ကျွန်တော့်ထက် တစ်နှစ်ကျော် ငယ်သူဖြစ်သည်။

အခုတော့ သူမသည် ကျွန်တော့်ရင်ခွင်ထဲမှ မြူနှင်းတွေကို ချောင်းကြည့်နေလေသည်။ ။

ဝေမှူးသွင်

(၂၀၀၁)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com